ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ (6-4-2014) (၇၀၇)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးနေမှု ရှင်းလင်းပြောကြား

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ညနေပိုင်းတွင် ကျောက်ဆည်မြို့သို့ရောက်ရှိပြီး ဧည့်ရိပ်သာခန်းမ၌ ကျောက်ဆည်မြို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲ အခမ်းအနားသို့ ကျောက်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်မြို့နယ်၏ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးကဏ္ဍတွင် မြန်မာနိုင်ငံက အဆင့်မြင့်တာဝန်ယူဆောင်ရွက်နိုင်စွမ်းရှိမှုတို့ကို အထင်အရှားပြသနိုင်ခဲ့

နေပြည်တော် ဧပြီ ၅

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ မြန်မာနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**

အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ ဘရူနိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာဆီယံ+၃ မက်ခရိုစီးပွားရေးသုတေသနရုံး ညွှန်ကြားရေးမှူး၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး၊ ကမ္ဘာ့ဘဏ်မှ Chief Economist၊ အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေအပေါ် အမြင်ချင်းဖလှယ်ခြင်း၊ အာဆီယံ+၃ ဒေသ မက်ခရိုစီးပွားရေးသုတေသနရုံး၊ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာလုပ်ငန်းများကို စောင့်ကြပ်လေ့လာသုံးသပ်သောရုံးနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့နှင့် ပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အာဆီယံဘဏ္ဍာရေး ပေါင်းစည်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်အသီးသီးတို့၏ ၂၀၁၄-၂၀၁၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှု အခြေအနေများ၊ အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ အကောင်အထည်ဖော်မှု၊ အာဆီယံ ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးမှ တိုးတက်မှုအခြေအနေများ၊ အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုနှင့် **စာမျက်နှာ ၃ ကော်လံ ၃ သို့** ○

အစည်းအဝေးရလဒ်ကတော့ အာဆီယံအသိုက်အဝန်းမှာ ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေးကိစ္စတွေကို ပေါင်းစည်းဖို့ ခိုင်မာတဲ့ရလဒ်တွေရရှိ

နေပြည်တော် ဧပြီ ၅

(၁၈)ကြိမ်မြောက် ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပခဲ့သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

တွေ့ဆုံမေးမြန်း
ကျော်သဲအိမ်
ဓာတ်ပုံ - ကျော်ရဲဆွေ

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ရေထွက်ကုန်များ ပြည်ပဈေးကွက်သို့ လေကြောင်းလိုင်းဖြင့် တိုက်ရိုက်တင်ပို့နိုင်တော့မည်။

သတင်း ➤ စာမျက်နှာ - ၈

ကြေးမုံစာတည်းရှုထောင့် ၆-၄-၂၀၁၄၊ တနင်္ဂနွေနေ့

အပူဒဏ်ကာ သဘာဝတံတိုင်းများ

မိမိတို့နိုင်ငံသည် ပူပြင်းသောနွေရာသီ၏ ဧပြီလအတွင်းရောက်ရှိလာပါပြီ။ ယခုနှစ်နွေရာသီကား ဖြတ်သန်းလာခဲ့သမျှ နွေကာလများတွင် အပူဆုံးဟု ဆိုရပါမည်။ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြနေသော အပူချိန်ဒီဂရီစင်တီဂရိတ်တိုးလာနေမှုက ငြင်းမရသည့် အချက်အလက်ဖြစ်နေသည်။ နဂိုကတည်းက ပူပြင်းလွန်းသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မြို့ရွာများ၌ ယခုနှစ်တွင် ထူးကဲစွာ ခံစားလာနေကြရသည်။ မိမိတို့နိုင်ငံ၌ သစ်တော၊ ဝါးတော များနည်းပါး ပြုန်းတီးလာနေမှုကလည်း ဘူးလေးရာဖရုံဆင့်ဆိုသလို ရာသီဥတုဖောက်ပြန်နေမှုကိုထိန်းမနိုင်သိမ်းမရနှင့် တိုးပွားကာ ဆိုးကျိုးသက်ရောက်စေပါသည်။

"လောဘ၊ ဒေါသ၊ မောဟ" ဗုဒ္ဓဟောကြားအမိုက်တရားသုံးပါး။ ဤတရားများလွှမ်းခြုံဝါးမျိုခံထားရသူသည် မိမိကိုယ်တိုင်လည်း ပူလောင်နေရသလို ဝန်းကျင်ကိုလည်း လောင်မီးကျစေသည်။ မောဟအမှောင်လွှမ်း မသိမှုကြောင့် တချို့သိပါလျက် အသိခေါက်ခက် အဝင်နက်။ အတ္တရှေ့တန်းတင်လွန်းမှုကြောင့် လောဘ၊ဒေါသတရားများ တညီးညီးတပြောင်ပြောင်နှင့် လောင်ကျွမ်းနေကြသည်။

ယနေ့ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှု၏အစ ကာဗွန်လွန်ကဲထုတ်လွှတ်မှုကဟုဆိုသည်ကို လူတိုင်းသိထားကြပြီးဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်များကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကမ္ဘာ့ကာဗွန်လွန်ကဲလာမှုကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားနေကြသည်။ ကမ္ဘာ့စက်မှုနိုင်ငံကြီးများ၏ ကာဗွန် လျှော့ချပေးလာရေးကို ဝိုင်းဝန်းဖျောင်းဖျ မေတ္တာရပ်ခံကြသည်။ မရနိုင်သေးပါ။ အဓိကစက်မှုနိုင်ငံကြီးနှစ်ခုကကာဗွန်ထုတ်လွှတ်မှုအရှိန်ကို လျှော့ချမှုမပြုနိုင်ပေ။

အာရှနိုင်ငံကြီးတစ်ခုကဆိုလျှင် ကမ္ဘာကြီးပူနွေးလာမှုပြဿနာကို ချမ်းသာသော နိုင်ငံများက ဦးဆောင်ဖြေရှင်းရမည်ဖြစ်ကြောင်း "ထမင်းရည်ပူလာလျှာလွှဲ" ခံရင်း သူတို့နိုင်ငံအနေဖြင့် သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို စတေးမခံနိုင်ကြောင်း အတိအလင်းငြင်းပယ်ခဲ့သည်။ လတ်တလောအကျိုးဆက်မှာ ၎င်းတို့နိုင်ငံတွင်လည်း ကာဗွန်လွန်ကဲမှု အကျိုးဆက်ကို ဆိုးရွားစွာခံစားနေရသည်။ မြို့ကြီးများတွင် မြူဆိုင်းခြင်း၊ လေထုမသန့်ရှင်းခြင်း၊ နိုင်ငံအနှံ့နေရာဒေသများတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသည့် ရာသီဥတုကမောက်ကမဖြစ်သည့်ဒဏ်ကိုခံစားနေကြရသည်။

အာရှနိုင်ငံနည်းတူ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံကြီးတစ်ခုကလည်း ကာဗွန်လျှော့ချမှုကို လက်သင့်မခံ။ သူတို့၏ အကျိုးစီးပွားကို ထိခိုက်မခံဟုဆိုလာသည်။ သမ္မတကိုယ်တိုင် ဦးဆောင်၍ ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာ ဥပဒေတစ်ရပ်တင်သွင်းရန် ကြိုးပမ်းမှုကို ကွန်ဂရက်တွင် ပိတ်ဆို့မှုခံခဲ့ရသည်။ လွှတ်တော်အမတ်အများအပြားက ကမ္ဘာကြီးပူနွေးမှုနှင့်ပတ်သက်သည့် သိပ္ပံနည်းကျကိစ္စကို လက်မခံကြဘဲ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းက စီးပွားရေးတိုးတက်မှုကို အဟန့်အတားမဖြစ်စေသင့်ဟု ဆိုလာကြသည်။

အဓိက ကာဗွန်ဓာတ်လွန်ကဲထုတ်လွှတ်နေဆဲနိုင်ငံကြီးနှစ်နိုင်ငံ၏ လောဘလွန်ကဲစကား။ သုံးသပ်စစ်ဆေးမှုမရှိခဲ့သော ဖန်လုံအိမ်အာနိသင်ဖြစ်စေခဲ့သည့် ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့် ပဋိပက္ခများဖြစ်ပွားခြင်း၊ ရေကြီးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့် နေရပ်ရွှေ့ပြောင်းရခြင်းများ ယခုရာစုနှစ်အတွင်း ပိုမိုမြင့်တက်စေလိမ့်မည်ဟု ကုလသမဂ္ဂကျွမ်းကျင်ပညာရှင်များက ဟောကိန်းထုတ်လာသည်။

ကမ္ဘာကြီးပူနွေးမှုပမာဏ ကြီးမားလာသည်နှင့်အမျှ ပြင်းထန်သော၊ ရှောင်လွှဲ၍မရသော၊ ပြန်လည်ပြုပြင်၍ မရနိုင်သော ထိခိုက်ဆုံးရှုံးမှုများ ပိုမိုမြင့်တက်စေနိုင်သည်ဟု IPCC က သုံးသပ်ပြထားသည်။ IPCC ကပင် ၂၁၀၀ ပြည့်နှစ်သို့အရောက်တွင် ပင်လယ်ရေမျက်နှာပြင်သည်လည်း ၁၀ လက်မမှ ၃၂ လက်မအထိ မြင့်တက်လာနိုင်ကြောင်း ကြိုတင်သတိပေးထားသေးသည်။ ကမ္ဘာကြီးပူနွေးလာမှုဒဏ်ကို ကာဗွန်လွန်ကဲစွာ ထုတ်လွှတ်သူရော မထုတ်လွှတ်သူများပါ အားလုံး ခံစားလာကြရမည်ဖြစ်ရာ အဘယ်ကြောင့် ကာဗွန်ဓာတ်ငွေ့ကို မလျှော့ချနိုင်ကြပါသနည်း။ အဖြေပေးထားပြီးဖြစ်သည်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော၊ လူတို့၏ ကိုယ်ကျိုးစီးပွားကို စတေးမခံနိုင်ဟု အတိအလင်းကြေညာထားပြီးဖြစ်ရာ ပြောသမျှစကားသာ အဖတ်တင် လေကုန်ရုံပဲရှိလိမ့်မည်။

ကမ္ဘာကြီးအပူဒဏ်မှကာကွယ်နိုင်ရေး ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်မိသားစုအတိုင်းအတာနှင့် ကြိုးစားကြရတော့မည်။ ယနေ့လွန်ကဲသည့်ကာဗွန်ကို လျော့နည်းအောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သဘာဝတံတိုင်းကာရံပြီး ကာကွယ်ကြရတော့မည်။ မိမိတို့ လုပ်နိုင်သလောက် မိမိတို့အတွက် အကျိုးရှိမည်။ များများလုပ်နိုင်က ကာဗွန်ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်သည်အထိ အကျိုးခံစားကြရပါမည်။

"ကာဗွန်ကို ကာကွယ်တားဆီးနိုင်ဖို့ သဘာဝတံတိုင်းကာရံကြပါစို့" ဟု ဆော်ဩလိုက်ရပါသည်။ ထိုသဘာဝတံတိုင်းကို လူတိုင်းလုပ်နိုင်ကြပါသည်။ အားလုံးသိပြီးဖြစ်သည့် သစ်ပင်စိုက်ကာ ကာဗွန်ကိုကာကွယ်မှုပြုကြရပါမည်။ အိမ်၊ ကျောင်း၊ လမ်း၊ ရပ်ကွက်၊ မြို့ရွာ၊ တောတောင်ချိုင့်ဝှမ်းမကျန် ကွက်လပ်မချန်ဘဲ သစ်တောများဖြင့် စိမ်းစိမ်းစိုစိုရှိနေအောင် အားလုံးဝိုင်းဝန်းလုပ်ဆောင်နိုင်ပါမှ ကမ္ဘာသားတစ်စု၏ လောဘဒဏ်မှ လွတ်ကင်းချမ်းသာအန္တရာယ်ကင်းဘေးရှင်းလာလိမ့်မည်။ "လူတစ်ဦး သစ်တစ်ပင်"မှသည် "လူတစ်စု သစ်တောတစ်တော" ပြုစုပျိုးထောင်လျက် လွန်ကဲကာဗွန်ကို သဘာဝသစ်တောတံတိုင်းဖြင့် ကာရံပြီး ကာကွယ်ပေးသွားကြပါစို့။ ။

နည်းပညာနှင့် အသက်မွေးပညာကဏ္ဍ

တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ စည်းဝေး

နေပြည်တော် ဧပြီ ၅

နည်းပညာနှင့်အသက်မွေး ပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပညာရေးကဏ္ဍမြှင့်တင်ရေးအားပေးဆောင်ရွက်လျက်ရှိရာ နည်းပညာနှင့် အသက်မွေးပညာကဏ္ဍသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပြီး လက်ရှိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာ၌ လုပ်ငန်းကဏ္ဍအသီးသီးတွင် တတ်သိပညာရှင်များ၊စီမံခန့်ခွဲရေးပိုင်း အုပ်ချုပ်ရေးနားလည်ကျွမ်းကျင်သူများ၊ လယ်ယာ၊ သားငါး၊စက်မှု၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ငန်းအသီးသီးတွင် နည်းပညာတတ်ကျွမ်းသူများနှင့် ကျွမ်းကျင်လုပ်သားများ အများအပြားလိုအပ်သည့်အတွက် သက်မွေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလေးထားစီမံရန် လိုအပ်ကြောင်း။

ပြည်တွင်း ပြည်ပ အလုပ်ရှာဖွေလုပ်ကိုင်ကြသူများအတွက် ကျွမ်းကျင်မှုလက်မှတ်ရရှိရေးနှင့် ကျွမ်းကျင်မှုလက်မှတ်ရရှိပါက တရားဝင်လစာကောင်းသည့်အလုပ်အကိုင်များ ရရှိနိုင်သဖြင့် အလေးထားစီမံသွားရန် လိုကြောင်း။

ပညာရေးကဏ္ဍမြှင့်မားတိုးတက်ရေးအတွက် မူကြိုမှအစကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အသက်မွေး ပညာသင်တန်းများကို အဆင့်မြှင့်တင်တိုးချဲ့ဖွင့်လှစ်ရေး ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးလျက် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးချဲ့ဖန်တီးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နေရခြင်းမှာ မြန်မာနိုင်ငံလူဦးရေအနက် တစ်သန်းကျော်ခန့်သာ အစိုးရဌာနဝန်ထမ်းများဖြစ်ပြီး သန်း ၃၀ကျော်ခန့်မှာ ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဘွဲ့ရပြီးသူတိုင်းအတွက် အစိုးရဌာနတွင် လစ်လပ်နေရာစောင့်၍ လုပ်ကိုင်ရသည်ထက် ပြင်ပစီးပွားရေးလုပ်ငန်းများတွင်သာ ပိုမိုဝင်ရောက်လုပ်ကိုင်ကြရမည်ဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အားပေးမြှင့်တင်နေခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်း၍ အသက်မွေးပညာသင်တန်းများကို သင်တန်းနှင့်လုပ်ငန်းခွင် ဆက်စပ်လျက် ကျွမ်းကျင်အောင်သင်ကြားလေ့ကျင့်ပေးပြီး ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းအသီးသီးတွင် ကျွမ်းကျင်လက်မှတ်ဖြင့် အလုပ်ကောင်းကောင်း၊ လစာကောင်းကောင်းရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးမှုသာလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာနိုင်သကဲ့သို့ တိုင်းပြည်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ အသက်မွေးပညာသင်တန်းများကို ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး ခွဲခြား၍လည်းကောင်း၊ ကျွမ်းကျင်မှုစစ်ဆေး၍ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးရေးနှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

ရန်ကုန် ဧပြီ ၅

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် The Asia Foundation ၏ အစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ လေ့လာရေးခရီးအဖြစ် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော ဓမ္မာစရိယစာမေးပွဲကို နဝမနေ့အဖြစ်လည်းကောင်း၊ ပထမပြန်စာမေးပွဲကို တတိယနေ့အဖြစ်လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာနများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဓမ္မာစရိယစာမေးပွဲ (ပါဠိဂုဏ်ထူး)တွင် စာရင်းသွင်း သံဃာ၊ သီလရှင် ၂၆၂ ပါးအနက် အပါး ၁၃၀ ဖြေဆိုကြသဖြင့် ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် ပထမပြန်စာမေးပွဲတွင် စာရင်းသွင်း သံဃာ၊ သီလရှင် ၆၃၉၃၃ ပါးအနက် ၅၀၆၂၀ ပါး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၁၈ ရာခိုင်နှုန်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

အာဆီယံ + ၃ နိုင်ငံများ၏ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်အတွင်း ကျင်းပရန်ရှိသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအတွက် ပြင်ဆင်မှုဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးကဏ္ဍတွင် အာဆီယံဒေသမှ ပြည်သူအားလုံးပါဝင်ပြီး ငွေရေးကြေးရေးဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး၊ အနာဂတ်တွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ပူးတွဲအစည်းအဝေးကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီတွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပခဲ့သည့် G- 20 ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၏ ရလဒ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ အလုပ်သဘောနေ့လယ်စာစားပွဲကိုကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးပြီးနောက် ညနေ ၄ နာရီခွဲတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပရာ အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များ၊ အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပဆက်စပ်အဖွဲ့အစည်းများအကြား ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို အာဆီယံဘဏ္ဍာရေးဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အစည်းအဝေး၌ အပြုသဘောတိုးတက်ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အမေရိကန်အပါအဝင် နိုင်ငံတကာ စီးပွားရေးအသိုက်အဝန်းနှင့် ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုအခြေခံများကို တိုးမြှင့်တည်ဆောက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုအစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းဖြင့် အာဆီယံနိုင်ငံများအကြား ခိုင်မာသည့်ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်လာစေရေးတွင် ပိုမိုထိရောက်စွာ အထောက်အကူ ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်း ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှု၊ ယဉ်ကျေးမှု၊ အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးမှုနှင့် ဘဏ္ဍာရေးကဏ္ဍတွင် မြန်မာနိုင်ငံက အဆင့်မြင့်တာဝန်ယူဆောင်ရွက်နိုင်စွမ်းရှိမှုတို့ကို အထင်အရှားပြသနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

☆ **အစည်းအဝေးမှ**

အစည်းအဝေးအပြီးတွင် မြန်မာ့သတင်းစဉ်အဖွဲ့သည် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုများအပေါ် သိရှိလိုသည်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့မှ Deputy Managing Director ဖြစ်သူ NAOYUKI SHINOHARA တို့နှင့်တွေ့ဆုံ၍ မေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းအား မေးမြန်းခဲ့ရာ-

မေး ။ ။ ဒီအာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးရဲ့ outcome နဲ့ မြန်မာနိုင်ငံ အပေါ် အကျိုးသက်ရောက်နိုင်မှုကို သိပါရစေ။

ဖြေ ။ ။ အစည်းအဝေးက အရမ်းအောင်မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက်တဲ့သူတွေအားလုံးက တက်တက်ကြွကြွနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါတယ်။ ဒီအစည်းအဝေးက အာဆီယံဝန်ကြီးတွေရဲ့ နောက်ဆုံးအဆင့် အစည်းအဝေးဖြစ်ပါတယ်။ ရှေ့ပိုင်းမှာ ဒုတိယဝန်ကြီးတွေ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတွေ အစည်းအဝေးက လုပ်ထားပြီးသားရှိပါတယ်။ အဲဒီကနေပြီးတော့ ဆွေးနွေးချက်တွေ၊ ရလဒ်တွေကို ဒီမှာလာပြီး အတည်ပြုတာဖြစ်ပါတယ်။ အဲဒီအစည်းအဝေးက အာဆီယံအတွင်းမှာ bond market နဲ့ပတ်သက်ပြီးတော့ ဆုံးဖြတ်ချက်တွေ၊ capital market နဲ့ပတ်သက်တဲ့ လက်ရှိအခြေအနေ ဘယ်လိုရှိလဲဆိုတာတွေ၊ AEC ပေါ်လာရင် ဘယ်လိုလုပ်ကြမလဲဆိုတာတွေကို ဆုံးဖြတ်ကြမှာဖြစ်ပါတယ်။ ဆွေးနွေးဆုံးဖြတ်ရာမှာ အာဆီယံအစည်းအဝေးရဲ့သဘာဝက တစ်ခုခုကို ယတိပြတ်ဆုံးဖြတ်ဖို့က နည်းနည်းခက်ပါတယ်။ ဘာကြောင့်လဲဆိုရင် အာဆီယံ အစည်းအဝေးတွေက မဲစနစ်ကိုမသုံးပါဘူး။ မဲစနစ်မသုံးတဲ့အတွက်ကြောင့် ညှိနှိုင်းတာတွေ၊ ဆွေးနွေးတာတွေ လုပ်ရတဲ့အတွက် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချဖို့ ခက်ပါတယ်။ အဲလိုပဲဆုံးဖြတ်ချက်တွေကို တဖြည်းဖြည်းချရင်းနဲ့ပဲ နောက်ဆုံးတော့ ဖြစ်လာတဲ့သဘောရှိပါတယ်။ အစည်းအဝေးရလဒ်ကတော့ တစ်နည်းပြောရရင် အာဆီယံအသိုက်အဝန်းမှာ ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေးကိစ္စတွေကို ပေါင်းစည်းဖို့၊

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း မေးမြန်းမှုများကို ဖြေကြားစဉ်။

ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေးကိစ္စတွေမှာ အချင်းချင်းပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့ ခိုင်မာတဲ့ရလဒ်တွေ ရရှိလာပါတယ်။

မေး ။ ။ ဒီဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကနေ ရရှိမယ့်ရလဒ်တွေအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ဘာတွေဆက်လုပ်ဖို့ အစီအစဉ်ရှိပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့နိုင်ငံမှာအရင်ကတည်းက ဘဏ္ဍာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ခဲ့ပါတယ်။ လူသိများတဲ့ အချက်တစ်ခုက အာမခံကုမ္ပဏီတွေပါ။ အာမခံဈေးကွက်ကို လွတ်လပ်ခွင့်ပေးလိုက်တာပါ။ ၂၀၁၂ ခုနှစ်အထိ မြန်မာနိုင်ငံမှာ အာမခံကုမ္ပဏီတစ်ခုပဲ ရှိပါတယ်။ အဲဒါကလည်း နိုင်ငံပိုင်တဲ့ ကုမ္ပဏီပါ။ ၂၀၁၂-၂၀၁၃ ထဲလည်းရောက်ရော ပုဂ္ဂလိကပိုင်တဲ့

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ Deputy Managing Director NAOYUKI SHINOHARA ဖြေကြားစဉ်။

အာမခံကုမ္ပဏီ ၁၂ ခုကို လုပ်ပိုင်ခွင့်ပေးနိုင်သွားပါတယ်။ ဒါက ထင်သာမြင်သာတဲ့လုပ်ဆောင်ချက်တစ်ခုပါ။ အဲလိုပဲ ငွေကြေးလဲလှယ်တဲ့အခါ အစိုးရကသတ်မှတ်တဲ့ ဈေးနဲ့ မှောင်ခိုသတ်မှတ်တဲ့ဈေး နှစ်မျိုးရှိရာကနေပြီး အဲဒါကို ပေါင်းစည်းပြီးတော့ တစ်မျိုးတည်းလုပ်နိုင်ခဲ့တဲ့ ကိစ္စကလည်း ထင်သာမြင်သာရှိပါတယ်။

ဒီအစည်းအဝေးကနေ ချမှတ်ခဲ့တဲ့ ကိစ္စတွေဟာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ ကိစ္စတွေထက် အာဆီယံရပ်ဝန်းကြီးတစ်ခုလုံးနဲ့ဆိုင်တဲ့ ကိစ္စတွေကများပါတယ်။ နိုင်ငံတစ်နိုင်ငံချင်းကတော့ ကိုယ့်ရဲ့အချိန်ဇယားနဲ့၊ ကိုယ့်ရဲ့ အစီအစဉ်နဲ့၊ ကိုယ့်ရဲ့ strategy နဲ့ လုပ်နေကြပါတယ်။ ဒါပေမယ့်လည်း ဒီမှာချမှတ်လိုက်တဲ့အပေါ် မူတည်ပြီး ကိုယ့်ရဲ့ strategy ကို ပြုပြင်ပြောင်းလဲတာတို့၊ လိုအပ်ရင် လိုအပ်သလို ချုံ့မယ်၊ ချဲ့မယ်ဆိုတာမျိုးတွေ လုပ်လို့ရသွားပါတယ်။

မေး။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုမှာ တော်တော်များများ ပြောင်းလဲနိုင်ပြီလို့ သိရပါတယ်။ အဲဒီအပေါ်မှာ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လောက်အတိုင်းအတာအထိ ပြောင်းလဲနိုင်ပြီလဲလို့ ထင်ပါသလဲ။

ဖြေ ။ ။ ရာခိုင်နှုန်းအနေနဲ့ ၅၀၊ ၆၀ ရာခိုင်နှုန်းခန့် ပြုပြင်ပြောင်းလဲပြီးသွားတဲ့ အထဲမှာပါပါတယ်။ ဒါပေမယ့် နောက်လုပ်ရမယ့် ကိစ္စတွေကျန်ပါတယ်။ အသစ်တွေ ကျန်ပါသေးတယ်။ ဥပမာအားဖြင့် - stock exchange လိုဟာမျိုးတွေ မြန်မာပြည်မှာ တစ်ခါမှမလုပ်ဖူးတာ လုပ်ပေးဖို့ ရှိပါတယ်။ အာမခံအပိုင်းမှာလည်း ကျန်းမာရေးအာမခံတို့၊ ဘာတို့လုပ်ဖို့ရှိပါတယ်။ ထို့အတူ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနဲ့ ပတ်သက်တဲ့ အပိုင်းတွေမှာလည်း ငွေတိုက်ဌာန သီးသန့်ခွဲထောင်ဖို့၊ ငွေရေးကြေးရေး အဖွဲ့အစည်းတွေကို အုပ်ချုပ်မယ့် သီးသန့်ဌာနကြီး တည်ထောင်ဖို့ ကျန်ပါသေးတယ်။ ပုဂ္ဂလိကစီးပွားရေးသမားတွေအတွက်ကို ငွေရေးကြေးရေးပံ့ပိုးပေးနိုင်မယ့် ယန္တရားတည်ထောင်ဖို့ ကျန်သေးတယ်။ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းတွေအတွက် အာမခံပေးနိုင်မှုတွေနဲ့ သူတို့ရဲ့ ငွေရေးကြေးရေးကိစ္စ ဒါတွေလည်း ကျန်ပါသေးတယ်။

ပြီးနောက် မြန်မာ့သတင်းစဉ်အဖွဲ့သည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ Deputy Managing Director ဖြစ်သူ NAOYUKI SHINOHARA ကို ဆက်လက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့အား နိုင်ငံတကာနှင့်ပတ်သက်ပြီး ငွေကြေးအခက်အခဲကို ကိုင်တွယ်ရာမှာ ဘယ်လိုအခန်းကဏ္ဍမှာ ပါဝင်ပါသလဲ။

ဖြေ ။ ။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၈ နိုင်ငံပါဝင်တဲ့ အဖွဲ့ဖြစ်ပါတယ်။ နိုင်ငံတကာငွေကြေးရန်ပုံငွေ အခန်းကဏ္ဍဟာ အဖွဲ့ဝင်နိုင်ငံတွေကို ငွေကြေးအရအကူအညီပေးရသလို အဲဒီနိုင်ငံတွေမှာရှိတဲ့ အစိုးရဌာနတွေရဲ့ Capacity Building တွေကို လုပ်ဆောင်ပေးရတဲ့အဖွဲ့ဖြစ်ပါတယ်။ အဲဒီ Capacity တွေ မြှင့်တင်နိုင်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ကတော့ Financial Consultation လုပ်နေပါတယ်။

မေး ။ ။ မြန်မာနိုင်ငံဟာ ငွေကြေးကဏ္ဍအပါအဝင် ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်နေပါတယ်။ ဒီလိုအချိန်မှာ IMFကလည်း အများကြီး အကူအညီပေးနေပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး IMF ရဲ့ အခန်းကဏ္ဍကို သိချင်ပါတယ်။

ဖြေ ။ ။ ယမန်နှစ်က IMFနဲ့ မြန်မာအစိုးရ ငွေကြေးကဏ္ဍနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေ၊ ကြွေးကျန်ရှင်းလင်းရေးကိစ္စတွေ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီအချက်တွေက မြန်မာနိုင်ငံရဲ့ ငွေကြေးကဏ္ဍကို များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ အဲဒီကနေတစ်ဆင့် မြန်မာနိုင်ငံအတွင်းမှာ Strong Institution ဖြစ်ပေါ်လာဖို့ မျှော်လင့်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့ ဗဟိုဘဏ်နဲ့လည်း နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်နေပါတယ်။ ထို့ပြင် ဗဟိုဘဏ်ရဲ့ လုပ်ငန်းလည်ပတ်မှုတွေမှာ အကူအညီပေးနိုင်ပါတယ်။

ကုလအတွင်းရေးမှူးချုပ် မြေမြှုပ်မိုင်းဆိုင်ရာအသိပညာပေးရေးနှင့် လှုပ်ရှားမှုအထောက်အကူပြုရေးဆိုင်ရာနိုင်ငံတကာနေ့သို့ သဝဏ်လွှာပေးပို့

နယူးယောက် မေ ၅

အမျိုးသမီးများသည် ကောင်းကင်တစ်ဝက်ကို ဆုပ်ကိုင်ထားကြသည်ဟု မကြာခဏပြောခဲ့ကြသကဲ့သို့ မိမိတို့သည် ကမ္ဘာပေါ်ရှိ အမျိုးသမီးများ ဘေးအန္တရာယ်ကင်းရှင်းရေးအခန်းကဏ္ဍကို အလေးအနက်ထားသွားမည်ဖြစ်ကြောင်း မေ ၄ ရက်တွင် ကျရောက်သော မြေမြှုပ်မိုင်းဆိုင်ရာ အသိပညာပေးရေးနှင့် လှုပ်ရှားမှုအထောက်အကူပြုရေးဆိုင်ရာ နိုင်ငံတကာနေ့သို့ပေးပို့သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏သဝဏ်လွှာတွင် ဖော်ပြထားသည်။

အဆိုပါသဝဏ်လွှာတွင် ကမ္ဘာတစ်ဝန်းရှိအမျိုးသမီးများသည် ကျွန်ုပ်တို့၏ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ၎င်းတို့၏ မဆင်မခြင်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများမှ ကာကွယ်ရန်၊ အန္တရာယ်ဇရိယာများအတွင်း ဘေးအန္တရာယ်မဖြစ်အောင် မည်သို့နေထိုင်ရမည်ကို ပညာပေးရေး၊ ဒုက္ခသည်များကို အကူအညီပေးရေး၊ မြေမြှုပ်မိုင်းများကို ရှင်းလင်းရေးနှင့် ပေါက်ကွဲစေတတ်သော အမြောက်လက်နက်များ စွန့်ပစ်ဖယ်ရှားရေးတွင် အရေးအပါဆုံးလူများဖြစ်ကြကြောင်း။

အမျိုးသမီးများနှင့် မိန်းကလေးများသည် မြေမြှုပ်မိုင်းများ၏ ဆိုးကျိုးများကို အချိုးအစားမမျှတစွာ ခံစားခဲ့ကြရကြောင်း၊ ၎င်းတို့သည် ယင်းကိစ္စနှင့်ပတ်သက်၍ အမျိုးမျိုးသော အသိပညာပေးမှုများ လိုအပ်နေကြောင်း၊ အမျိုးသမီးများသည် ၎င်းတို့မိသားစုဝင်တစ်ဦး အသက်ဆုံးရှုံးရခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရှိသည့်အခါများတွင်လည်း ကြီးစွာသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂက မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားမှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏အမြင်ကို အာရုံစိုက်ရန် ကြိုးပမ်းခဲ့ပြီး ၎င်းတို့၏အတွေးအခေါ်များနှင့် အခွင့်အရေးများကို ကမ္ဘာလုံးဆိုင်ရာ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများအနေဖြင့် မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပိုမိုပူးပေါင်းပါဝင်ရန်နှင့် အစိုးရများကလည်း ကျား၊ မ မခွဲခြားဘဲ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းစီမံကိန်းများတွင် ပိုမိုပူးပေါင်းပါဝင်ရန် တိုက်တွန်းသင့်သည်ဟု မိမိအနေဖြင့် အလေးအနက်ထားတောင်းဆိုပါကြောင်း။

ကုလသမဂ္ဂအနေဖြင့်လည်း နိုင်ငံပေါင်းများစွာတွင် မြေမြှုပ်မိုင်းအန္တရာယ်မှ လူသန်းပေါင်းများစွာကို စံချိန်တင်အကူအညီပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယခုနှစ် မြေမြှုပ်မိုင်းဆိုင်ရာ အသိပညာပေးရေးနှင့် လှုပ်ရှားမှုအထောက်အကူပြုရေးဆိုင်ရာ နိုင်ငံတကာနေ့မှစ၍ အင်အားများကိုစုစည်းပြီး ကျွန်ုပ်တို့၏ မျှော်မှန်းချက်ဖြစ်သည့် မြေမြှုပ်မိုင်းကင်းရှင်းသည့် ကမ္ဘာအဖြစ်သို့ ရောက်ရှိရန် ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ။

ဂျပန်ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ ဧပြီ ၂၄ရက်တွင် တွေ့ဆုံမည်

တိုကျို ဧပြီ ၅

အမေရိကန်နှင့် ဂျပန်နိုင်ငံအကြား ခိုင်မာသော မဟာမိတ်နိုင်ငံများအဖြစ် ဆက်လက်တည်ရှိရန် ရည်မှန်းချက်များဖြင့် အမေရိကန် သမ္မတ ဘားရက်အိုဘားမားနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ဧပြီ ၂၄ ရက်တွင် တိုကျိုမြို့၌ တွေ့ဆုံဆွေးနွေးပွဲ တစ်ရပ်ကျင်းပရန် စီစဉ်ထားကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ်က ဧပြီ ၄ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံက အမေရိကန် သမ္မတ အိုဘားမားအား ဂျပန်နိုင်ငံသို့ ဧပြီ ၂၄ ရက်မှ ၂၅ ရက်အတွင်း လာရောက်ရန်ဖိတ်ကြားမည်ဖြစ်ကြောင်း ဂျပန်အစိုးရအတွင်းဝန်ချုပ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ အမေရိကန် သမ္မတအနေဖြင့် ဧပြီ ၂၃ ရက်တွင် ဂျပန်နိုင်ငံသို့ လာရောက်ဖွယ်ရှိသည်။ ၁၉၉၆ ခုနှစ် ဧပြီလအတွင်းက ဂျပန်နိုင်ငံသို့ တရားဝင်ခရီးလာရောက်ခဲ့သော အမေရိကန်သမ္မတ ဘီလ်ကလင်တန်နောက်ပိုင်းတွင် သမ္မတ အိုဘားမားသည် ဂျပန်နိုင်ငံသို့ လာရောက်ခဲ့သော ပထမဆုံးသော အမေရိကန်သမ္မတ ဖြစ်ဖွယ်ရှိသည်။ သမ္မတ အိုဘားမားသည် အာရှလေးနိုင်ငံခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်တွင် တောင်ကိုရီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများလည်း ပါဝင်မည်ဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံများအရောက်တွင် ထိပ်သီးအစည်းအဝေးများအပြီး နှစ်နိုင်ငံပူးတွဲကြေညာချက်များ ထုတ်ပြန်ရန်ရှိကြောင်းမှာ မသေချာကြောင်း သတင်းတွင် ဖော်ပြသည်။

ဘီဘီစီ။

ဟားဗက်တက္ကသိုလ်တွင် စီမံခန့်ခွဲမှုများသင်ကြားပို့ချပေးမည့် မန်ယူနည်းပြဟောင်း ဖာဂူဆန်

လန်ဒန် မေ ၅

မန်ချက်စတာ ယူနိုက်တက်အသင်း နည်းပြဟောင်း ဆာ အဲလက်ဖာဂူဆန်သည် ဟားဗက်တက္ကသိုလ်တွင် စီမံခန့်ခွဲမှုအတတ်ပညာများကို ရေရှည်သင်ကြားပေးသွားရန် သဘောတူညီလိုက်ပြီဖြစ်သည်။

မန်ယူအသင်းကို ၂၆ နှစ်ကြာ ကိုင်တွယ်ကာ အောင်မြင်မှုများစွာရယူပေးခဲ့ပြီး လွန်ခဲ့သည့်နှစ်က အနားယူသွားခဲ့သူ ဖာဂူဆန်သည် လာမည့်လမှစ၍ ဟားဗက်တက္ကသိုလ်၏ "ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းစီမံခန့်ခွဲမှုပညာရှင်များ" အစီအစဉ်တွင် စီးပွားရေးဆိုင်ရာ ဖျော်ဖြေမှု၊ မီဒီယာနှင့် အားကစား စီမံခန့်ခွဲမှုများကို သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း အင်္ဂလန်သတင်းမီဒီယာများက မေ ၄ ရက်

တွင် ရေးသားဖော်ပြကြသည်။

"ကျွန်တော် ဒီလိုထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုမှာ သင်ကြားပေးခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဟားဗက်တက္ကသိုလ်မှာ အရင်က ကုန်ဆုံးခဲ့တဲ့အချိန်တွေမှာလည်း စိတ်ဝင်စားစရာ အတွေ့အကြုံတွေရခဲ့ပါတယ်။ ဟားဗက်စီးပွားရေးတက္ကသိုလ်အသိုင်းအဝိုင်းက ကျောင်းသားတွေ၊ တက္ကသိုလ်ဆရာတွေ၊ မိတ်ဆွေတွေနဲ့ ကျွန်တော်နဲ့ ဆက်ဆံရေး တိုးတက်လာဖို့လည်း မျှော်လင့်ပါတယ်"ဟု အသက်(၇၂)နှစ်ရှိဖာဂူဆန်ကပြောကြားသည်။ ဖာဂူဆန်သည် ၎င်း၏ စီမံခန့်ခွဲမှု ပုံစံများကို ဟားဗက်တက္ကသိုလ်တွင် ၂၀၁၂ ခုနှစ်က သင်ကြားပေးခဲ့သူဖြစ်သည်။

ဖာဂူဆန်သည် မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား ၁၃ ကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်အပါအဝင် ဆုဖလား ၃၈ခု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

ဆင်ဟွာ။

မြောက်ကိုရီးယား ပစ်လွှတ်သောဒုံးကျည်များကို ပစ်ချရန် ဂျပန်အမိန့်ထုတ်ပြန်

တိုကျို မေ ၅

ပြုံယမ်းက တာလတ်ပစ်ဒုံးကျည် "ရိုဒေါင်" တစ်စင်းကို ပင်လယ်ပြင်သို့ ပစ်ခတ်ပြီးသည့်နောက် လာမည့်သီတင်းပတ်များတွင် တိုက်ချင်းပစ်ဒုံးကျည်များကို ထပ်မံပစ်ခတ်ဖွယ်ရှိရာ ယင်းသို့ပစ်လွှတ်လိုက်သော ဒုံးကျည်များကို ကြားဖြတ်ပစ်ချရန် ဂျပန်ပင်လယ်အတွင်းရှိ ဖျက်သင်္ဘောတစ်စင်းကို ဂျပန်အစိုးရက အမိန့်ပေးထားခဲ့ပြီးဖြစ်ကြောင်း အစိုးရသတင်းရပ်ကွက်က စနေနေ့တွင် ပြောကြားသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆူနိုရီအို နိုဒီးရာက ယင်းအမိန့်ကို ဧပြီ ၃ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သို့သော် တစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်ကျင်းပသော ပြုံယမ်းနှင့် တိုကျိုအကြားဆွေးနွေးပွဲကို မထိစေရန်အတွက် လူသိရှင်ကြားထုတ်ပြန်ကြေညာခြင်းမပြုလုပ်ခဲ့ဟု ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

ပစ်လွှတ်လိုက်သော မည်သည့်ဒုံးကျည်ကိုမဆို ပစ်ချရန်အတွက် ဧပြီ ၃ ရက်မှ ၂၅ ရက်အတွင်း အသင့်ပြင်ထားရန် ကာကွယ်ရေးဝန်ကြီးက အမိန့်ထုတ်ခဲ့သည်ဟု သတင်းအရင်းအမြစ်က ပြောသည်။

နောက်ဆုံး ခံစစ်ကြောင်း ဖြစ်မည့် "ပီထရော့" ဒုံးကျည်များကိုမူ အိုနိုဒီးရာက ဖြန့်ကြက်ခြင်းမပြုကြောင်း ၎င်းသတင်းရပ်ကွက်က ပြောသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ကျင်းပခဲ့သော ဂျပန်နှင့် မြောက်ကိုရီးယားတို့၏ ဆွေးနွေးပွဲသည် ရလဒ်တစ်စုံတစ်ရာ ထွက်ပေါ်လာခြင်း မရှိဘဲ နောက်ထပ်ဆွေးနွေးကြရန် သဘောတူညီခဲ့ကြသည်ဟု မီဒီယာများက ဖော်ပြသည်။

ရိုက်တာ။

ရုရှားနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဆိုင်းငံ့ထားရန် ယူကရိန်းအစိုးရဆုံးဖြတ်

ကီယက်ဗ် မေ ၅

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆိုင်းငံ့ထားလိုက်ပြီဖြစ်ကြောင်း ယူကရိန်း ဒုတိယဝန်ကြီးချုပ် ဗိုက်တယ်လီယာရီမာက မေ ၅ ရက်တွင်ပြောကြားသည်။

ယူကရိန်းနိုင်ငံ နယ်စပ်အနီး၌ ရုရှားတပ်ဖွဲ့များ စစ်ရေးအရလှုပ်ရှားနေဆဲဖြစ်သဖြင့် မိမိတို့သည် ရုရှားဖက်ဒရေးရှင်းနှင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းထားရန် ဝန်ကြီးချုပ်က ဆုံးဖြတ်လိုက်ကြောင်း ၎င်းက ပြောကြားသည်။

ယူကရိန်းနှင့် ရုရှားနိုင်ငံတို့သည် ယခင်ဆိုဗီယက်ပြည်ထောင်စုတွင် အိမ်နီးချင်းနိုင်ငံများအဖြစ်ရပ်တည်ခဲ့ကြပြီး စစ်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ စက်မှုလုပ်ငန်းအရ နီးကပ်စွာဆက်ဆံခဲ့ကြသည်။

နှစ်နိုင်ငံ စစ်ရေးတင်းမာမှုပေါ်ပေါက်နေချိန်တွင် ရုရှားနိုင်ငံသို့ ကာကွယ်ရေးဆိုင်ရာ စစ်ပစ္စည်းများတင်ပို့ပေးမှုများကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ယာရီမာကပြောကြားသည်။

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံသို့ စစ်ပစ္စည်းများတင်ပို့ပေးမှုကို ဆိုင်းငံ့ထားလိုက်ခြင်းဖြင့် စျေးကွက်ဆုံးရှုံးရမှုကို ကာမိစေရန် အခြားသောနိုင်ငံများသို့ စစ်ရေးနည်းပညာသုံး ထုတ်ကုန်များကို တိုးမြှင့်တင်ပို့သွားရန် ရည်မှန်းထားကြောင်း ၎င်းကပြောခဲ့သည်။

ယူကရိန်းနိုင်ငံသည် သေနတ်များ၊ ရေဒါများ၊ ရဟတ်ယာဉ်နှင့် လေယာဉ်ဆိုင်ရာ အင်ဂျင်စက်များအပါအဝင် စစ်ပစ္စည်းများကို ရုရှားနိုင်ငံသို့ နှစ်ပေါင်းကြာရှည်စွာ တင်ပို့ရောင်းချပေးခဲ့သည်။ ရုရှားနိုင်ငံ၏ ပြည်ပမှ စစ်ပစ္စည်းများဝယ်ယူမှု၏ ထက်ဝက်ခန့်မှာ ယူကရိန်းနိုင်ငံမှဖြစ်သည်။

ယူကရိန်းနိုင်ငံလုပ် စစ်ပစ္စည်းများမရပါက ရုရှားနိုင်ငံအနေဖြင့် တတိယနိုင်ငံများသို့ စစ်ရေးနည်းပညာသုံးထုတ်ကုန်များကို တင်ပို့ရောင်းချရန် အခက်အခဲများနှင့် တွေ့ကြုံရမည်ဖြစ်သည်။

ရိုက်တာ။

ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကြည့်ရှုစစ်ဆေး

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် ကျီရွာတံတားတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကွက်ပြည့်နှင်း၊ ကောက်သင်းကောက်လုပ်ငန်းငယ်များကိုအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်၊ ပြည်သူလူထု၏ လိုအပ်ချက်များကို အလျင်အမြန် ဖြည့်ဆည်းပေးနိုင်ရန်နှင့် မြို့နယ်အလိုက်သုံးစွဲရန် ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်းဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၉ ရက်မှ မေ ၅ ရက်အထိ လှည့်လည်ကြည့်ရှု စစ်ဆေးစဉ် ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပျော်ဘွယ်မြို့နယ် ကျီရွာကျေးရွာအနီးရှိ မူလသစ်သားတံတားအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်းသုံးဆယ်နှင့် ဒေသခံပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် နှစ်ဆယ့်တစ်သိန်းငါးသောင်း အကုန်အကျခံ၍ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ယင်းတော်ဖျင်ဇင်းလမ်းမကြီးပေါ်ရှိ ဖျင်ဇင်းကျေးရွာအဝင် သစ်သားတံတားအား ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀ အကုန်အကျခံ၍ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ရမည်းသင်းမြို့နယ်အတွင်းရှိ ဘုမ္မကျေးရွာ ဂဝံလမ်းအား ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ဆယ်သိန်း တစ်သောင်းငါးထောင် အကုန်အကျခံ ဖောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် သိန်းနှစ်ဆယ် အကုန်အကျခံ၍ တောင်ညောင်အိုင်ကျေးရွာ ကျေးလက်လမ်း ဖောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် သိန်းနှစ်ဆယ် သုံးသောင်းအကုန်အကျခံ၍ မြို့လှ-အင်းဘောင် ကျေးရွာ ကျေးလက်လမ်းအား ဂဝံမြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ဆယ်သိန်း တစ်သောင်း ငါးထောင်နှင့် ပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် တစ်သိန်း နှစ်သောင်း သုံးထောင် အကုန်အကျခံ၍ ဆတ္တိုးကြီးကျေးရွာ သောက်သုံးရေကန်တူးဖော်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အလားတူ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ အဝင်တံတားအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၂၀ နှင့် ဒေသခံပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၁ သိန်းတို့ဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ ခင်ကြီးယကျေးရွာ ရွာလယ်လမ်းအား ဖွံ့ဖြိုးရေးဆိုင်ရာရန်ပုံငွေမှ ငွေကျပ် ၁၇ သိန်းနှင့် ဒေသခံပြည်သူလူထုမှ ထည့်ဝင်ငွေကျပ်ရှစ်သောင်းဖြင့် ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှုနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ တောင်ညောင်ကုန်းကျေးရွာ ရွာဝင်လမ်း တစ်ဖာလုံအား ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း၃၀ အကုန်အကျခံ၍ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကျောက်ဆည်ကျေးရွာ ရွာအတွင်းလမ်းအား ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၆ သိန်းဖြင့် ဂျင်းကျောက်ခင်းနေမှုကို လည်းကောင်း၊ ကျောက်ချပ်ကျေးရွာ၌ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၂၀ နှင့် ပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ရွှေညောင်ဖူးကျေးရွာအနီးရှိ စမုံချောင်းတံတားအား အသစ်တည်ဆောက်မည့် အခြေအနေကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် ဈေးကုန်းကြီးကျေးရွာအဝင် သစ်သားချောင်းကူးတံတားအား ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၂၀၃၀၀၀၀ နှင့် ဒေသခံပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် ၇၆၇၀၀၀၀ ဖြင့် သံကူကွန်ကရစ်ချောင်းကူးတံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ နဘူးကျင်းကျေးရွာ ကျေးရွာလမ်းအား ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၂၀၃၀၀၀၀ ဖြင့် ဂဝံမြေသားလမ်းအဖြစ်ဖောက်လုပ်ထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် ဦးဘိုနီ၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၊ ဦးတင်စိုးနှင့် ဦးဇော်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့နှင့် စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့သည်။

(သတင်းစဉ်)

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှု ခုနစ်ရက်အတွင်း ၇၀ ရာခိုင်နှုန်းခန့်ပြီးစီး

ရန်ကုန် မေ ၅

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုကို ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်လျက်ရှိရာ ယနေ့(မေ ၅ ရက်)အထိ ခုနစ်ရက်အတွင်း စမ်းချောင်းမြို့နယ်အတွင်း၌ ၇၀ ရာခိုင်နှုန်းခန့် ကောက်ယူပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ သိရသည်။

ထိုမြို့နယ်အတွင်းရှိ ကောက်ကွက်အချို့တွင် လာမည့် မေ ၈ ရက်ကတည်းက ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း စာရင်းကောက်ကျောင်းဆရာမတစ်ဦးက ဆိုသည်။

ထိုသန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ ပြည်သူများ၏အောက်ခြေတွင် ဖြစ်နေသည့် လိုအပ်ချက်များကို နိုင်ငံတော်အပိုင်းမှ သိရှိကာ လိုအပ်သည့် ဖြည့်ဆည်းဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း စမ်းချောင်း(မြောက်)ရပ်ကွက်မှ သန်းခေါင်စာရင်းဖြေကြားသူတစ်ဦးက ပြောသည်။

စမ်းချောင်းမြို့နယ် အတွင်းရှိ ရပ်ကွက်ပေါင်း ၁၈ ရပ်ကွက်၌ စာရင်းကောက်ကွက် ၁၅၀ ရှိပြီး ကောက်ကွက်တစ်ခုလျှင် ဆရာ ဆရာမ တစ်ဦးနှုန်းဖြင့် စာရင်းကောက်ယူကာ စာရင်းစစ် ဆရာ ဆရာမ ၃၀ နှင့် အရန်ဆရာ ဆရာမ ၁၀ ဦး စုစုပေါင်း ၁၉၀ တို့က ကွင်းဆင်းကောက်ယူလျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ကောက်ယူပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ဇနီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေ အတွင်းရေးမှူး ဒေါက်တာခင်မာထွန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်ဆွေမြင့်တို့သည် (၁၈)ကြိမ်မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်ကာလအတွင်း အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ဇနီးများအား ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မေးမြန်းချက်များအား တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသမီးများ၏ မြန်မာ့လက်မှုပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများ ခင်းကျင်းပြသထားမှု၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့၏ လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အသေးစားချေးငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျော်ပျော်ပါးပါး လုပ်အားပေးကြမည်

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာ့လူမှုအဖွဲ့အစည်းတွင် **ငယ်စဉ်အခါပညာရှာ**ဟူ၍ ဆိုထုံးပြုထားသည်။ ဘိုးဘွားစဉ်ဆက်လက်ထက်မှသည် ယနေ့ထိတိုင်အောင် သုံးစွဲနေသော မြန်မာ့ဆိုရိုးစကားဖြစ်ပါသည်။ ငယ်စဉ်ကာလ ပညာသင်ယူရမည့်အရွယ်တွင် ပညာရှာရမည်ဖြစ်ကြောင်းကို သတိပေးလှုံ့ဆော်လျက်ရှိသော မြန်မာ့ဆိုရိုးစကားလည်းဖြစ်ပါ သည်။ စာမတတ်၊ ပညာမတတ်ပါက ဆိုးကျိုးဆိုးပြစ်များကို ခံစားရမည်ဖြစ်ပြီး စာတတ်၊ ပညာတတ်ပါက ကောင်းကျိုးချမ်းသာကို စံစားရမည်ဖြစ်ကြောင်း လမ်းညွှန်သွန်သင်ဆိုဆုံးမသော မြန်မာ့ဆိုရိုးစကားများ အမြောက်အမြားရှိခဲ့ပါသည်။

ငယ်စဉ်ကာလ စာသင်ယူရမည့်အချိန်တွင် အပတ်တကုတ်ကြိုးစားအားထုတ်သင်ယူရမည်ဖြစ်ကြောင်း အားပေးလှုံ့ဆော်တိုက်တွန်းသည့် မြန်မာ့ဆိုရိုးစကားမြောက်မြားစွာကို ရဟန်းရှင်လူအပေါင်းတို့က ဆိုထုံးပြုခဲ့ကြလေသည်။ ထိုမြန်မာ့ဆိုရိုးစကားဆိုထုံးများသည် ယနေ့ထိတိုင်အောင် ခေတ်မီနေဆဲ၊ အသုံးတည့်နေဆဲ ဆိုရိုးစကားများဖြစ်ပါသည်။ ယနေ့မျက်မှောက်ကာလတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး မိဘပြည်သူများ ဝိုင်းကူပေးဟူသော လှုံ့ဆော်မှုထက် အစောဆုံးသော မြန်မာ့ဆိုရိုးစကားများကို မြန်မာ့ လူမှုအဖွဲ့အစည်းအတွင်းရှိ မြန်မာ့စာပေသမိုင်းတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှ မြန်မာလူမျိုးတို့သည် **ငယ်စဉ်အခါပညာရှာ**ဟူသော မြန်မာ့ဆိုရိုးစကားနှင့်အတူ ကြီးပြင်းရှင်သန်လာခဲ့ရခြင်းဖြစ်ပါသည်။ ထိုသို့သော မြန်မာ့ဆိုရိုးစကားနှင့် ကြီးပြင်းရှင်သန်လာခဲ့ရသည့် မြန်မာလူမျိုးတို့သည် စာနှင့်ပညာကို လွန်စွာတန်ဖိုးထားမြတ်နိုးကြသူများဖြစ်ကြောင်း သိသာထင်ရှားပေသည်။ သို့ဖြင့် မြန်မာတို့၏ ကိုယ့်မင်းကိုယ့်ချင်းကာလ ကိုယ့်ရှင်ကိုယ့်ဘုရင်နှင့် ခံ့ညားထည်ဝါစွာ နေထိုင်ခဲ့ရစဉ်ကာလများ၌ လူတိုင်းနီးပါး စာတတ်ခဲ့ကြလေသည်။

ထိုသို့ စာတတ်မြောက်မှုမြင့်မားသောလူမျိုးဖြစ်ကြောင်းကို အင်္ဂလိပ်ကော်မရှင်နာတစ်ဦးဖြစ်သည့် Mr. J.S. Furnivall ရေးသားသော OCTENNAIAL REPORT ON EDUCATION IN BURMA အစီရင်ခံစာတွင် လေ့လာတွေ့ရှိရပါသည်။ ထိုအစီရင်ခံစာတွင် A hundred years ago (1831) the first English Commissioner reported that almost everyone could read and write and, even if this report may have been touched with exaggeration, it is certain that the proporation of people who could read and write was then far higher than in England. ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထိုအစီရင်ခံစာကို အိန္ဒိယပဍ္ဍိတ်ကြီးဖြစ်သည့် ... ညာဉ်ခံဝန်ထမ်း ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်သည့် အင်္ဂလိပ်အရာရှိကြီးကလည်း ကောက်နုတ်သုံးသပ်ထားသည်ကို လေ့လာသိရှိရပါသည်။

အဆိုပါ အစီရင်ခံစာ၏ ဆိုလိုရင်းကို အနက်ဖွင့်လိုက်ပါက ‘ထိုစဉ်က မြန်မာတို့လူတိုင်းလိုလို စာဖတ်စာရေး တတ်မြောက်ကြသည်။ သေချာသည့်အချက်တစ်ရပ်မှာ မြန်မာတို့၏ စာဖတ်စာရေးတတ်မြောက်မှုအနေအထားသည် အင်္ဂလန်နိုင်ငံသူနိုင်ငံသားတို့ထက်ပင် မြင့်မားသာလွန်နေပေသည်ဟူသော အချက်ဖြစ်ချေသည်’ဟူ၍ ဆိုနိုင်မည်ဖြစ်ပါသည်။

အဆိုပါ သုံးသပ်ချက်နှင့်အညီ ဗြိတိသျှနယ်ချဲ့လက်အောက် မကျရောက်မီ မြန်မာမင်းများ အုပ်စိုးစဉ်ကာလ မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ ၈၅ ရာခိုင်နှုန်းရှိကြောင်း လူထုပညာရေးမော်ကွန်းတွင် လေ့လာသိရှိခဲ့ရပါသည်။ ဗြိတိသျှနယ်ချဲ့ လက်အောက်သို့ နှစ်ပေါင်း ၁၀၀ နီးပါးခန့် ကျရောက်ခဲ့ရသော ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်သည့် ၁၉၄၈ ခုနှစ်၌ မြန်မာတို့၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၃၅ ရာခိုင်နှုန်းခန့်သာရှိနေသည်ကိုလည်း ဝမ်းနည်းဖွယ်ရာတွေ့ရှိခဲ့ရပြန်ပါသည်။

မြန်မာလူမျိုးတို့သည် စာပေကိုလေးစားမြတ်နိုးတန်ဖိုးထားပြီး စာတတ်မြောက်မှုကို လိုလားသူများဖြစ်ကြသောကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာတတ်မြောက်မှုလုပ်ငန်းကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်သူ ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်ဦးမော့တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ တစ်ဦးတစ်ယောက်၏ အားနည်းချက်ကို ဝိုင်းဝန်းဖြည့်ဆည်းပေးလိုသော စေတနာထက်သန်ကြသည့် မြန်မာလူမျိုးတို့သည် စာမတတ်သူကို စာတတ်သူတို့က ဝိုင်းဝန်းကူညီအားပေးပြီး သင်ကြားကြသည်။ စာမတတ်သူ လူတစ်စုအတွက် လူထုအင်အားလှုပ်ရှားမှုအသွင်ဖြင့် တစ်ခဲနက်ဆောင်ရွက်ကြသည်။ စာမတတ်သေးသူများအား စာတတ်အောင်သင်ကြားပေးလိုသော ပညာဒါနလုပ်အားစေတနာရှင်များ အလျှိုလျှိုပေါ်ပေါက်လာသည်။ တဖြည်းဖြည်းနှင့် **စာမတတ်သူပပျောက်ရေး စာတတ်သူတိုင်းဝိုင်းကူပေး**ဟု ကြွေးကြော်သံများသည် နိုင်ငံတစ်ဝန်းလုံးသို့ ဖုံးလွှမ်းသွားသည်။ လူထုလုပ်အားဖြင့် လှုပ်ရှားဆောင်ရွက်မှုထုထည်သည်လည်း ကြီးမားတောင့်တင်းသည်ထက် တောင့်တင်းလာသည်။ ထို့ကြောင့် စာမတတ်သူများလျော့ပါးသွားပြီး စာတတ်သူများ တိုးပွားလာခဲ့ရပေသည်။

စာတတ်မြောက်ရေးလုပ်ငန်းကို တစ်ခဲနက်ကြိုးပမ်းဆောင်ရွက်နေကြသော ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်းကို တစ်ကမ္ဘာလုံးကပါ ချီးကျူးဂုဏ်ပြုလာကြသည်။ ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော မိုဟာမက်ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော နိုမာဆုတို့ကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်းသည် ပျက်ပြယ်မသွားနိုင်သည့် မြန်မာတို့၏ စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှု သမိုင်းမှတ်တိုင်သက်သေများပင်ဖြစ်ပါသည်။

စာတတ်မြောက်ရေးလုပ်ငန်းကို ဆက်လက်အရှိန်မြှင့်ပြီး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၂၀၁၃ ခုနှစ်တွင် ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။ ထိုသို့ တိုးတက်မြင့်မားလာရခြင်း၏ အကြောင်းအရင်းကို လေ့လာဆန်းစစ်ကြည့်ပါက ကျောင်းပညာရေးနှင့်ကျောင်း ပြင်ပပညာရေးကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သောကြောင့် တိုးတက်လာခဲ့သည်ကိုတွေ့ ရှိရမည်ဖြစ်ပါသည်။

လူတိုင်းစာတတ်မြောက်ရေးဟူသည့် မဟာဗျူဟာကို တားဆီးကာကွယ်ခြင်း နည်းဗျူဟာနှင့် ကုစားကုသခြင်း နည်းဗျူဟာနှစ်ရပ်ပေါင်းစပ်ပြီး ဆောင်ရွက်နိုင်သောကြောင့်ဟုလည်း ဆိုရမည်ဖြစ်ပါသည်။ တားဆီးကာကွယ်ခြင်း နည်းဗျူဟာကို ကျောင်းပညာရေးလမ်းကြောင်းဖြင့် အကောင်အထည်ဖော်ပေးနိုင်ခဲ့ပြီး ကုစားကုသခြင်းနည်းဗျူဟာကို ကျောင်းပြင်ပပညာရေးလမ်းကြောင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

ယနေ့ကာလ ကျောင်းနေအရွယ်ကလေးများသည် အနာဂတ်ကာလတွင် လူကြီးများဖြစ်လာကြပေမည်။ ထိုကလေးတို့ကို အခြေခံပညာပြီးမြောက်အောင် သင်ကြားပေးနိုင်ခြင်းဖြင့် ကျောင်းနေအရွယ်တွင် စာမတတ်သူလျော့ပါးလာမည်ဖြစ်ပါသည်။ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာပြီးမြောက်အောင်သင်ယူနိုင်ရန်အတွက် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းကို ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော ဝိုင်းဝန်းကူညီအားပေးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သောကြောင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာကို ပြီးမြောက်အောင် သင်ယူခွင့်အခွင့်အလမ်းရရှိလာခဲ့ခြင်း ဖြစ်ပါသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်ရှာသည့် ကျောင်းနေအရွယ်ကလေးများကို ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိပါသည်။ ထို့ကြောင့်ကျောင်းနေအရွယ်ကလေးအားလုံးနီးပါး အခြေခံပညာကို သင်ယူခွင့်ရရှိနိုင်ခဲ့သောကြောင့် ကျောင်းနေအရွယ် စာမတတ်သူဦးရေသည် တစ်နှစ်ထက်တစ်နှစ် လျော့ပါးလာခဲ့ရခြင်းဖြစ်ပါသည်။ ကျောင်းနေအရွယ်စာမတတ်သူများကို တစ်ယောက်မကျန်အောင် ကောက်သင်းကောက်ပြီး ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ခဲ့သောကြောင့် ကျောင်းနေအရွယ် စာမတတ်သူများ လျော့ပါးလာပြီး စာတတ်သူဦးရေတိုးတက်မြင့်မားလာခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် လူတိုင်းစာတတ်မြောက်ရေး ဦးတည်ချက်ဖြင့် ကျောင်းပညာရေးကို တိုးမြှင့်ဆောင်ရွက်ပေးနေပြီဖြစ်သည့်နည်းတူ ကျောင်းပြင်ပပညာရေးလုပ်ငန်းကိုလည်း အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်က နွေရာသီအခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ကိုးမြို့နယ်သို့ လုပ်အားပေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ သွားရောက်ကာ ဒေသခံလုပ်အားပေးများနှင့်အတူ ပူးပေါင်းပြီး သင်ကြားပေးနိုင်ခဲ့ပါသည်။ ယခု ၂၀၁၄ ခုနှစ် နွေရာသီအခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့တို့က အဆိုပြုတင်ပြလာသော မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၁၆၃ ရှိ အခြေခံစာတတ်မြောက်ရေး သင်ယူမည့်သူ ၄၆၄၇၉ ဦးတို့အား စာသင်ဝိုင်း ၄၄၄၇ ဝိုင်းဖွဲ့ကာ တက္ကသိုလ် ၃၀ မှ ဆရာ ဆရာမ ၄၀၃ ဦးတို့ ကြီးကြပ်လျက် လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦးနှင့် ဒေသခံလုပ်အားပေးများပူးပေါင်းပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားပေးကြမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်ပညာရေးဝန်ကြီးဌာနတို့သည် သင်ယူသူများနှင့်ဒေသခံများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ စာသင်သားတစ်ဦးချင်းစီအတွက် လိုအပ်မည့် စာရေးကိရိယာများနှင့်စာသင်သားကိုင်စာအုပ်စာတမ်းများကို အခမဲ့ဖြန့်ဝေပေးထားသည့်အပြင် လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူဆရာ ဆရာမများ၏ သွားရေးလာရေး၊ စားသောက်ရေးကိစ္စများအတွက် လုံလောက်အောင် ဖြည့်ဆည်းပံ့ပိုးပေးထားပါသည်။ ကျောင်းနေအရွယ်လွန် အခြေခံစာမတတ်မြောက်သေးသူများကို အခြေခံစာတတ်မြောက်အောင်သင်ကြားပေးပြီးနောက် တတ်မြောက်ပြီး အခြေခံစာများကို မေ့လျော့မသွားစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်နေပါသည်။

လူတိုင်းစာတတ်မြောက်ပြီး ဆက်လက်ဖတ်ရှုလေ့လာရှာဖွေမှတ်သားခြင်းဖြင့် အစဉ်လေ့လာသင်ယူသောလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ် နွေရာသီအခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် သင်ယူလိုသူတို့၏ ဆန္ဒအစစ်အမှန်ဖြစ်သော စာတတ်မြောက်လိုမှုကို ပညာရေးဝန်ကြီးဌာနနှင့်အတူ စေတနာအပြည့်အဝဖြင့်လုပ်အားပေးလိုကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဝိုင်းဝန်းကူညီအားပေးကြသည့် ဒေသခံ လုပ်အားပေးများ၊ ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများ၏ ပညာဒါနလုပ်အားအလှုသည်ကား မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပါဘိသတည်း။ ။

စာပေမြင့်မှ
လူမျိုးတင့်မည်





၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုတင်ပြချက်

၂၀၁၄ ခုနှစ် ဧပြီ ၅ ရက်

၁။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် စာတတ်မြောက်မှုနှုန်းနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်နေမှုအပေါ် တည်မှီနေသည့်အတွက် လူတိုင်း စာတတ်မြောက်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ မျှော်မှန်းဆောင်ရွက်ရာတွင် လက်တွေ့ကျသော ပညာရေးပြုပြင် ပြောင်းလဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် **ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ**နှင့် ပညာရေး ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အခြေအနေနှင့် လိုအပ်ချက်များကို စိစစ်ညှိနှိုင်းဖော်ထုတ်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ကို ဖွဲ့စည်းခဲ့ရာ **ကျောင်းပြင်ပ ပညာရေးလုပ်ငန်းအဖွဲ့**လည်း အပါအဝင် ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သော **ကျောင်းပြင်ပ ပညာရေးလုပ်ငန်းစဉ်**နှင့် **စဉ်ဆက်ပညာရေးလုပ်ငန်းစဉ်**များတွင် အသက် (၁၅) နှစ်နှင့်အထက် ကျောင်းနေအရွယ်လွန်သူများအတွက် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းလည်း ပါဝင်ပါသည်။

၃။ အခြေခံစာတတ်မြောက်ရေးအစီအစဉ်သည် မြန်မာနိုင်ငံတွင် မြန်မာ မင်းများလက်ထက်ကပင် စတင်လုပ်ဆောင်ခဲ့သည့် လုပ်ငန်းဖြစ်ပြီး လွတ်လပ်ရေးရပြီးကာလတွင်လည်း နိုင်ငံတော်က အစီအစဉ်အမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၄ ခုနှစ်နောက်ပိုင်းမှ ၁၉၈၈ ခုနှစ်အထိ စာတတ်မြောက်ရေးလုပ်ငန်းကို ကမ္ဘာကျော်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၁၉၉၀ ခုနှစ် နောက်ပိုင်းတွင်လည်း **ကျောင်းပြင်ပပညာရေး စီမံကိန်း**အဖြစ် စာမတတ်သူများကို ကောက်သင်းကောက် သင်ကြားပို့ချသည့် နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၃ ခုနှစ်မှ ပြန်လည်စတင်ပြီး အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို မြို့နယ်ပေါင်း ကိုးမြို့နယ်တို့တွင် စာမတတ်သူဦးရေ ၂၂၄၁၇ ဦးတို့အား တက္ကသိုလ် ၁၀ ခုမှ အခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း တက်ပြီးသူ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးတို့က သင်ကြား ပေးခဲ့ကြပြီး ဖြစ်ပါသည်။

၅။ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို တိုင်းဒေသ ကြီး/ပြည်နယ်အားလုံးရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ ရပ်ကွက်/ကျေးရွာပေါင်း ၁၁၆၃ ရှိသင်ယူမည့်သူပေါင်း ၄၆၄၇၉ ဦးတို့အား ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် အခြေခံ ပညာစာတတ်မြောက်ရေးလုပ်ငန်းကို တက္ကသိုလ်/ ကောလိပ် ၃၀ တို့မှ ဆရာ ဆရာမ ၄၀၃ ဦးတို့က ကြီးကြပ်လျက်အခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်းတက်ပြီးသူ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦးနှင့် ဒေသခံလုပ်အားပေး ဆရာ ဆရာမများက သင်ကြားပေးကြမည် ဖြစ်ပါသည်။

၆။ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် မတ် ၂၉ ရက်နှင့် ၃၀ ရက် များတွင် တက္ကသိုလ်များမှ မိမိတာဝန်ကျရာ စာသင်ရမည့် ရပ်ကွက်/ကျေးရွာ များသို့ သွားရောက်ခဲ့ကြပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား မိမိတို့တာဝန်ကျရာ မြို့နယ်များအသီးသီးသို့ ထွက်ခွာကြချိန်တွင် သက်ဆိုင် ရာ ဒေသများမှတာဝန်ရှိသူများက အခမ်းအနားပြုလုပ်၍ အားပေးနှုတ်ဆက် ဂုဏ်ပြုခဲ့ကြပါသည်။ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများသို့ရောက်ရှိ သည့် အခါတွင်လည်း တာဝန်ရှိသူများနှင့် ဒေသခံများက အခမ်းအနားပြုလုပ်၍ လှိုက်လှဲဝမ်းသာစွာကြိုဆိုခဲ့ကြပါသည်။

၇။ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် အခြေခံစာ တတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက်တွင် တိုင်း ဒေသကြီး/ ပြည်နယ်အားလုံး၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါ သည်။

၈။ အခြေခံစာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်ဖြင့် စဉ်ဆက်ပညာရေးကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ အသိပညာဗဟုသုတများ ရရှိကြွယ်ဝလာမည်ဖြစ်ပြီး လူနေမှုဘဝဖွံ့ဖြိုး တိုးတက်၍ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကိုလည်း အထောက်အကူပြု နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော **မြန်မာနိုင်ငံ၏လူတိုင်းအတွက် ပညာရေး** ရည်မှန်းချက်အရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကိုမြှင့်တင်ရေး၊ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ၏လုပ်ငန်းများတွင် ပါဝင်ဆွေးနွေး အကြံပြုအကောင်အထည်ဖော် ခြင်းဖြင့် အမျိုးသားပညာရေးအတွက် တစ်မျိုးသားလုံးပါဝင်ဆောင်ရွက် ကြပါရန် ပြည်သူတစ်ရပ်လုံးထံသို့ လေးစားစွာတိုက်တွန်းနှိုးဆော်ပန်ကြား အပ်ပါသည်။

ကျောင်းပြင်ပ ပညာရေးလုပ်ငန်းအဖွဲ့

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကန်ရိုးကျေးရွာရှိ ကေတုမတီ ငါးနှင့် ကြက်ကုန်ထုတ်သမဝါယမ အသင်းလီမိတက် ဧက-၅၀၀ သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ငါးနှင့် ကြက်ကုန်ထုတ်သမဝါယမအသင်းသည် သမဝါယမစနစ်ဖြင့် ဖွဲ့စည်းထူထောင်လုပ်ဆောင်နေခြင်းဖြစ်၍ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေပါကြောင်း၊ လူတစ်ဦးလျှင် ငါးအကောင် ၁၀၀ မွေးမြူခြင်းဖြင့် မိသားစု မီးဖိုချောင်အတွက် သား/ငါးစိုပြည်စေပြီး အသုံးစရိတ်များ လျှော့နည်းလာကာ အပိုဝင်ငွေအဖြစ် ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လယ်ယာစိုက်ခင်းများတွင် စပါးနှင့် ငါးတွဲဖက်မွေးမြူနိုင်ရေး တိုးချဲ့ဆောင်ရွက်သွားသင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သော နည်းပညာများနှင့် ငါးမျိုးစိတ်များအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းများအား စဉ်ဆက်မပြတ် ပိုမိုတိုးတက်စေရေးအတွက် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ငါးနှင့်ကြက်၊ စပါးနှင့် ငါးတွဲဖက်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အနီးပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာတွင် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငါးသားပေါက်မွေးမြူ၍ ဖြန့်ဖြူးရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားကာ ငါးကန်များအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ပန္နတ်ချောင်းကျေးရွာအုပ်စုရှိ ဧက ၁၀၀၀ ၌ စပါးနှင့် ငါးတွဲဖက်မွေးမြူထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပန္နတ်ကျေးရွာ၌ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအရ ကျေးရွာအုပ်စုများတွင် အရင်းမပျောက် မတည်ငွေများထူထောင်၍ ပြည်သူဗဟိုပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား လုပ်ကိုင်နိုင်ရေး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် အပိုဝင်ငွေတိုးတက်ရရှိပြီး တစ်ဦးချင်းဝင်ငွေ တိုးပွားစေရန် စိုက်ပျိုးရေးအပြင် မိသားစုတစ်နိုင် မွေးမြူရေးဆောင်ရွက်နိုင်ရန် ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အား တစ်ခုတည်းသာမက ပြည်သူအားဖြင့်ပါ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ သား/ငါးကုန်ထုတ်လုပ်မှု ပိုလျှံပြည့်ဝရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူစားသုံးနိုင်ရေးအတွက် ဒေသနှင့် ကိုက်ညီသည့် မျိုးရိုးမြင့်နွား၊ ကြက်၊ ဘဲ၊ ဝက်နှင့် ငါးမျိုးဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆားကျင်း၊ ရေလွှဲ၊ နှင်းပလဲ၊ ကရင်စု၊ သုံးခွနှင့် ပန္နတ်ကျေးရွာများ၏ ကျောင်းများအတွက် စာသင်ခုံများ၊ ဆရာ ဆရာမစားပွဲခုံများ၊ စာအုပ်ဗီရိုများ၊ ရေလောင်းအိမ်သာများ၊ သောက်ရေတွင်းများ၊ ဆိုလာမီးရရှိရေး၊ မြေသားသောက်သုံးရေလှောင်ကန်များ ပြန်လည်တူးဖော်ဆယ်ယူနိုင်ရေး၊ တံတားပြုပြင်ရေးနှင့် မြေသားလမ်းပြုပြင်နိုင်ရေး ဖြည့်ဆည်းပေးပြီး ပန္နတ်ချောင်းကူး သစ်သားတံတားကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ကျောင်းသားလေးထောင်ကျော် စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် လုပ်အားပေးစာသင်ကြားမည်

ရန်ကုန် ဧပြီ ၅

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာတတ်မြောက်ရေး နည်းပြသင်တန်းတက်ရောက်ပြီးသူ ကျောင်းသား ကျောင်းသူ ၄၂၆၁ က လုပ်အားပေး သင်ကြားသွားမည်ဖြစ်ကြောင်း ဧပြီ ၅ ရက်က ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ပြုလုပ်သော ကျောင်းပြင်ပပညာရေးလုပ်ငန်းအဖွဲ့၏ မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှု ရှင်းလင်းတင်ပြခြင်းအခမ်းအနားမှ သိရသည်။

အခြေခံ စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ စာမတတ်သူ လေးသောင်းခြောက်ထောင်ကျော်အား ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ အခြေခံစာတတ်မြောက်စေရန် သင်ကြားသွားမည်ဖြစ်သည်။

ယင်းသို့ သင်ကြားရာတွင် တက္ကသိုလ်/ကောလိပ် ၃၀ မှ ဆရာ ဆရာမ ၄၀၃ ဦးက ကြီးကြပ်သွားမည်ဖြစ်ပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဒေသခံဆရာ ဆရာမများက လုပ်အားပေးသင်ကြားသွားမည်ဟု ကျောင်းပြင်ပ မူလတန်းပညာရေး ဗဟိုကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးတင်ညိုက ယင်းအခမ်းအနားတွင် ပြောကြားသည်။

“ကြီးကြပ်သူ တက္ကသိုလ် ဆရာ ဆရာမတွေကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက နေပြည်တော်မှာ တစ်ပတ်ကြာ နည်းပြသင်တန်းပေးခဲ့တယ်။ သူတို့က လုပ်အားပေးမယ့် ကျောင်းသားတွေကို မတ်လက ဆင့်ပွားသင်တန်း တစ်ပတ်ကြာ ပြန်ပေးတယ်”ဟု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ(ငြိမ်း) ဦးမျိုးသန့်က သွားရောက်သင်ကြားမည့် တက္ကသိုလ်ကျောင်းသားများအား နည်းပြသင်တန်းပို့ချထားမှုနှင့် ပတ်သက်၍ ရှင်းပြသည်။

အခြေခံစာ တတ်မြောက်ရေး လှုပ်ရှားမှု အစီအစဉ်သည် မြန်မာဘုရင်များ လက်ထက်ကပင်စတင်လုပ်ဆောင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံလူဦးရေ ၁၇ သန်းခန့်ရှိရာ လူတစ်ရာတွင် စာတတ်မြောက်သူ ၃၅ ဦးခန့်သာ ရှိခဲ့သည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု အစီအစဉ်ကို ၁၉၆၄ ခုနှစ်တွင် အမျိုးသားရေး လူထုလှုပ်ရှားမှု အသွင်ဖြင့် နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် “မိုဟာမက် ရီဇာပလာဗီ” ဆုနှင့် ၁၉၈၃ ခုနှစ်တွင်“နိုမာ” ဆုတို့ကို မြန်မာနိုင်ငံမှ ရရှိခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်သည့် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုတွင် မြို့နယ်ပေါင်း ကိုးမြို့နယ်ရှိ စာမတတ်သူ နှစ်သောင်းနှစ်ထောင်ကျော်ကို တက္ကသိုလ် ကောလိပ် ၁၀ ခုမှ ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးတို့က အခြေခံစာတတ်မြောက်ရန် သင်ကြားပေးခဲ့ကြသည်။

အခြေခံ စာတတ်မြောက်ရေး အစီအစဉ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ရန်ကုန်က ထုတ်ဝေသည့် အခြေခံစာတတ်မြောက်ရေး မြန်မာစာနှင့် အခြေခံသင်္ချာတို့ကို သင်ကြားသွားမည်ဖြစ်ကြောင်း ကျောင်းပြင်ပပညာရေးလုပ်ငန်းအဖွဲ့ထံမှ သိရသည်။ **(ရဲခေါင်၊ မြတ်သန္တာ)**

တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စများ ဆွေးနွေးမှာကြား

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် ယနေ့မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တွေ့ဆုံ၍ တရားစီရင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ကိုယ်ချင်းစာစိတ်ထားရှိ၍ အမှန်တရားကို ဖော်ထုတ်ဆုံးဖြတ်ကြရန်၊ စိတ်ဓာတ်တည်ကြည်ပြီး အမှန်တရားကိုမြတ်နိုးသည့် တရားသူကြီးများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်သူများ၏ ယုံကြည်လေးစားမှုရရှိရေး အလေးဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောဖုံးမှ

(မုံရွာကွင်း)
ချင်းယူနိုက်တက် - သုံးဂိုး
(မာတူနာ-နှစ်ဂိုး၊ ချောင်ယင်ဂင် - တစ်ဂိုး)
ဇေယျာရွှေမြေ - နှစ်ဂိုး
(ဇော်လင်းထွန်း)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း) Southern -ကမ္ဘောဇ
(အောင်ဆန်းကွင်း) ဧရာဝတီ -မနောမြေ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် ခင်ကြီးယကျေးရွာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၅

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရန် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များတွင် ရောက်ရှိနေသည့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မတ် ၂၉ ရက်မှ မေ ၅ ရက်အထိ ရမည်းသင်းမြို့နယ် ရွှေဒါးကျေးရွာရှိ ရွှေဒါးသာစည်(အထက-ခွဲ)ကျောင်းခန်းမ၌လည်းကောင်း၊ ကန့်အောက်ကျေးရွာ ကန့်အောက်(အထက-ခွဲ)ကျောင်းခန်းမ၌လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ကျီရွာကျေးရွာမူလတန်းလွန်ကျောင်း၌လည်းကောင်း၊ ဖျင်ဇင်းကျေးရွာမူလတန်းကျောင်း၌ လည်းကောင်း၊ ရမည်းသင်းမြို့နယ်အတွင်းရှိ ဘုမ္မကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌လည်းကောင်း၊ တောင်ညောင်အိုင်ကျေးရွာမူလတန်းကျောင်းခန်းမ၌ လည်းကောင်း၊ အင်းကုန်းကျေးရွာ မူလတန်းကျောင်းခန်းမ၌ လည်းကောင်း၊ တံတားဦးကျေးရွာ မူလတန်းကျောင်းခန်းမ၌ လည်းကောင်း၊ ပျားစီကျေးရွာရှိ အထက(ခွဲ)ကျောင်းခန်းမ၌ လည်းကောင်း၊ ဆတ္တိုးကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းခန်းမ၌ လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ မိုးကောင်းကပ်ကျော် စေတီတော် ဓမ္မာရုံ၌လည်းကောင်း၊ ခင်ကြီးယကျေးရွာ မူလတန်းကျောင်း၌ လည်းကောင်း၊ ဆိတ်ချိုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ တောင်ညောင်ကုန်းကျေးရွာအထက(ခွဲ)ကျောင်း၌ လည်းကောင်း၊ ကျောက်ဆည်ကျေးရွာ ဓမ္မရိပ်သာ၌လည်းကောင်း၊ ကျောက်ချပ်ရွာ ဓမ္မပါလဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ ရွှေညောင်ဖူးကျေးရွာ ဇေယျသိမ်ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ ရမည်းသင်းမြို့နယ် ဈေးကုန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ နဘူးကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားအခြေအနေများကို မေးမြန်းဖြည့်ဆည်းပေးသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်သောကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် ပညာဆက်လက်သင်ကြားနိုင်အောင် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပညာရေးသည် ရေရှည်ရင်းနှီးမြှုပ်နှံရသဖြင့် မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များအား ပညာရည်မြင့်မားသည့် လူချွန်လူကောင်းများ ဖြစ်စေရန် အားလုံးက ဝိုင်းဝန်းပံ့ပိုးပေးရမည် ဖြစ်ကြောင်း၊ သို့မှသာ ဒေသနှင့် နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံသားကောင်းများပေါ် ထွန်းလာမည် ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေဖြင့် မြို့နယ်အလိုက်ခွဲဝေချထားပေးသည့် အခွန်ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများသို့ အလေအလွင့်မရှိ အပြည့်အဝရရှိ အသုံးပြုနိုင်ရန် ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများက စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က နှစ်စဉ်အမျိုးသားအဆင့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိသော်လည်း ဒေသခံပြည်သူများ၏ လတ်တလော လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ကောက်သင်းကောက်၊ ကွက်ပြည့်နင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားသတ်မှတ်ရာတွင်လည်း ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ လမ်း/တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပြည်သူလူထု၏ အမှန်တကယ်လိုအပ်နေသော အခြားလုပ်ငန်းများကို ဦးစားပေး၍ နှစ်စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် ဦးဘိုနီ၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၊ ဦးတင်စိုးနှင့် ဦးဇော်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၀၃ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၇၂၂ ဦး၊ သေဆုံး ၈၀ ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊အရှိန်ပြင်းမောင်းခြင်း မပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲ ယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲစီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

ယာဉ်ထိန်းရဲတပ်ဖွဲ့

လုံခြုံရေးအရ သန်းခေါင်စာရင်းကောက်ယူရန်ခက်ခဲသော ကျေးရွာများ၌ တပ်မတော်၏ လုံခြုံရေးအစောင့်အရှောက်ဖြင့် သန်းခေါင်စာရင်းဆက်လက်ကောက်ယူ

နေပြည်တော် မေ ၅

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲလျက်ရှိသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ဒေသအချို့၌ တပ်မတော်မှ လုံခြုံရေး အစောင့်အရှောက်များ အကူအညီပေး၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူ ၂၇၉ ဦး၊ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူ ၁၃၆၆ ဦး၊ မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ ဒေသခံပြည်သူ ၁၁၈ ဦး၊ နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ ဒေသခံပြည်သူ ၃၃၇ ဦး၊ မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူ ၇၉၀ ပေါင်း ၂၈၀၁ ဦး စုစုပေါင်း ဒေသခံပြည်သူ ၂၈၉၀ အား လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲလျက်ရှိသော ဒေသများတွင် မေ ၃ ရက်မှ ယနေ့အထိ ဒေသခံပြည်သူ ၁၃၁၂၂ ဦးအား တပ်မတော်၏ လုံခြုံရေးအကူအညီရယူ၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား ကောက်ယူခဲ့ကြောင်းနှင့် ယင်းဒေသအတွင်းရှိ ကျန်ရှိနေသေးသော ကျေးရွာများအားလည်း ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း မိုင်းလုံမြို့နယ်ခွဲတွင် ဆောင်ရွက်ပေးလျက်ရှိ

မိုင်းလုံ မေ ၅

ရှမ်းပြည်နယ် ကျောက်မဲခရိုင် မိုင်းလုံမြို့နယ်ခွဲတွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်က စတင်ကောက်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ကောက်ယူရာတွင် လွယ်ဆာ၊ လွယ်ခမ်းနှင့် မန်မော်ကျေးရွာများတွင် ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိဘဲ ကျန်ရှိနေသည်။

ယခုအခါတွင် ယင်းကျေးရွာများမှ ကျေးရွာပြည်သူလူထု၏ ဆန္ဒနှင့် သဘောတူညီနိုင်းချက်အရ မေ ၃ ရက် မွန်းလွဲ ၁ နာရီမှစပြီး မိုင်းလုံမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကျေးရွာအုပ်စုကောက်ကွက်အလိုက် လာရောက်ကြကာ သန်းခေါင်စာရင်းမေးခွန်းများ ဖြေပေးခဲ့ကြကြောင်းနှင့် အဆိုပါ သန်းခေါင်စာရင်းကောက်ယူနေမှုကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်း၊ မြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များက ကြီးကြပ်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ရေထွက်ကုန်များ ပြည်ပဈေးကွက်သို့ လေကြောင်းလိုင်းဖြင့် တိုက်ရိုက်တင်ပို့နိုင်တော့မည်

မြိတ် မေ ၅

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ မြိတ်မြို့မှတစ်ဆင့် လေကြောင်းဖြင့် တိုက်ရိုက်တင်ပို့နိုင်ရန် UNION EXPRESS CHARTER CARGO LINE ၏ ပထမအကြိမ် ကုန်တင်လေကြောင်း စတင်ပျံသန်းခြင်း အခမ်းအနားကို မြိတ်လေဆိပ်၌ မေ ၂ ရက် မွန်းလွဲ ၂ နာရီက စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အဆိုပါ ရေထွက်ကုန်များကို ယခုမေလမှ စတင်၍ လေကြောင်းဖြင့် တိုက်ရိုက်တင်ပို့မည်ဖြစ်ပြီး မြိတ်မြို့မှ ရေလုပ်ငန်းရှင်များမှာ အိမ်နီးချင်းထိုင်းနိုင်ငံသို့ ရေထွက်ကုန်အများဆုံးတင်ပို့လျက်ရှိပြီး ယခင်က ကုန်းလမ်းနှင့် ရေလမ်းကြောင်းများသာ အသုံးပြုတင်ပို့ရသည့်အတွက် အချိန်ကြာမြင့်မှုတို့ကြောင့် ပို့ကုန်များအရည်အသွေးကျဆင်းခြင်းနှင့် ဈေးနှိမ်ခံရမှုများ ကြုံတွေ့ရသဖြင့် ဒေသထွက်ကုန်များကို လေကြောင်းဖြင့် ပြည်ပသို့တိုက်ရိုက်တင်ပို့နိုင်ရန်အတွက် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြိတ်လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံအပြင် ထိုင်ဝမ်၊ဟောင်ကောင်၊ ဂျပန်နှင့် မလေးရှားနိုင်ငံများသို့လည်း တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ မြိတ်လေဆိပ်မှတစ်ဆင့် နိုင်ငံတကာသို့ ရေထွက်ကုန်များတင်ပို့မည့် လေကြောင်းကုန်စည်ပို့ဆောင်ရေးမှာ မြိတ်မြို့၌ အခြေစိုက်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ ရေထွက်ကုန်တင်ပို့နိုင်ရေးအတွက် ထိုင်းနိုင်ငံမှ သယ်ယူပို့ဆောင်ရေးလေယာဉ်ကို ကုန်တန်ချိန် ၆ တန်၊ တန် ၂၀ နှင့် တန် ၅၀ အထိ တင်ဆောင်နိုင်သော လေယာဉ်ကြီးသုံးစင်းဖြင့် တင်ပို့နိုင်သော ကုန်ပေါ်တွင်မူတည်၍ ပြေးဆွဲပေးမည်ဖြစ်ပြီး ဘိုးရင်း ၇၂၇ ကုန်တင်လေယာဉ် အမျိုးအစားဖြစ်ကြောင်း၊ ယင်းလေယာဉ်ဖြင့် ရေထွက်ကုန်များကို ဗန်ကောက်သို့တင်ပို့ပြီး ဗန်ကောက်မှတစ်ဆင့် တခြားနိုင်ငံများသို့ ဆက်လက်တင်ပို့နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

❖ **ကျောဖုံးမှ**

ဒုတိယအဖွဲ့ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးအဖွဲ့ (NDAA)၊ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA)၊ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာန(Myanmar Peace Center) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ကာလရှည်ကြာအတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြပြီး ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ညီညွတ်မှုကို Unity in Diversity အဖြစ် ပြောင်းလဲနိုင်ရန် မြစ်ကြီးနားခရီးစဉ်၌ တိုက်တွန်းပြောကြားခဲ့ပါကြောင်း။

ပဋိပက္ခများချုပ်ငြိမ်းမှု မရှိသေးသော မိမိတို့နိုင်ငံအနေဖြင့် ယနေ့အချိန်အခါတွင် အမျိုးသားညီညွတ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး အရေးနိုင်ငံရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍လည်း တိုင်းရင်းသားအားလုံး နှစ်ပေါင်းများစွာ တောင့်တနေသော နိုင်ငံရေးဆွေးနွေးပွဲကို ဆက်တိုက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့ပါကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် ပြုလုပ်နေသော အထွေထွေပြုပြင်ပြောင်းလဲရေး လုပ်ငန်းများသည် တိုင်းရင်းသားညီအစ်ကိုအားလုံး တန်းတူရည်တူ အခွင့်အရေးရရှိပြီး လွတ်လပ်ပွင့်လင်းသည့်လူ့အဖွဲ့အစည်းကို တည်ဆောက်နေခြင်း ဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားခဲ့ပါကြောင်း၊ ထိုပြောကြားချက်များအားလုံးသည် ယခုမိမိတို့ တည်ဆောက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများကို လျော့ကျစေမည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်သော Single Text ပြုစုရေးသားရေးအစည်းအဝေးတွင် လွှတ်တော်မှ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ မိမိနှင့်အစိုးရအဖွဲ့ကိုယ်စားပြု ပြည်ထောင်စုဝန်ကြီးများ တစုတစည်းတည်း ပါဝင်တက်ရောက်ဆွေးနွေးခြင်းသည်ပင်လျှင် နိုင်ငံ စေတနာမှန်ကန်မှုတွေကို အခြေခံအင်အားများအဖြစ်ရယူပြီး တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရေးအတွက် အရေးအကြီးဆုံးအဆင့်ဖြစ်သော အားလုံးသဘောတူလက်ခံသည့် Single Text Document တစ်ရပ်အောင်မြင်စွာ ရေးသားနိုင်ရန် ကြိုးပမ်းအားထုတ်သွားကြပါစို့ဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှု ကော်မတီ (NCCT) အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက " ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများသည်လည်း မွေးဖွားသည်မှအစပြု၍ ပြည်တွင်းစစ်ဒဏ်ကိုခံကြရသူများဖြစ်ပါကြောင်း၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် နည်းလမ်းရှာဖွေရန် တာဝန်ရှိပါကြောင်း၊ နည်းလမ်းရှာဖွေရာတွင် သံသယများကို စိတ်ရှည်သည်းခံပြီး ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်ရေးအတွက်ဖိတ်ခေါ်ပြီး စုစည်းနိုင်သည့်အတွက် လုပ်ငန်းစဉ်ကမြင့်လာပြီဟု ပြောနိုင်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိတို့၏ သားသမီးမြေးမြစ်များ စိတ်အေးချမ်းစွာ နေထိုင်နိုင်စေရန် ပြည်တွင်းစစ်ရပ်စဲရေးကို အားလုံးတာဝန်ယူဆောင်ရွက်ကြပါစို့"ဟူ၍ ပြောကြားခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်း ကျင်းပသည့်အစည်းအဝေးကနေ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်သွားနိုင်ပါမည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ လွှတ်တော်အသီးသီးအနေဖြင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် လိုအပ်သည့်အခန်းကဏ္ဍများကို ပြင်ဆင်ဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေရေးဆွဲပြဋ္ဌာန်းပြီးသွားပြီး အတည်ပြုဖို့သာ ကျန်ပါတော့ကြောင်း၊ ဒုတိယအဆင့်ဖြစ်သည့် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ပြီး လွှတ်တော်အသီးသီးမှာ ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့စဉ်က သဘောတူညီချက်များရရှိခဲ့ပြီး အောင်မြင်ခဲ့ပါကြောင်း၊ အခန်းလိုက် ခေါင်းစဉ်ကြီးများကို ဆွေးနွေးနိုင်ရန် အတည်ပြုသတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအပေါ် မူတည်ပြီး ဆက်လက်အောင်မြင်အောင် ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။

NCCT မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဖဒိုစောကွယ်ထူးဝင်းက "ယနေ့ဆွေးနွေးပွဲသို့ အားလုံးစုံစုံညီညီတက်ရောက်ခဲ့၍ ထူးခြားသော သမိုင်းတွင်မည့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲကို တပ်မတော်တို့ တစ်စိတ်တစ်ဝမ်းတည်း အားလုံးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊'ထာဝရငြိမ်းချမ်းရေးရယူရန် အမှန်တကယ်ဆန္ဒရှိရန်၊ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေးသဘောတူညီချက်အပေါ် အမြတ်မထုတ်ရန်၊ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ နိုင်ငံတော်က ထုတ်ပြန်သည့် တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာရန်၊ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကိုလက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းမှုတွင် လိုက်ပါဆောင်ရွက်ရန်'ဟူသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုကို စောင့်နေပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ပြည်သူများ၏ လိုလားမှုကို တစ်ဖက်တစ်လမ်းမှ ပါဝင်ပြီး တင်ပြသွားမည်ဖြစ်ကြောင်း" ဖြင့် လည်းကောင်း။

ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA)၊ အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေး အဖွဲ့ (NDAA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့် နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) တို့မှ ကိုယ်စားလှယ်များကလည်း ယနေ့ဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် အဲဒီလိုကြိုးပမ်းရာမှာ အပေးအယူ မှန်မှန်ကန်ကန်ဖြစ်ဖို့ကို ပြည်သူတွေကလည်း ပါဝင်ဖို့လိုပါတယ်လို့ ပြောချင်ပါတယ်" ဟု ဆိုသည်။

ဗိုလ်မှူးကြီးခွန်ဥက္ကာက "ဆွေးနွေးပွဲတွေက တစ်ကြိမ်နဲ့ တစ်ကြိမ် ပိုပြည့်စုံလာပြီ။ ဆုံချက်ပိုကောင်းလာတယ်။ အတူတကွပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်မြင့်မားလာပြီလို့ခံစားတွေ့ရှိရတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လက်မှတ်ရေးထိုးရမယ့်စာချုပ်မှာပါမယ့်အချက်အလက် စာသားတွေ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ တဖြည်းဖြည်းတူလာမယ်လို့ မျှော်လင့်ရတယ်။ ဝိုင်းဝန်းပြီး လုပ်ချင်ကိုင်ချင်စိတ်ရှိတယ်ဆိုတာက

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးမူကြမ်း ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မူဝါဒ(၆)ရပ်နှင့် စပ်လျဉ်း၍လည်းကောင်း။"

NCCT မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဂွမ်မော်က "ယနေ့ဆွေးနွေးပွဲသို့ စုံစုံညီညီတက်ရောက်ခဲ့၍ ဝမ်းသာပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၂၁)ဖွဲ့တက်ရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအနေဖြင့် မူကြမ်းတစ်စောင်ရရှိကာ အရှေ့ကိုရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယခင်အပစ်အခတ်ရပ်စဲခဲ့စဉ်က လိုအပ်ချက်များကို ပြန်သုံးသပ်လျှင် ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ကြာမြင့်မည်မဟုတ်ပါကြောင်း၊ NCCT ကိုယ်စား၊ KIO အဖွဲ့ကိုယ်စား အားသွန်ခွန်စိုက်ဆောင်ရွက်သွားမည် ဖြစ်ပါ သဘောထားအမြင်များနှင့် နှုတ်ခွန်းဆက်စကားများကိုလည်းကောင်း အသီးသီးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ (NCCT) တို့မှ နှစ်ဖက်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးအတွက် ညနေပိုင်းအထိ ရင်းနှီးခင်မင်စွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် သတင်းအဖွဲ့က NCCT မှ တာဝန်ရှိသူအချို့၏ သဘောထားအမြင်များကို သီးခြားတွေ့ဆုံမေးမြန်းခဲ့ရာ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက "လူမျိုးပေါင်းစုံနဲ့စုစည်းထားတဲ့ နိုင်ငံမှာ ကောင်းတဲ့လက္ခဏာ ဖြစ်လာပြီ။ တစ်ဖွဲ့ဖွဲ့က မပါတော့ဘူးဆိုပြီး ဘေးမှာနေလိုက်ရင် လုပ်ရကိုင်ရတာခက်မယ်၊ အခု ၂၁ ဖွဲ့လုံးက ရောက်လာတယ်၊ အတူတူလုပ်မယ်ဆိုတဲ့စိတ်ဓာတ်ကို ဖော်ထုတ်မယ်ဆိုတော့ ရလဒ်ကောင်းတွေ ထွက်မယ်လို့ယူဆရပါတယ်၊ ပြည်သူတွေအတွက် အကောင်းဆုံး လက်ဆောင်က ငြိမ်းချမ်းရေးဖြစ်ပါတယ်။ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့လုပ်ကိုင်စားသောက်နိုင်အောင် တိုင်းရင်းသားခေါင်းဆောင်တွေက အလေးအနက်စဉ်းစားပြီး ပါဝင်တာဖြစ်ပါတယ်။ ပြည်သူတွေဘက်ကလည်း ဒီဖြစ်စဉ်ကို အဆက်မပြတ် စောင့်ကြည့်အကဲခတ်ဖို့ တစ်စုံတစ်ရာချွတ်ချော်ခဲ့ရင် အဲဒီမတူတဲ့ကိစ္စကို ငြိမ်းချမ်းတဲ့နည်း၊ ဆွေးနွေးတဲ့နည်းနဲ့ ဖြေရှင်းသွားဖို့

ဦးနိုင်ဟံသာ ပြောကြားစဉ်။

ဖဒိုစောကွယ်ထူးဝင်း ပြောကြားစဉ်။

ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ပြောကြားစဉ်။

ဗိုလ်ချုပ် ဂွမ်မော် ပြောကြားစဉ်။

တကြီး လိုအပ်နေကြောင်းကိုလည်း ပြောကြားခဲ့ပါကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် တိုင်းရင်းသားများနှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဖြစ်ထွန်းမှုများကို လိုင်ဇာကွန်ဖရင့်၊ လောခီးလာကွန်ဖရင့်များကျင်းပနိုင်ခြင်းကို တိုးတက်ဖြစ်ထွန်းမှုများအဖြစ် ရှုမြင်ကြောင်းဖြင့်လည်း ပြောကြားခဲ့ပါကြောင်း။

တစ်ဆက်တည်းမှာပင် တပ်မတော်အနေဖြင့်လည်း လက်ရှိတည်ဆောက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတော်အစိုးရနှင့်တစ်သားတည်းရှိပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေလျက်ရှိကြောင်းကိုလည်း နိုင်ငံတော်သမ္မတကြီးက ပြောကြားခဲ့ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍လည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် လိုအပ်သောပြင်ဆင်မှုများကို တိုင်းရင်းသားများနှင့် ဆွေးနွေးညှိနှိုင်းပြီး အဓိကထားပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါကြောင်း။

တော်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးရေး ကိစ္စရပ်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်အောင်မြင်ရေးတို့ကို မည်မျှအလေးထားကြိုးပမ်းဆောင်ရွက်နေသည်ကို သက်သေထူနေခြင်းဖြစ်ကြောင်းလည်း ပြောကြားလိုပါကြောင်း။

ယခုဆွေးနွေးပွဲတွင် မိမိတို့အားလုံး လွတ်လပ်ပွင့်လင်းစွာ၊ ရင်းနှီးခင်မင်စွာဖြင့် ရလဒ်ကောင်းများရရှိရေးကို ဦးတည်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အစည်းအဝေးများကို နှစ်ရက်တာပြုလုပ်ရန် လျာထားသော်လည်း လုပ်ငန်းအခြေအနေအရ ရက်တိုးရန် လိုအပ်ပါက လိုအပ်သလို ဆောင်ရွက်နိုင်ရန် အဆင်သင့်ကြိုတင်စီမံထားပါကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးနှင့် မိမိတို့ နှစ်နှစ်ကျော်ကာလ ကြိုးပမ်းတည်ဆောက်ထားသော အချင်းချင်း အပြန်အလှန် ယုံကြည်စိတ်ချမှု၊ ငြိမ်းချမ်းရေး တည်ဆောက်မှုအပေါ် အလေးအနက်ထားရှိမှုနှင့် စိတ်ရင်း

သားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က " မြန်မာနိုင်ငံ၏ သက်တမ်းတစ်လျှောက်တွင်တစ်ကြိမ်တစ်ခါမှ ယခုကဲ့သို့ စုံစုံညီညီနှင့် ဆွေးနွေးခဲ့သည့် အစည်းအဝေးမျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးကြောင်း၊ အစိုးရ-လွှတ်တော်-တပ်မတော်နှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး စုံစုံညီညီတက်ရောက်လာခဲ့ပါကြောင်း၊ အချုပ်အခြာအာဏာကိုထိပါးမည့် ကိစ္စနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ခွဲထွက်မည့်ကိစ္စမျိုးကလွဲပြီး အခြားကိစ္စများအားလုံးကို ဆွေးနွေးနိုင်ရန် တံခါးဖွင့်ထားပါသည်ဟု နိုင်ငံတော်သမ္မတကြီးက အတိအလင်းကြေညာပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဖြင့် ညှိနှိုင်းတိုင်ပင်ရင်း အနာဂတ်နိုင်ငံတော်ကြီးအတွက်ကို ညှိနှိုင်းဆွေးနွေးမှုများနှင့် အဖြေရှာသွားရမည့် အခြေအနေဖြစ်မည်ဟု တင်ပြချင်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို တက်လှမ်းနိုင်ရန်အတွက် ယနေ့

ဦးအောင်မြင့် ပြောကြားစဉ်။

တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးက စောင့်ကြည့်နေမည်ဖြစ်ပါကြောင်း၊စေတနာမှန်မှန်ဖြင့်ဆောင်ရွက်လျှင် ငြိမ်းချမ်းရေးရရှိမည် ဖြစ်ကြောင်း၊ အောင်မြင်မည်ဟုလည်းယုံကြည်ပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက "ထာဝရငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့်

ဦးစိုင်းလှ ပြောကြားစဉ်။

ကြောင်း၊ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း"ဖြင့်လည်းကောင်း။

ဝပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ကိုယ်စားလှယ် ဦးအောင်မြင့်က "မိမိတို့အဖွဲ့အနေဖြင့် ၁၉၈၉-၁၉၉၀ ခုနှစ်တွင် ငြိမ်းချမ်းရေးရယူခဲ့သည်မှာ ယခုအချိန်အထိ တည်ဆဲဖြစ်ကြောင်း၊ တစ်လျှောက်လုံး ငြိမ်းချမ်းခဲ့၍ ဒေသ

ဦးကြည်မြင့် ပြောကြားစဉ်။

စစ်မှန်တဲ့ ပြည်ထောင်စုဖြစ်ဖို့လိုတယ်။ အနာဂတ်မှာ ငြိမ်းငြိမ်းချမ်းချမ်းနေဖို့ ငြိမ်းချမ်းရေးလိုလားလို့ အခုလိုဆွေးနွေးပွဲတွေလုပ်ပြီး ပြင်ဆင်နေတာပါ။ မရသေးတာတော့ ကြိုးစားသွားရမှာပေါ့။ အခုအစိုးရနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေအပါအဝင် အားလုံးက ကျွန်တော်တို့နိုင်ငံကို အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေတယ်။

ရဲဘော်သံခဲ ပြောကြားစဉ်။

ဒီမူကိုဆက်ကိုင်သွားဖို့ ပြည်သူတွေက တောင်းခံသင့်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ မပြေမလည်ဖြစ်တာနဲ့ လက်နက်ကိုင်ပြီး ပဋိပက္ခကိုပြန်စမယ်ဆိုရင် အစိုးရကပဲဖြစ်ဖြစ်၊ တိုင်းရင်းသား လက်နက်ကိုင်ကပဲဖြစ်ဖြစ် ပြန်စတဲ့သူကို ပြည်သူတွေက ဒဏ်ခတ်သင့်ပါတယ်"ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လေ့လာရေးအဖွဲ့ဝင်များ နေပြည်တော်ရှိစိုက်ကွင်းများလေ့လာ

နေပြည်တော် မေ ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လေ့လာရေးအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စိုက်ကွင်းရှိ ကညွတ်သီးနှံစိုက်ခင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်း၊ ရာသီသီးနှံစိုက်ခင်း၊ ကညွတ်ပျိုးခင်း၊ ကြံစိုက်ခင်းနှင့် ပျိုးဥယျာဉ်၊ ငရုတ်စပ်မျိုးစိုက်ခင်း၊ ရွှေဖရုံသီးစိုက်ခင်း၊ စပ်မျိုးဖရဲစိုက်ခင်း၊ ကြက်ဟင်းခါးသီးစိုက်ခင်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကညွတ်စိုက်ခင်း၊ စပ်မျိုးခရမ်းရှည်စိုက်ခင်း၊ သခွားမွှေးစိုက်ခင်း၊ ကျောက်ဖရုံသီးနှင့် ရွှေဖရုံသီးစိုက်ခင်း၊ အော်ဂဲနစ်နာနတ်သီးစိုက်ခင်းနှင့် သဘော်သီးစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀ စိုက်ခင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ပုလဲသွယ်နွေစပါး ၄၄၀ ဧကစိုက်ခင်း၊ ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ဂုန်မင်းအင်းရှိ စက်မှုလယ်ယာမြေဧက ၃၀၀ စိုက်ကွင်း၌ လယ်ယာသုံးစက်ကိရိယာအသုံးချမှုများကို လက်တွေ့လေ့ကျင့်သင်ကြားနေမှုများနှင့် ခေတ်မီတွင်းတူးစက် သရုပ်ပြမှုများကိုကြည့်ရှုကြရာ ပြည်ထောင်စုဝန်ကြီးက လေ့လာရေးအဖွဲ့ဝင်များအား ရှင်းလင်းပြောကြားရာ၌ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ရာတွင် မျိုးကောင်းမျိုးသန့်များပြောင်းလဲသုံးစွဲခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်း၊ စက်မှုလယ်ယာစနစ်ကူးပြောင်းခြင်းများကို နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းဒေသကြီး၌ အကြားအလပ်မကျန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရန် လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေပြီး မကြာမီကာလအတွင်း လယ်ယာသုံးစက်ကိရိယာများ အသစ်ရောက်ရှိလာတော့မည်ဖြစ်၍ တိုးချဲ့အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံယဉ်ကျေးမှုသင်တန်းဆင်း

မန္တလေး မေ ၅

သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့က ကြီးမှူး၍ (၂၆)ကြိမ်မြောက် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှု သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၂၃×၂၄ လမ်းကြားရှိ ဓမ္မဗိမာန်တော်၌ ကျင်းပရာ ဩဝါဒါစရိယဆရာတော် မစိုးရိမ်ကျောင်းတိုက် အာဂမနယူပဒေသကျောင်း၊ တိပိဋက ရွေးချယ်ရေးအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥေယျာဘိဝံသ အရှင်သူမြတ်ထံမှ သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်(ပါမောက္ခငြိမ်း)နှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌက ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှု သာသနာရေးဆိုင်ရာ သင်တန်းများနှင့် ပတ်သက်၍ လျှောက်ထားသည်။

ဆက်လက်၍ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သက်နှင်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုသင်တန်းတွင် နှစ်နှစ်ဆက်တိုက် ပထမဆုရ အသက်အငယ်ဆုံးသင်တန်းသူ မသင်းကြယ်စင်ညွှန့်နှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား ဆရာတော်ကြီးက ထူးချွန်ဆုနှင့် အောင်လက်မှတ်ကို တစ်ဦးချင်းစီ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းကို မတ် ၃ ရက်မှ မေ ၅ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိ သင်တန်းသား ၃၀၀ ကျော်တို့အား အတွင်းရေးမှူး ဦးမောင်မောင်နှင့် သင်တန်းနည်းပြဆရာ ဆရာမများက ပို့ချပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စက်ချွတ်ယွင်း၍ ရပ်တန့်ထားသည့် ဆီတင်ဘောက်ဆာယာဉ်ကို ၁၂ ဘီးကုန်တင်ယာဉ်က ဝင်တိုက်မိ၍ ငါးနာရီကြာယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွား

ရေတာရှည် မေ ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၁၉၃/၃)နှင့်(၁၉၃/၄) အကြားတွင် မေ ၅ ရက် နံနက် ၄နာရီခွဲခန့်က စက်ချွတ်ယွင်း၍ ရပ်တန့်ထားသည့် ၂၂ ဘီးဆီတင်ယာဉ်အား မြောက်မှ တောင်ကို ကြက်သွန်များ တင်ဆောင်လာသည့် ၁၂ဘီးကုန်တင်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ကာ ငါးနာရီကြာမြင့်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မန္တလေးမှရန်ကုန်ဘက်သို့ ဇော်မြင့်(၄၃)နှစ် ရန်ကုန်မြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ် ၉ယ/------ ၂၂ ဘီး ဆီတင်ဘောက်ဆာယာဉ်သည် စက်ပျက်၍ကားလမ်း၏ အနောက်ဘက်တွင်ရပ်တန့်ထားပြီး ယာဉ်မောင်းမှာ စက်ပစ္စည်းဝယ်ရန် ရန်ကုန်မြို့သို့သွားနေစဉ် ယာဉ်နောက်လိုက် အောင်ပိုင်စိုး (၂၇) နှစ်၊ သုံးခွကျေးရွာ ဓနုဖြူမြို့နေသူက ယာဉ်ကိုစောင့်၍ ကားခေါင်းခန်းထဲတွင် အိပ်ပျော်နေစဉ် ယာဉ်ကြောတူ မြောက်မှ တောင်သို့ အောင်ကိုဇော်(၂၁) နှစ် ကျောက်တန်းရွာ မလှိုင်မြို့နယ်နေသူ မောင်းနှင်လာသည့် ၁စ/------ ကြက်သွန်များတင်ဆောင်လာသော ၁၂ ဘီးယာဉ်က ရပ်တန့်ထားသော ဆီတင်ဘောက်ဆာယာဉ်၏ နောက်ပိုင်းဝဲဘက်ခြမ်းကို ဝင်တိုက်မိပြီး ကားလမ်းအလယ်တွင်ရပ်တန့်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ၁၂ ဘီးယာဉ်မောင်း အောင်ကိုဇော်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ဝဲလက်ကောက်ဝတ်ကျိုးဒဏ်ရာ၊ ယာပေါင်ကျိုးဒဏ်ရာများရရှိခဲ့သဖြင့် တောင်ငူဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ဆောင်ပေးခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ရန်ကုန်-မန္တလေး ကားလမ်း အစုန်-အဆန်လမ်းများ တစ်မိုင်ကျော်ကျော်အထိ ပိတ်ဆို့ခဲ့သဖြင့် ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်း၊ ရေတာရှည်မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဇေယျဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးခဲ့သဖြင့် နံနက် ၈ နာရီခွဲတွင် လမ်းပွင့်သွားခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက ယာဉ်(ပ)၁၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၈ဖြင့်အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

တူမီးသေနတ်ကိုင်ဆောင်သူကို အရေးယူ

နေပြည်တော် မေ ၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တောင်ပို့နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကွမ်းတောကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မေ ၂ ရက် ညနေ ၆ နာရီခွဲက ရွာ၏အရှေ့တောင်ဘက်လမ်းမပေါ်၌ သပြေကုန်းကျေးရွာနေ ကျော်နိုင်ဝင်း (၃၀)နှစ်အား အရှည် ၄ ဒသမ ၅ ပေခန့်ရှိ တူမီးသေနတ်တစ်လက်၊ အရှည် သုံးပေခန့်ရှိ ကျဉ်ထိုးသံချောင်း တစ်ချောင်း၊ ခဲသီး ၁၉ လုံး၊ ယမ်းမှုန့်တစ်ဝက်ပါ ဘူးတစ်ဘူး၊ စက္ကူကပ် မီးကူးယမ်း ၂၀ ခုတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်နိုင်ဝင်းအား တောင်ပို့နယ်မြေရဲစခန်း(ပ)၁၂/၂၀၁၄၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ရွှေဥဒေါင်း 09250512576, 01517418, 09422555543, 09421122687
April 12
50000
65000
75000
65000
90000

ဒေါင်းမင်း
09-425355758, 09-255709279

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph: 209077, 209388, 09-73167000, 09-73168000

GOLDEN STAR
April 12,13,17
Scania, Higer, Yutong
ပုဂံ(ညောင်ဦး)
ရွှေစက်တော်-ပုဂံ-ပုပ္ပါး
မန္တလေး-မုံရွာ-ရွှေလီ
ပုဂံ-တောင်ကြီး-အင်းလေး
တောင်ကြီး-အင်းလေး-ဝင်းပေါ့
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင်(နေ့စဉ်)
Ph: 209200, 430460, 544383, 703448, 09-5046000

နှလုံးလှမွေစာစဉ်
မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား

POST မူလတန်းပြဆရာဖြစ်ခွင့်သင်တန်း

ရွှေပြည်မြန်မာ 09-420249633, 420119826
April 12,13,17

စားသောက်ဆိုင်လုပ်ငန်းအတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ စားပွဲထိုး(ကျား/မ) ၂၀ ဦး
၂။ ဧည့်ကြို(ကျား/မ) ၄ ဦး
၃။ မီးဖိုချောင်အကူ(ကျား/မ) ၂ ဦး
၄။ သန့်ရှင်းရေး(ကျား/မ) ၄ ဦး
၅။ လုံခြုံရေး(ကျား) ၃ ဦး

လျှောက်ထားလိုသူများသည် ၁၀-၄-၂၀၁၄ ရက်နောက်ဆုံးထား၍
(က) ကိုယ်ရေးရာဇဝင်အကျဉ်း
(ခ) မှတ်ပုံတင်မိတ္တူ(မူရင်း)
(ဂ) ရပ်ကွက်ထောက်ခံစာ(မူရင်း)
(ဃ) ရဲစခန်းထောက်ခံစာ(မူရင်း)
(င) လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

အမှတ် ၂၈/B၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၁-၅၅၅၅၃၉၊ ၀၉-၃၀၂၂၄၄၃၈၊ ၀၉-၄၂၀၇၄၂၇၆

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ပူဇော်ပွဲကျင်းပ

မော်လမြိုင် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသအား နိုင်ငံတော်က ချီးမြှင့်သော မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိခြင်းအတွက် ပူဇော်ပွဲအခမ်းအနားကို ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁ ရက် (မတ် ၃၁ ရက်) (တနင်္လာနေ့) ည ၇ နာရီတွင် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် အောင်ဇမ္ဗူကျောင်းတိုက်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် သံဃာတော် ၂၀ ပါးအား ဆွမ်းခြောက်လောင်းလှူခဲ့ပြီး ဆည်ပရိသတ် ၃၀၀၀ ကျော်အား ကြာဆံကြော်နှင့် အအေးတို့ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းခဲ့ကာ မတ် ၃၀ ရက်နှင့် ၃၁ ရက် ညများတွင် ခင်လှိုင်၊ ဒိန်းဒေါင်တို့၏အငြိမ့်ဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် အနုပညာရှင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ခင်မျိုးနိုင် (ကြေးမုံ)**

ညောင်တုန်း၌ နွားမွေးမြူရေးအတွက် ချေးငွေများထုတ်ပေး

ညောင်တုန်း ဧပြီ ၅

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပေးခဲ့သော ငွေကျပ်သိန်း ၃၀၀ ကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ ချေးငွေများပေးအပ်ပွဲကို ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ယနေ့ထုတ်ချေးငွေများကို အတိုး ၁၃ ကျပ်နှုန်းဖြင့် တစ်နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ နွားမွေးမြူသူ ၄၉ ဦးတို့အား နွားတစ်ကောင် ခြောက်သိန်းနှုန်းဖြင့် နွားအကောင် ၅၀ အတွက် ချေးငွေများကို ဒေါက်တာခင်သန်းအေးက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ပဲခူးတံတားကြီးပေါ်ရှိ မီးများလင်းစေချင်

ပဲခူး ဧပြီ ၅

ပဲခူးမြို့လယ်ရှိ မြစ်ကူးတံတားကြီးပေါ်တွင် တပ်ဆင်ထားသော လျှပ်စစ်မီး ၁၀ လုံးသည် ညအချိန်တစ်လုံးမှ မလင်းဘဲဖြစ်နေပါသည်။ ညအချိန်တံတားတွင် မီးမလင်းသဖြင့် လုံခြုံရေးအရလည်းကောင်း၊ မသမာသူများ၏ ရန်မှ လည်းကောင်း မလိုလားအပ်သောပြဿနာများ ဖြစ်ပေါ်နိုင်ပါ၍ တာဝန်ရှိသူများအနေဖြင့် ပဲခူးတံတားကြီးပေါ်ရှိ မီးများလင်းအောင် လုပ်ဆောင်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **(ပဲခူးသား)**

မော်လိုက်မြို့နယ် ထော်သာကျေးရွာ၌ မူးယစ်ဆေးဝါးများမိ

မော်လိုက် ဧပြီ ၅

မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင့်ဝေတို့၏ညွှန်ကြားချက်အရ မော်လိုက်ခရိုင် အထူးမူခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ကျော်မျိုးမင်းနှင့်အဖွဲ့သည် ဧပြီ ၁ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်က ထော်သာကျေးရွာနေ ကျော်ကျော်နိုင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေစဉ် ၎င်းစွန့်ပစ်သော ပင်နီဆီလင်ပုလင်းအတွင်းမှ ဘိန်းဖြူဟုယူဆရသော အလေးချိန် ၁ ဒသမ ၇၆၉၀၄ ဂရမ်ခန့်ပါတစ်ပုလင်းနှင့် ၎င်းနေအိမ်တွင် ရောက်ရှိတည်းခိုနေသော ကလေးဝမြို့နယ် ကျောင်းကြီးရွာနေ ထွန်းချို အိပ်နေသောခေါင်းရင်းမှ ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေးများကပ်နေသည့် အလျားတစ်လက်မခန့်ရှိ ပလတ်စတစ်လိပ်တစ်ခုတို့ကို သိမ်းဆည်းရမိသဖြင့် ကျော်ကျော်နိုင်နှင့်ထွန်းချိုတို့နှစ်ဦးအား မော်လိုက်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဗဟန်းမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

ရန်ကုန် ဧပြီ ၅

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်တွင် မတ် ၃၀ ရက် နံနက် ၇ နာရီမှစတင်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ စတင်ကောက်ယူလျက်ရှိရာ ဗဟန်းမြို့နယ်အတွင်းရှိ သာသနာ့ရိပ်သာရပ်ကွက်အတွင်း ဧပြီ ၃ ရက်က ငါးရက်မြောက်နေ့ သန်းခေါင်စာရင်းကောက်ယူမှုကို အိမ်တိုင်ရာရောက် ဆောင်ရွက်ခဲ့ကြသည်။

(သန္တာမေ)

လျှပ်စစ်ဓာတ်အားခတိုးမြှင့်ကောက်ခံမှု ရှင်းလင်း

နေပြည်တော် ဧပြီ ၅

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံမှုနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား ဓာတ်အားခတိုးမြှင့်ကောက်ခံမှုနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

မွေးနေ့ဆုတောင်း

ယနေ့ ၆-၄-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်သမီးလေး သုလဝန်းထက်(ခ) သဲသဲတုန်၏ (၂)မြောက်မွေးနေ့ရက်မြတ်မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အမျိုး၊ ဘာသာ၊ သာသနာနှင့် အများအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော၊ ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဖေဖေ - ဦးဟိန်းထက်လင်း
မေမေ - နန်းပြုံးပွင့်ခိုင်
ဘိုးဘိုး - ဦးစံလင်း
ဘွားဘွား - ဒေါ်တင်အုန်း
ပူပူ - ဦးညွန့်ဝေ
နိုင်းနိုင်း - ဒေါ်စုစုခိုင်

ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ခင်လေးစားရပါသော ဖေဖေ ဦးညွန့်ဝေနှင့် မေမေ ဒေါ်စုစုခိုင်တို့၏ ၆-၄-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်သက်တမ်း နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သားသမီးမြေးတို့နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် အတူတကွ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန် ကောင်းတောင်းလျက်-

သမီးကြီး - နန်းဝေဖြိုးခိုင်
သမီးငယ် - ဟိန်းထက်လင်း-နန်းပြုံးပွင့်ခိုင်
မြေးလေး - သုလဝန်းထက်@သဲသဲတုန်

ဒုတိယကမ္ဘာစစ်အကြောင်းပုံဖော်ထားသည့် ဇာတ်ကားသစ်တွင် ပါဝင်မည့် ဘရက်ပစ်ဒ်

ဟောလိဝုဒ်ငွေကြယ်ပွင့် ဘရက်ပစ်ဒ်က ဒုတိယကမ္ဘာစစ်အကြောင်းပုံဖော်ထားပြီး အချစ်ဇာတ်လမ်းများလည်းပါဝင်သည့် ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ရန် သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

ယခုအချိန်ထိ ယင်းဇာတ်ကား၏အမည်ကို သတ်မှတ်ရခြင်းမရှိသေးကြောင်းနှင့် ရိုက်ကူးမည့် ဒါရိုက်တာအမည်ကိုလည်း ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် ယင်းဇာတ်ကား၏ ထုတ်လုပ်ရေးလုပ်ငန်းများကို ၂၀၁၅ နှစ်ဦးပိုင်းတွင် စတင်သွားမည်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းဇာတ်ကားများနှင့် မစိမ်းသူ အသက်(၅၀)အရွယ် ဘရက်ပစ်ဒ်အတွက် ယင်းဇာတ်ကားသည် အခက်အခဲမရှိနိုင်ကြောင်း၊ ထို့အပြင် ယခုနှစ် နိုဝင်ဘာလတွင် ထွက်ရှိမည့် Fury အမည်ရှိ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ကားတစ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

မျိုးစန္ဒာမောင်



MI: 5 အတွက် စိတ်လှုပ်ရှားနေသည့် တွမ်ခရုစ်

Mission: Impossible ဇာတ်လမ်းတွဲများတွင် ပင်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သည့် တွမ်ခရုစ်က အသစ်ထွက်ရှိလာမည့် Mission: Impossible 5တွင်လည်း ယခင်ဇာတ်ရုပ်ဟောင်း IMF၏ အေးဂျင့်တစ်ဦးဖြစ်သည့် အီသန်ဟန့်ထ်အဖြစ် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းဇာတ်ကားသည် လွန်စွာမှ စိတ်လှုပ်ရှားဖွယ်ကောင်းပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

MI: 5 ဇာတ်ကားသစ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ၌ စတင်ရုံတင်ပြသသွားရန်စီစဉ်ထားပြီး ယခုလက်ရှိတွင် ဇာတ်ညွှန်းပိုင်းဆိုင်ရာများအားလုံးနီးပါးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"အရင် MI: 4 တုန်းကလည်း မျှော်လင့်ထားတာထက်ပိုပြီးတော့ အောင်မြင်ခဲ့ပါတယ်။ အခုဇာတ်ကားသစ်ကိုလည်း အများကြီးမျှော်လင့်ထားပါတယ်။ ပရိသတ်ကို ဒီလိုစိတ်ဝင်စားဖွယ် ဇာတ်ကားတွေတင်ပြခွင့်ရတာကိုက အရမ်းစိတ်လှုပ်ရှားဖို့ကောင်းပါတယ်"ဟု တွမ်ခရုစ်က ဆိုသည်။

အဆိုပါ MI: 5 ဇာတ်ကားသစ်ကို ယခုနှစ်နွေရာသီတွင်စတင်ရိုက်ကူးနေပြီဖြစ်ပြီး အမေရိကန် မင်းသား Jeremy Renner၊ Simon Pegg နှင့် Christopher McQuarrie တို့လည်း ဆက်လက်ပါဝင်သွားကြမည်ဖြစ်သည်။

ပေကျင်းကောလိပ်ကျောင်းသားများရုပ်ရှင်ပွဲတော် ကျင်းပမည်

(၂၁)ကြိမ်မြောက်အဖြစ် ကျင်းပမည့် ပေကျင်းကောလိပ်ကျောင်းသားများ၏ ရုပ်ရှင်ပွဲတော်ကို ဧပြီ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ယင်းပြိုင်ပွဲ၏ Jury Award အတွက် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် ဇာတ်ကား ၃၄ ကား၏ အမည်စာရင်းများကို အဆိုပါရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်၏ ဆုအမျိုးအစားအသီးသီးအတွက် ပါဝင်ယှဉ်ပြိုင်ရန်အတွက်မှ ဇာတ်ကားပေါင်း ၂၀၀ ကျော်ရွေးချယ်ထားပြီး ယင်းတို့တွင် ဟောင်ကောင်အက်ရှင်မင်းသားကြီး ဂျက်ကီချန်း၏ Police Story 2013 ဇာတ်ကားလည်း ပါဝင်သည်။

ထို့အပြင် ၃၃ ရက်ကြာကျင်းပမည့် ယင်းဆုပေးပွဲတွင် ကျောင်းသားများက မဲပေးရွေးချယ်သည့် ဆုအမျိုးအစားများတွင် အကြိုက်ဆုံးဒါရိုက်တာဆု၊ အကြိုက်ဆုံး မင်းသား၊ မင်းသမီးဆုများလည်း ပါဝင်မည်ဖြစ်ကာ ရုပ်ရှင်ဇာတ်ကားသုံးသပ်ချက်ပြိုင်ပွဲ၊ ဇာတ်ညွှန်းနှင့် ရုပ်ရှင်ဇာတ်ကားအပေါ် ဈေးကွက်လိုအပ်ချက်အလိုက် သုံးသပ်ချက်ပြိုင်ပွဲများနှင့် အခြားစိတ်ဝင်စားဖွယ်ပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ပေကျင်းတက္ကသိုလ်နှင့် Beijing Municipal Bureau of Radio, Film and Television တို့ ပူးပေါင်းကျင်းပသည့် အဆိုပါရုပ်ရှင်ပွဲတော်သည် တရုတ်နိုင်ငံ၏ အထင်ကရရုပ်ရှင်ပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး မျိုးဆက်သစ် ရုပ်ရှင်ပညာရှင်များထွက်ပေါ်လာရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၄-၂၀၁၄ (တနင်္ဂနွေနေ့)

MRTV

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၄၀	ဖြု/မည်း ရုပ်ရှင် "ချစ်သူကြင်သူမြတ်နိုးသူ" (ဝင်းဦး၊ မြင့်မြင့်ခင်၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-ဝင်းဦး)
၄း၂၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၈း၅၀	ကြယ်ပွင့်များ ရဲ့အထင်ကရတေးများ
၉း၀၀	ပြည်တွင်းသတင်း -တစ်မျက်နှာတစ်ကွက်စာ "အယောင်ဆောင်ချစ်သူ" (ပထမပိုင်း)(ထွန်းကိုကို၊မေ) [ဒါရိုက်တာ-မေတင် (MMG)]

MRTV-4

၅း၀၀	ပဋ္ဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀	"မရှိမဖြစ်မေမေ" တရားတော် (အပိုင်း-၂) [ဆရာတော်ဘဒ္ဒန္တကုသလ]
၁၂း၃၅	ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာ"သင်တန်း
၈း၃၅	Sunday Talk (ချစ်ထွန်းဖေ၊ မျိုးမြတ်သူ)
၁၀း၄၅	MRTV-4 Stage
၁၁း၃၀	Spain Laliga Sevilla Vs Espanyol (Live)
၁း၃၀	World Of Knowledge (Megafactories : Dodge Challenger)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄း၃၀	Malaga -Granada	(Star Sports)
၉း၃၀	Elche -Getafe	(Star Sports)
၁၁း၃၀	Sevilla -Espanyol	(Star Sports)(MRTV-4)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁း၃၀	Real Valladolid -Valencia	(Star Sports)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

MWD

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၅	ဓမ္မပူဇာတေး
၆း၃၀	ယောဂ
၈း၅၅	မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အဆိပ်သင့်စက္ကန့်များ
၁း၃၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျက်စီဘယ် (အပိုင်း-၆၂)
၅း၀၀	မြန်မာသကြံန်
၅း၂၀	ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၃၅	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကောင်းကင်သမားတော်' (အပိုင်း-၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -Humbergar Hill (အပိုင်း-၂)(ဇာတ်သိမ်း) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နတ်သမီးပုံပြင်" (အပိုင်း-၃၀)

မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာဖတ်ရှုလိုသူများ ဆက်သွယ်နိုင်ပါသည်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများကို ရန်ကုန်မြို့နှင့် မြန်မာပြည်အနှံ့မှ လပေးစနစ်ဖြင့် ဝယ်ယူဖတ်ရှုလိုသည့် မိဘပြည်သူ သတင်းစာဖတ်ပရိသတ်များသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

ရန်ကုန်

-မြန်မာ့အလင်း	မန်နေဂျာ ဖုန်း ၀၁-၅၄၄၃၁၄	ဖြန့်ချိရေး ဖုန်း ၀၁-၅၄၄၃၁၇
	၀၉-၄၃၀၁၆၀၃၀	၀၉-၄၂၀၁၁၄၀၀၅
- ကြေးမုံ	မန်နေဂျာ ဖုန်း ၀၁-၈၆၁၀၆၈၅	ဖြန့်ချိရေး ဖုန်း ၀၁-၂၉၂၈၃၀
	၀၉-၂၅၄၀၇၅၈၀၉	၀၉-၄၅၀၅၃၉၅၅၃
-New Light	မန်နေဂျာ ဖုန်း ၀၁-၃၉၂၂၂၆	ဖြန့်ချိရေး ဖုန်း ၀၁-၃၉၂၃၀၄
	၀၉-၇၃၂၃၁၆၃၄	၀၉-၄၅၀၀၂၅၅၇၀
-နေပြည်တော်	တာဝန်ခံအရာရှိ ဖုန်း ၀၆၇-၃၆၉၉၉	ဖြန့်ချိရေး ဖုန်း ၀၆၇-၃၆၁၀၅
	ရုံးချုပ် (ဖြန့်ချိရေးဌာန) ဖုန်း ၀၆၇-၄၁၂၁၁၈	

မန္တလေး၊ ဖုန်း ၀၂-၇၃၂၁၉	တောင်ကြီး ဖုန်း ၀၈၁-၂၁၂၁၁၆၄	မကွေး ဖုန်း ၀၆၃-၂၃၇၁၂
ကျိုင်းတုံ ဖုန်း ၀၈၄-၂၂၄၉၂	ကလေး ဖုန်း ၀၇၃-၂၂၁၃၃	မြစ်ကြီးနား ဖုန်း ၀၇၄-၂၂၄၆၂
စစ်တွေ ဖုန်း ၀၄၃-၂၃၀၆၈	လားရှိုး ဖုန်း ၀၈၂-၂၄၀၆၇	မြိတ် ဖုန်း ၀၅၉-၄၂၁၈၃

Marketing Manager ဖုန်း ၀၉-၂၅၀၀၀၇၉၇၇

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း





ပြည်တွင်းရေးရာ

နွေရာသီဂေါက်သီးရိုက်အားကစားနည်း အခြေခံသင်တန်း (၆/၂၀၁၄) ကျင်းပပြီးစီး

ရန်ကုန် မေ ၅

အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော နွေရာသီဂေါက်သီးရိုက်အားကစားနည်း အခြေခံသင်တန်း အမှတ်စဉ် (၆)အား ရန်ကုန်မြို့ ကျောက်ရေတွင်းရှိ မြန်မာ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ မတ် ၂၅ ရက်မှ မေ ၄ ရက် အထိ ဖွင့်လှစ်ခဲ့ရာ အခြေခံပညာကျောင်းများမှ သင်တန်းသား ၁၉ ဦး တက်ရောက်ခဲ့ကြပြီး HAN Golf Academy မှ သင်တန်းနည်းပြဆရာများက လက်တွေ့ သင်ကြားပို့ချ ပေးခဲ့သည်။

သင်တန်းဆုပေးပွဲအခမ်းအနားကို မေ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မှ တာဝန်ရှိသူများ၊ သင်တန်းသားများ၏ မိဘများ၊ ဖိတ်ကြားထားသူများက တက်ရောက်ကြသည်။

အခမ်းအနားတွင် HAN Golf Academy ကျောင်းအုပ်ကြီး ဦးကိုကိုလေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က HAN Golf Masters Pte.Ltd က ကူညီပံ့ပိုးသော ဆုများနှင့် အမှတ်တရပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

အင်းစိန်မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူနေမှုတို့ကို ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး ဒုတိုင်းရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိုင်းဝင်းအေးနှင့်အတူ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ မြို့နယ်လဝကဦးစီးမှူး ဦးထိန်လင်းသိန်းတို့ သန်းခေါင်စာရင်းကောက်ကွက်(၆)နှင့် ကောက်ကွက် (၁၀) တို့အား မေ ၁ ရက် မွန်းလွဲပိုင်းက လှည့်လည်ကြည့်ရှုအားပေးကြစဉ်။ (ကြေးမုံ)

ဂေါက်သီးရိုက်အားကစားနည်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံသင်တန်း (၂/၂၀၁၄) အမှတ်စဉ် -၂ ကျင်းပပြီးစီး

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R & A Rules Limited (St. Andrews) တို့ ပူးပေါင်းကျင်းပသော ဂေါက်သီးရိုက်အားကစားနည်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံသင်တန်း (Introductory Rules School Level 1) အမှတ်စဉ်(၂)ကို မန္တလေးဂေါက်သီးရိုက်အသင်း (MGA) ၏ ကူညီပံ့ပိုးမှုဖြင့် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၄၈ ဦးနှင့် သင်တန်းသူ ကိုးဦးတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒိုင်လူကြီးများဖြစ်ကြသော ဦးမြတ်ခိုင်၊ ဒေါက်တာမြင့်ဦး၊ ဦးငွေအောင်တို့က စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းတွင် ရေးဖြေစာမေးပွဲကျင်းပခဲ့ရာ ၉၀ ရာခိုင်နှုန်းနှင့်အထက် အောင်မြင်သူ တစ်ဦး၊ ၈၀ ရာခိုင်နှုန်းနှင့်အထက် အောင်မြင်သူ ခုနစ်ဦး၊ ၇၀ ရာခိုင်နှုန်းနှင့်အထက်အောင်မြင်သူ ၂၄ ဦး၊ သင်တန်းတက်ရောက် ပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိသူ ၂၅ ဦးဖြစ်သည်။

သင်တန်းအမှတ်စဉ် (၁)ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာဂေါက်သီးရိုက်အသင်း ကိုးမိုင် ပြည်လမ်း ရန်ကုန်တွင် သင်တန်းသား ၃၄ ဦး၊ သင်တန်းသူ ခုနစ်ဦးစုစုပေါင်း ၄၁ ဦးဖြင့် ဖွင့်လှစ်ခဲ့သည်။ **(ကြေးမုံ)**

မှုခင်းသတင်းများ

မူးယစ်ဆေးဝါးကွင်းဆက်တရားခံအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

ဘားအံ မေ ၅

ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစုမှ ဒုရဲမှူး အောင်ထူးဦးစီးတပ်ဖွဲ့ဝင်များ၊ အိန္ဒူနယ်မြေရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်လင်းထွန်းဦးစီးတပ်ဖွဲ့ဝင်များနှင့် သက်သေများပါဝင်သော ပူးပေါင်းအဖွဲ့သည် အိန္ဒူနယ်မြေရဲစခန်း၏ မယ(ပ) ၆/၂၀၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/ ၂၀(က) / ၂၁ အမှုမှ ကွင်းဆက်တရားခံအား ဖမ်းဆီးရန် ဘားအံမြို့နယ် လက္ခဏ ကျေးရွာအုပ်စု မုတ်ကဒူးရွာနှင့် အိမ်သုံးလုံးရွာသို့ သွားသည့် မြေသားလမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် စောလှအောင်(ခ) မုလခလုံး (၂၉) နှစ်(ကျပန်း) မုကဒူး ကျေးရွာနေသူ မောင်းနှင်လာသည့် Wave ALPHA ဖြူ/ခဲရောင်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ စောလှအောင်(ခ) မုလခလုံးခါးကြားမှ FIOCCHI -12 ကိုးလုံး ကျည်ဖြင့် ပစ်ခတ်ရသော နံပါတ်မပါ တစ်လုံးထိုး ပစ္စတိုသေနတ်တစ်လက်၊ U-S-ARMY တံဆိပ်ပါ စစ်ရောင် ပစ္စတိုအိတ်တစ်ခုနှင့် အနက်ရောင် ဇစ်ဆွဲကြိုးပါ အိတ်တစ်လုံး၊ ယင်းအိတ်အတွင်းမှ FIOCCHI-12 စာတန်းပါ အနီရောင်ကြေးပိတ် ကျည်အတောင့် ၂၀၊ အနက်ရောင်လွယ်ကြိုးပါ သားရေအိတ်အတွင်းမှ ငွေစက္ကူ ရောရာ ၁၀၀၀၀၀၊ ဆင်းကတ်ပါ NOKIA အမျိုးအစား ဖုန်းတစ်လုံး၊ Wave ALPHA ဖြူ/ခဲရောင် ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

တရားခံ စောလှအောင်(ခ) မုလခလုံးအား အိန္ဒူနယ်မြေရဲစခန်းက (ပ)၂၅/၂၀၁၄၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(စ) အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

လှည်းကူးမြို့၌ ခိုက်ရန်ဖြစ်ပွားခဲ့မှုအား အရေးယူထား

ရန်ကုန် မေ ၅

မေ ၄ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် လှည်းကူးမြို့နယ် မြို့မဈေး အရှေ့ဘက် အမိုးအကာကူရှင် ဆိုင်ပိုင်ရှင် ဦးကိုကိုနိုင်၏သားများဖြစ်သည့် ရန်နိုင်(ခ) ရန်အောင်ကိုကို(ခ)အွစ္စမန်ပါ သုံးဦးတို့နှင့် "ချစ်မိတ်ဆွေ" အမည်ရှိ နာရီနှင့်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သက်ပိုင်ဦးတို့ ခိုက်ရန်ဖြစ်ပွားခဲ့ရာ ရန်နိုင်ပါ သုံးဦးက တုတ်ဖြင့်ရိုက်ပြီး ချွန်ထက်သောအရာဖြင့်ထိုးခဲ့သဖြင့် သက်ပိုင်ဦး၏မျက်လုံးနှင့်ဦးခေါင်းတို့တွင် ဒဏ်ရာရရှိခဲ့သည်။

ထိုသို့ကျူးလွန်သူများကို အရေးယူပေးပါရန် သက်ပိုင်ဦး၏မိခင်မှ တိုင်တန်းချက်အရ လှည်းကူးမြို့မရဲစခန်းက(ပ)၁၅၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၄/၃၂၆ ဖြင့်အမှုဖွင့်အရေးယူခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများဖြစ်သည့် လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်နေသူများဖြစ်သော ရန်နိုင်(ခ)ရန်အောင်ကိုကို(ခ) အွစ္စမန်ပါ သုံးဦးတို့အား ညနေ ၆ နာရီခွဲတွင် သက်ဆိုင်ရာက အမှုဖြင့်ဖမ်းဆီးခဲ့ပြီး ထိန်းသိမ်းထားခဲ့သည်။

ဖြစ်စဉ်မှဒဏ်ရာရရှိသူ သက်ပိုင်ဦးအား လှည်းကူးမြို့နယ်ဆေးရုံမှတစ်ဆင့် ရန်ကုန် မျက်စိအထူးကုဆေးရုံ(ကန်တော်ကြီး)သို့ လွှဲပြောင်းပို့အပ်ကုသခဲ့ရာ သက်ပိုင်ဦး၏ယာဘက်မျက်လုံးဒဏ်ရာမှာ မျက်စိကိုထိခိုက်ခြင်းမရှိဘဲ မျက်လုံးအောက် မျက်ခမ်း၌ပေါက်ပြဲဒဏ်ရာရရှိခဲ့ခြင်းဖြစ်သဖြင့် ခြောက်ချက်ချုပ်ကုသခဲ့ရပြီး ဒဏ်ရာမှာစိုးရိမ်ရသည့် အခြေအနေမရှိသောကြောင့် မေ ၅ ရက် နံနက်ပိုင်းတွင် ဆေးရုံမှ ပြန်လည်ဆင်းသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

သာယာဝတီ မေ ၅

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်သည် မေ ၂ ရက် နံနက်ပိုင်းက သာယာဝတီမြို့နယ် ချောင်းသုံးခွအုပ်စု လိပ်ဥကုန်း ကျေးရွာ ခေတ်မီစံပြစက်မှု လယ်ယာဧကေ (၁၀၀) ၌ စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး၊ ရတနာတိုးစပါးခင်းနှင့် ကျွန်းကုန်းအုပ်စု ကွဲသတ်ကျေးရွာ စိမ်းရောင်စိုက်ပျိုးရေး ကုမ္ပဏီမှ စိုက်ပျိုးထားသည့် စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ကွက်(၉)ဧကသို့ကွင်းဆင်းကြည့်ရှုရာ သာယာဝတီ ခရိုင်ဦးစီးမှူး ဦးမြင့်လွင်၊ မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် ကွင်းဝန်ထမ်းများက ရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ **(ခရိုင်စိုက်ပျိုးရေး)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆ဒီ (၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ် ၃၇၁ ၏အစိတ်အပိုင်း ၃၇၁/A၊ မြေကွက်တည်နေရာအမှတ် ၆၈၅/က၊ ၁၀ လမ်း တောင်၊ အင်းစိန် ဦးထွန်းရင်ထံမှ လိုင်စင်မြေအား အမည်ပေါက် ဦးထွန်းရင်ထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့် ဧရိယာ ၃၂'/၂၉'× ၅၅' အား ဝယ်ယူထားသူ ဦးတင်အေး [၁၂/ကမရ (နိုင်)၀၄၂၅၂၇]က အမည်ပေါက် ဦးထွန်းရင်နှင့် ဆက်စပ်စာချုပ်မရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အထူးဝန်ဆောင်ခဖြစ် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက် အထားများ တင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





လက်မလွှတ်သင့်တဲ့ အထူးအခွင့်အရေးကောင်း
TOYO INK GROUP မှကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲကြီး
ပဲခူးခန်းမ၊ ကုန်သည်ကြီးများဟိုတယ်၊ ရန်ကုန်မြို့တွင်
၂၀၁၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့
၁၀း၀၀ နာရီ မှ ၁၆း၀၀ နာရီ အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။
မြန်မာနိုင်ငံရေးနှင့် ကိုယ်စားလှယ် လုပ်ကိုင်လိုသူများလည်း ဆက်သွယ်နိုင်ပါသည်။
Pre-Register at sales@tipps.com.sg to avoid disappointment
အိမ်သုံးကုန်နှင့် စားသောက်ကုန်များ
Japanese Sake From Japan renown brewery
Health & Digestive Jelly made with natural ingredients
Agriculture-related Products Say Goodbye to Chemicals with Calcium enriched Natural Fertilizer
Houseware and Health Products
Deep cleansing Soap made from Natural materials
Pet Food Made from Natural Ingredients
Heat Resistance Products Zero Coat minimize heat penetrating through glass window panel
ပုံနှိပ်လုပ်ငန်းသုံးနှင့် ထုပ်ပိုးမှုဆိုင်ရာ ပစ္စည်းများ
Color for Textile Pigments & Dyestuffs, Arylic Binders & Auxiliaries
Nikkalyco - Anti-Setoff / Anti-Blocking Spray Powder for Sheet-fed / Roto-gravure printing
Nikka - Doctor King Doctor Blade for Roto-gravure & Flexo printings ink scrapping
Adhesive tape Single & Double side tape for automotive parts, electronics assembly
Katsura Dampening roller Cover made of special synthetic fibers for excellent water control
Toyo Morton Laminating Adhesives for Packages
ToyoMelt Adhesives Adhesive HotMelt and Laminating Adhesives
Offset Printing Ink For printing Newspaper, for journals, Book and Paper based packaging
Gravure Printing Ink For Printing of Flexible Packaging used in food industry
Press Chem. & Supply Washes, Fount Solution, Plate cleaner & Blanket
Can Coating / UV Ink External & Internal Coating/ Sheetfed Offset Printing on paper & non absorbent substrate
Industrial Coating Coil Coating, Dip Coating Spray Coating and for Appliances
Grinding Machine
Dynacal Marking Film Colored self-adhesive film for sign board, automobile decoration
Plastic Colorant
အထွေထွေ စက်မှုလုပ်ငန်းသုံးပစ္စည်းများ
Solvent Recycler Reclaim solvent of Up to 90%
Digital Microscope For Anti-counterfeit, Quality checking
Chemical-Free Water Purification for Cooling tower
Granular Cooper Ions Eradicate microorganisms, & Mosquito Larve
TRINC - Static Control Air-free, Static-free space ionizing

လားရှိုးမြို့တွင် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း ငါးရက်မြောက်နေ့အဖြစ် ဆောင်ရွက်

လားရှိုး၊ မေ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ငါးရက်မြောက်နေ့အဖြစ် မေ ၃ ရက် နံနက် ၇ နာရီက လားရှိုးတက္ကသိုလ် ဝန်ထမ်းအိမ်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)ရဲစခန်းဝန်ထမ်းအိမ်ရာများ၊ လားရှိုးအထွေထွေရောဂါကုသရေး ဆေးရုံဝန်ထမ်းအိမ်ရာများ၊ အကျဉ်းဦးစီးဌာန၊ လားရှိုးအကျဉ်းထောင်တို့တွင် ကောက်ယူလျက်ရှိကြောင်း သိရသည်။

စာရင်းကောက်၊ စာရင်းစစ်အဖွဲ့များက မှန်ကန်စွာစာရင်းရေးသွင်းနိုင်ရေးအတွက် အသေးစိတ် မေးမြန်းခဲ့ရာ ခရိုင်သန်းခေါင်စာရင်း ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် အထောက်အကူပြုကော်မတီများက လိုက်လံ ကွင်းဆင်းဆောင်ရွက် ကြည့်ရှုပြီး လုပ်ငန်းများအဆင်ပြေချောမွေ့စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို သန်းခေါင်စာရင်း ကောက်ယူရေးကွပ်ကဲမှုရုံးခန်းများအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာ သန်းခေါင်စာရင်း ကွပ်ကဲမှုရုံးများတွင်ဖွင့်လှစ်ကာ လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ တန့်ယန်း၊ သိန်းနီ၊ မိုင်းရယ်မြို့နယ်တို့တွင် အိမ်ထောင်စုပေါင်း ၁၀၄၆၄၆ စုတို့အားစုစုပေါင်းကောက်ကွက် ၃၇၅ ကွက် သတ်မှတ်ပြီး စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လားရှိုး(ခရိုင်ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အမှတ် (၁၀) ရပ်ကွက်အတွင်းရှိ ဓမ္မိကာရာမဘုန်းတော်ကြီး ကျောင်းတိုက်ရှိ ဆရာတော်သံဃာတော် ၂၄ ပါး၊ ကပ္ပိယ ၁၅ ဦးတို့အား သန်းခေါင်စာရင်းကောက်ယူသည့် ဆရာဆရာမနှင့် စာရင်းကောက်အထောက်ကူပြု အဖွဲ့အစည်းက မေးခွန်း ၁၁ ချက်ဖြင့် စာရင်းကောက်ယူစဉ်။

စန္ဒာမိုး(IPRD)

မိုင်းဆတ်၌ ကောက်ခံမည့် လျှပ်စစ်ဓာတ်အားခ ရှင်းလင်းခြင်းနှင့် လျှပ်စစ်အန္တရာယ်အသိပေး

မိုင်းဆတ်၊ မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက မေ ၁ ရက်မှစတင်၍ တိုးမြှင့်ကောက်ခံမည့် လျှပ်စစ်ဓာတ်အားခနှုန်းထားများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးရှင်းလင်းဆွေးနွေးပွဲများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၃ ရက် နံနက် ၉ နာရီက ဆိုက်ခေါင်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးညွန့်ဝင်းက ဒေသခံပြည်သူလူထုအား တိုးမြှင့်ကောက်ခံမည့် လျှပ်စစ်ဓာတ်အားခနှုန်းထားများ ရှင်းလင်းဆွေးနွေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

သတင်းတို

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

ကမ္ဘာတစ်ဝန်းလုံး၌တီဘီလူနာရှာဖွေကာ ပျောက်ကင်းအောင် ကုသပါ ရည်ရွယ်ချက်ဖြင့် မြို့နယ်ကျန်းမာရေးဌာနမှ ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့အခမ်းအနားကို မြို့နယ်ကျန်းမာရေးဌာနဆေးရုံရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနခန်းမ၌ မေ ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာထွေးထွေးဝင်းက တီဘီရောဂါအကြောင်းနှင့် ၂၀၁၃-၂၀၁၄ တီဘီတိုက်ဖျက်ရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ကချင်ပြည်နယ် ဟိုပင်၌ ပဥ္စမအကြိမ်မြောက် တရားစခန်း ဖွင့်လှစ်

ဟိုပင်၊ မေ ၅

ကချင်ပြည်နယ် ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် မေတ္တာပါရမီ ဗိမာန်တော်၌ မတ် ၂၉ ရက် နံနက်ပိုင်းမှ စတင်၍ ပဥ္စမအကြိမ်မြောက် ကလေးတရားစခန်းကို ဖွင့်လှစ်ခဲ့သည်။

ထိုသို့ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသား၊ ကျောင်းသူများအား ငယ်စဉ်ကတည်းက လိမ္မာယဉ်ကျေးပြီး ကိုယ်ကျင့်တရားကောင်းမွန်ကာ ဗုဒ္ဓ၏ တရားတော်များ သိရှိနားလည်စေရန်နှင့် အသိပညာဗဟုသုတတိုးပွားလာစေရေး ရည်ရွယ်လျက် ပဥ္စမအကြိမ်မြောက် ကလေးတရားစခန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါတရားစခန်းကို မဟာသဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တနာရဒဦးဆောင်၍ ဒါယကာ၊ ဒါယိကာမအလှူရှင်များ၊ ဆရာ၊ ဆရာမများ၏ ထောက်ပံ့မှုဖြင့် ကျောင်းသား၊ ကျောင်းသူ ၅၀ ခန့် အကြီးတန်း၊ အငယ်တန်းခွဲများဖြင့် အထွေထွေဗဟုသုတ ကျန်းမာရေးအသိပညာပေးများနှင့် ဆုံးမဩဝါဒတရားတော်များကို သင်ကြားပို့ချမည်ဖြစ်သည်။

ထို့အပြင် ဟိုပင်မြို့ အခြေခံပညာကျောင်းများနှင့် တရုတ်ဘာသာဘုရားရှိခိုးကျောင်းတို့တွင် မတ် ၃ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သော နဝမနှင့်ဒသမအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွင် တက်ရောက်ခဲ့သည့် ကျောင်းသား၊ကျောင်းသူ ၆၀၀ အနက် ထူးချွန်သူများအား မေ ၄ ရက် သင်တန်းဆင်းပွဲတွင် ဆရာတော်နှင့် အလှူရှင်များက ငွေကျပ်လေးသိန်းကျော် ဆုချီးမြှင့်သွားမည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

စိန်ရွှေရတနာဆိုင်

ရွှေရည်ထလည်း ဖြည့်
အာမခံချက်ကလည်း ကောင်း
ထကြြန်လည်းရှိ T-Shirt လက်ဆောင်ကလည်းရဦးမယ်ဆိုတော့
စိတ်ကြိုက်အခွင့်အရေးကောင်းကို ...

ပန်းနည်းသေး ၃ ခုထဲ
၃သိန်းနှင့်အထက် } Colour T-Shirt တစ်ထည်
၅သိန်းနှင့်အထက် - Baby Milo T-Shirt တစ်ထည်ရယူပါ။
အထူးအစီအစဉ် ➢ (12-3-2014) မှ (11-4-2014) အထိ
ဆိုင်ပိတ်ရက် ➢ (12-4-2014) မှ (18-4-2014) အထိ
အမှတ်(၇၅)၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၂၆၂၁၄၊ ၅၃၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၉၆

၂၀၁၄ ခုနှစ် သတ္တမအကြိမ်မြောက်
အခြေခံပညာ(ကာယပညာ)သက်ကြီးပူဇော်ပွဲနှင့်တွေ့ဆုံပွဲကျင်းပမည်

Basic Engineering Course နှင့်
(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်)
အခြေခံ/ကျွမ်းကျင် သင်တန်း တက်လိုသူများ
ပြည်တွင်း/ပြည်ပ - အလုပ်အကိုင်ရှာဖွေနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာဖွေနေသည့် အလုပ်ရှင်များ
သုခစုစ် ကုမ္ပဏီ သို့ ဆက်သွယ်ပါ။
Ph : (01) 377343 , 377344 , 385758 , 386877 , 392233

ကန့်ကွက်နိုင်ပါသည်

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31268183
09 31589922

ဂန့်ဂေါခရိုင် သန်းခေါင်စာရင်းကော်မတီ အစည်းအဝေးကျင်းပ

ဂန့်ဂေါ၊ မေ ၅

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဂန့်ဂေါခရိုင် သန်းခေါင်စာရင်းကော်မတီအစည်းအဝေးကို မေ ၃ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဂန့်ဂေါခရိုင်တွင် ရပ်ကွက်ပေါင်း ၁၁ ခု၊ ကျေးရွာအုပ်စု ၂၀၅ အုပ်စု၊ ကျေးရွာပေါင်း ၃၂၁ ရွာ၊ ကောက်ကွက် ပေါင်း ၄၅၀ တို့တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် လုပ်ငန်းပမာဏ၏ ထက်ဝက်ကျော်ကောက်ယူနိုင်ပြီးဖြစ်ကြောင်းနှင့် အစည်းအဝေးအပြီးတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များ၌ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။ **ကျော်သန်းဆွေ(၄၆၅)**

ဂန့်ဂေါမြို့နယ် ရပ်ကွက်များ၌ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို ကွင်းဆင်းစစ်ဆေးနေစဉ်။

မသက်ာဖွယ် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

ကသာ၊ မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ဝဲလာကျေးရွာအနီး မသင်္ကာဖွယ်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပင်လည်ဘူးမြို့နယ်၊ မြေလင်းရဲကင်းစခန်းမှူး ဒုရဲအုပ် ခင်မောင်ညွန့်သည် ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ကြပ်ကြီးကျော်ကျော်ဦးနှင့်အတူ စစ်ကိုင်းတိုင်း မှုခင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မင်းဇော်ဦး ဦးဆောင်သော ကသာခရိုင်အတွင်း တရားမဝင်သစ်ဖမ်းဆီးရေး စစ်ကြောင်းဖြင့် ထွက်ခွာလာစဉ် မေ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဝဲလာကျေးရွာအနီး မြတ်နိုးသူသစ်ထုတ်ရေးလမ်းမပေါ် အရောက်တွင် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကျည်ပွေ့သလင်ရွာဘက်မှ ဝဲလာကျေးရွာဘက်သို့ ဦးမင်းမောင်းနှင်လာပြီး ထွန်းလွင်နောက်မှ စီးနင်းလိုက်ပါသော ကင်ဘိုဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးခဲ့ရာ ပင်နယ်ဆလင်ပုလင်းဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် သုည ဒသမ ၂၅ ဂရမ်ပါ ပုလင်းတစ်ပုလင်း၊ ဘိန်းဖြူဟုယူဆရသော အလေးချိန် သုည ဒသမ ၂၅ ဂရမ်ပါ ပုလင်းတစ်လုံး၊ စုစုပေါင်း ကာလတန်ဖိုး ကျပ် ၅၀၀၀၀ ခန့်နှင့် အပြာရောင်ဂတ်စ်မီးခြစ်တစ်လုံး၊ အညိုရောင် ပိုက်ဆံအိတ်အတွင်း ဦးမင်း အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ အဝါရောင်လွယ်အိတ်တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။ ယင်းအမှုကို ပင်လည်ဘူးမြို့မရဲစခန်း မယ (ပ) ၁၅ / ၂၀၁၄ မူးစိတ် ၁၅/၁၆ (ဂ)/ ၂၀ (က)/ ၂၁ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဗြိတိသျှကောင်စီမှ မြန်မာကျောင်းသားနှစ်ဦးအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၄၁၀၀ ရနိုင်သည့် IELTS Scholarship များ ပေးအပ်မည်

ရန်ကုန်၊ မေ ၅

ဗြိတိသျှကောင်စီသည် မြန်မာနိုင်ငံမှ ကျောင်းသားများအား နိုင်ငံတကာပညာရေး အတွေ့အကြုံပိုမိုရရှိစေရန် ၂၀၁၄ ခုနှစ်မှစ၍ IELTS Scholarship များ နှစ်စဉ်ပေးသွားမည်ဟု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ IELTS Scholarship မှာ အမျိုးအစား နှစ်မျိုးရှိပြီး မြန်မာနိုင်ငံတွင် နေထိုင်သော ကျောင်းသားနှစ်ယောက်အား တစ်ဦးလျှင် စတာလင် ပေါင် ၂၅၀၀ (အမေရိကန်ဒေါ်လာ ၄၁၀၀ ခန့်) အထိ ပေးမည်ဖြစ်ကြောင်းနှင့် အရှေ့အာရှတွင်ရှိသော ကျောင်းသား သုံးဦးအားတစ်ဦးလျှင် စတာလင် ပေါင် ၂၅၀၀၀ (အမေရိကန်ဒေါ်လာ ၄၁၀၀၀ ခန့်) စီ ပေးသွားမည်ဖြစ်သည်။

Scholarship ရရှိသော ကျောင်းသားများအတွက် ၎င်းတို့ တက်မည့်ကျောင်းသို့ တိုက်ရိုက်ငွေကြေးပေးသွင်းပေးမည်ဖြစ်ပြီး အရှေ့အာရှနိုင်ငံများတွင် မြန်မာ၊ တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် IELTS Scholarship လျှောက်ထားသူများမှာ မြန်မာနိုင်ငံတွင် လက်ရှိနေထိုင်သူ၊ မြန်မာနိုင်ငံပြင်ပတွင် ၂၀၁၄ ပညာသင်နှစ်မှစ၍ ဘွဲ့ကြို (UnderGraduate) နှင့် ဘွဲ့လွန်(Postgraduate) ပညာသင်ကြားမည့်သူ၊ IELTS လက်မှတ်အား ဝင်ခွင့်လိုအပ်ချက်တစ်ခုအနေဖြင့် လက်ခံသော တက္ကသိုလ်တွင် တက်မည့်သူအနည်းဆုံး IELTS Overall Band Score ခြောက်ခုရရှိသူ၊ IELTS စာမေးပွဲအား ဗြိတိသျှကောင်စီတွင် ဖြေဆိုထားသူ၊ ၂၀၁၄ ဇွန် ၂၇ မတိုင်မီ မိမိလျှောက်ထားသော တက္ကသိုလ်မှ ဝင်ခွင့်အထောက်အထား (Acceptance Letter) ကို ပြနိုင်သူ ဖြစ်ရမည်ဖြစ်သည်။

Scholarship လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ဗြိတိသျှကောင်စီဝက်ဘ်ဆိုက် http://www.britishcouncil.org.mm/ielts-scholarship တွင် Download ရယူနိုင်ပြီး ဖြည့်သွင်းပြီးသော လျှောက်လွှာများကို လာမည့် ဇွန် ၆ ရက် မတိုင်မီ ပေးပို့ပေးရမည်ဖြစ်သည်။

IELTS စာမေးပွဲအား ဖြေဆိုသူများ တစ်နှစ်ထက်တစ်နှစ် များပြားလာကြောင်း၊ စာမေးပွဲဖြေသူဦးရေမှာ ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်း ပိုမိုများလာကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)၏ စာမေးပွဲဌာန မန်နေဂျာ ဒေါ်အိအိမွန် က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများပြားလာပြီး နိုင်ငံခြားတွင် ကျောင်းတက်လိုသူလည်း များပြားလာသောကြောင့် နောက်နှစ်များတွင်လည်း IELTS စာမေးပွဲဖြေဆိုသူ ယခုထက် ပိုများလာမည်ဟု ခန့်မှန်းထားကြောင်း၊ စာမေးပွဲဖြေဆိုရန် လိုအပ်သော အကူအညီများ၊ သတင်းအချက်အလက်များကိုလည်း ဗြိတိသျှကောင်စီမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

IELTS စာမေးပွဲအား လစဉ် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖြေဆိုနိုင်ပြီး စာမေးပွဲအတွက် လိုအပ်သော စာအုပ်နှင့် ပစ္စည်းများကို ဗြိတိသျှကောင်စီ စာကြည့်တိုက်များတွင် ရရှိနိုင်မည်ဖြစ်သည်။

IELTS စာမေးပွဲကို ဖြေဆိုလိုသူများ (သို့မဟုတ်) IELTS စာမေးပွဲအား စိတ်ဝင်စားသူများသည် သိလိုသည်များကို www.takeielts.org တွင် ကြည့်ရှုနိုင်ပြီး IELTS စာမေးပွဲဖြေဆိုမည့်သူများနှင့် စာမေးပွဲအားလေ့ကျင့်လိုသူများအတွက် အွန်လိုင်းမှ ၁၀ နာရီစာ လေ့ကျင့်ခန်းများအား အခမဲ့ဝင်ရောက် လေ့လာနိုင်သည့်အပြင် IELTS ကို ဖြေဆိုရန် စာရင်းသွင်းပြီးပါက နာရီ ၃၀ စာ လေ့ကျင့်ခန်းများအား အခမဲ့ရရှိနိုင်မည်ဖြစ်သည်။

ပိုမိုလေ့ကျင့်လိုပါက နာရီ ၁၂၀ စာ လေ့ကျင့်ခန်းများကိုလည်း အွန်လိုင်းမှ ဝယ်ယူလေ့ကျင့်နိုင်ပြီး IELTS စာမေးပွဲနှင့် ပတ်သက်၍ သိလိုသည်များကို Facebook (သို့မဟုတ်) Myanmar Network တွင် လည်းကောင်း၊ ဗြိတိသျှကောင်စီရုံးများသို့ ဖုန်းဖြင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင် လာရောက်၍လည်းကောင်း မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

နေဇာ(ပိတောက်ရိပ်)

"ကုံးထက်"ကြက်ဆီထမင်းနှင့် နန်းပုလဲရေခဲမုန့် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

"ကုံးထက်" ကြက်ဆီထမင်းနှင့် နန်းပုလဲရေခဲမုန့်ဆိုင်ကို Junction ဇေနှင့် KBZ ဘဏ်အနီး အမှတ်(၂/၁၀၄)သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အလှူမင်္ဂလာပွဲနေ့ပွဲလိုင်များအတွက် စိတ်တိုင်းကျဆောင်ရွက်ပေးနေပါသည်။

အင်းလေးချစ်သူ (Travels & Tours)

တောင်ကြီး အင်းလေး ၄ညအိပ် (April 4, 25, 30) 99000

09 31244088, 09730 85550

ကမ်းခြေသင်္ကြန် အထူးစီစဉ်

(၁၂-၄-၂၀၁၄) ရက် ညချောက်မည်။

ချောင်းသာ ၄ ည ဓါတ်ပုံများ - ၈၄၀၀၀

ငပလီ ၅ ည ဓါတ်ပုံများ - ၁၀၀၀၀၀

Ph : 09-255722981 , 09 - 402533214, 09- 420273012

သင်္ကြန်အထူးအစီအစဉ် (Special Discount)

သခော်ရွက် နှင့်ဘောင်းစစ်စစ်

☎01-8500355 09.73077755

အများပိုင် ကုမ္ပဏီများ စတော့အိတ်ချိန်း နှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက် သက်ထွန်းဦး

WISDOM HOUSE

ဇမ္ဗူမြို့သစ် မြေကွက်များဝယ်သည်

Ph : 09-73121112

09-420064446

ရောင်းမည်

ကန့်ကွက်နိုင်ပါသည်

ဦးမြင့်ဆွေ

သင်္ကြန်ကာလအတွင်း မုံရွာမြို့မှ ရထားလိုင်းနှစ်လိုင်း နေ့စဉ်ပြေးဆွဲမည်

ယခုအချိန်သည် ပူပြင်းခြောက်သွေ့သော နွေရာသီဖြစ်သည်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောက်ရွက်ရမည့်အချိန် ဖြစ်ပေသည်။ ဧပြီ ၁ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၂)၊ ၆၄ ရပ်ကွက် ပန်းလှိုင်လမ်းမကြီးပေါ်တွင် အလွယ်တကူမီးလောင်ကျွမ်းလွယ်ကူသော ပလတ်စတစ်များ၊ စက္ကူများ၊ လောင်စာများ စုပုံထားရှိသဖြင့် လမ်းပိတ်ဆို့ခြင်းနှင့် လမ်းသွားလမ်းလာများမှ ဆေးလိပ်မီးစွန့်ပစ်ခြင်းကြောင့် မီးထလောင်နိုင်သည့် အခြေအနေရှိသည့်အတွက် ရှင်းလင်းဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - (၅၉၇)

မုံရွာ၊ ဧပြီ ၅

မုံရွာမြို့မှ အခြေပြု၍ပြေးဆွဲလျက်ရှိသော မန္တလေး-မုံရွာ၊ တင်းတိမ်ရဲ-မုံရွာ၊ ပခုက္ကူ-မုံရွာ၊ ခင်ဦး-မုံရွာနှင့် အလုံ-မုံရွာ-ဗောဓိတစ်ထောင်(မြို့ပတ်) ရထားလိုင်းများထဲမှ ပခုက္ကူ-မုံရွာနှင့် ခင်ဦး-မုံရွာ အသွားအပြန် နေ့စဉ်ရထားခရီးစဉ်များကို လာမည့် မဟာသင်္ကြန်ရက်များအတွင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မုံရွာရထားဘူတာရုံပိုင်ကြီးထံမှ သိရသည်။

သင်္ကြန်ကာလအတွင်း ပြေးဆွဲပေးမည့် ပခုက္ကူ-မုံရွာနှင့် ခင်ဦး-မုံရွာ ရထားခရီးစဉ်နှစ်ခုကို နေ့စဉ်အချိန်မှန် အသွားအပြန် ပြေးဆွဲပေးမည်ဖြစ်သည်။ သင်္ကြန်တွင်းပြေးဆွဲမည့် နှစ်လိုင်းထဲမှ မုံရွာ-ခင်ဦး ရထားခရီးစဉ်သည် မြစ်ကြီးနားလိုင်းနှင့် ဆက်စပ်နေသောကြောင့် မန္တလေး၊ ရန်ကုန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းထွက်သည့် ကုန်စည်များကို မုံရွာမှ ခင်ဦးမြို့သို့ထွက်သည့် ရထားခရီးစဉ်တိုင်း အများအပြားတင်ပို့ရသော ခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

"ခင်ဦး-မုံရွာ ရထားခရီးစဉ်တိုင်းမှာ ကုန်တွေတင်ပို့ရတာ အများဆုံးဖြစ်ပါတယ်။ များသောအားဖြင့်တော့ မုံရွာကနေ ခင်ဦးကို သွားတဲ့ခရီးစဉ်မှာ အတင်များပြီး ခင်ဦးကနေ မုံရွာကိုလာရင် ပစ္စည်း၊ ကုန်တွေ သိပ်မပါပါဘူး။ အဲဒီခရီးစဉ်က မြစ်ကြီးနားရထားခရီးစဉ်နဲ့လည်း ဆက်စပ်နေတဲ့အတွက် ကုန်စည်စီးဆင်းမှု သွက်လက်များပြားတာပါ" ဟု မုံရွာဘူတာတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦးက ပြောသည်။

> မြစ်ကြီးနား ရထားခရီးစဉ်နဲ့လည်း ဆက်စပ်နေတဲ့အတွက် ကုန်စည်စီးဆင်းမှု သွက်လက်များပြား. . .

မဟာသင်္ကြန်ကာလ ရက်များအတွင်း မန္တလေး-မုံရွာ၊ တင်းတိမ်ရဲ-မုံရွာနှင့် မြို့ပတ်ရထားလိုင်းကို သင်္ကြန်ကာလတစ်လျှောက် ဧပြီ ၁၃ ရက်နှင့် ၁၄ ရက်များမှစတင်၍ သင်္ကြန်အပြီး ဧပြီ ၂၁ ရက်အထိ ခရီးစဉ်များကို ရပ်နားထား မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အင်ဂျန်းယန်မြို့နယ်အတွင်း လိုအပ်ချက်များကို မြို့နယ်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တင်ပြဆွေးနွေး

အင်ဂျန်းယန်၊ ဧပြီ ၅

ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဆရာဝန်ထားရှိနိုင်ရေး၊ ဆရာ၊ ဆရာမများ လုံလောက်စွာ ခန့်ထားပေးရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် လိုင်းကားများ ပြေးဆွဲပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဒေသခံပြည်သူများ မြေယာပိုင်ဆိုင်မှု ရရှိနိုင်ရေးနှင့် အချို့ကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ တိုးချဲ့ခန့်ထားနိုင်ရေးတို့ကို ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများက တင်ပြဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ဒေသဖွံ့ဖြိုးရေးကို ရည်ရွယ်၍ ကျေးလက်ဒေသမီးလင်းရေးအတွက် ဆိုလာစနစ်များ ဆောင်ရွက်နိုင်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကျောင်းများ တိုးချဲ့တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် လမ်းတံတားများ ပြုပြင်ရေး၊ ထပ်ဆင့်လွှင့်ရုံ တိုးချဲ့တည်ဆောက်ရေး၊ ဆရာဝန်ခန့်ထားရေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တိုးချဲ့ခန့်ထားရေး၊ Organic ဇုန် တည်ထောင်နိုင်ရေးတို့ကို လွှတ်တော်တွင် တင်ပြတောင်းခံထားကြောင်းနှင့် အချို့လုပ်ငန်းများကို လက်ရှိ ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူက ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအလေးပါးနှင့် အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတို့က မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် မတ် ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် အင်ဂျန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယင်းတွေ့ဆုံပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးက ဒေသဆိုင်ရာအခြေအနေများကို တင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးဦးအလေးပါးက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပြည်သူ့လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

သတင်းတို

အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်အရ ဂီတဖျော်ဖြေပွဲ ကျင်းပ

အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ အမေရိကန်ပြည်ထောင်စုမှ The Amigos Band တေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲကို ဧပြီ ၃ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ အမေရိကန် Jefferson Center တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်အားပေးကြသည်။ ယဉ်ကျေးမှုဂီတဖျော်ဖြေပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယသံအမတ်ကြီး Ms. Virginia Ellen Murray က အဖွင့်အမှာစကားပြောကြားပြီး အမေရိကန်ပြည်ထောင်စု The Amigos Band အဖွဲ့က တေးသီချင်းများ၊ သံစုံတီးခတ်ဖျော်ဖြေမှုများဖြင့် တင်ဆက်ပြီး မြန်မာယဉ်ကျေးမှုအဖွဲ့ကလည်း အကပဒေသာများဖြင့် အပြန်အလှန်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ကျုံမငေးမြို့
စက်ရုံမွှေရိပ်သာ
နှစ်သစ်ဦးငွေပဒေသာပင်လှူဒါန်းပွဲ
(၁၃၇၆ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်)
၁၇-၄-၂၀၁၄ ရက်
ငွေပဒေသာပင်တစ်ပင်လျှင်-
* ၅၀၀၀ ကျပ်၊ * ၁၀၀၀၀ ကျပ်
* ၃၀၀၀၀ ကျပ်၊ * ၅၀၀၀၀ ကျပ်
* ကျပ်တစ်သိန်းနှင့်အထက်
ယောဂီစောင့်ရှောက်ရေးအဖွဲ့
စက်ရုံမွှေရိပ်သာ
ဖုန်း-၀၉ ၈၅၉၈၈၃၁၉၊ ၀၄၂-၆၅၀၅၂

သင်္ကြံန်တရားစခန်းနှီးဆော်လွှာ
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဦိုင်၊ မဟာဝေဇယန္တာ မွှေရိပ်သာကျောင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်းတရားစခန်းကို ၁၃-၄-၂၀၁၄ရက်မှ ၁၉-၄-၂၀၁၄ရက် အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။
အမှတ်(၅)ဦိုင်၊ မဟာဝေဇယန္တာ မွှေရိပ်သာကျောင်း၊
ဖုန်း-၅၆၃၄၂၁၊ ၀၉ ၄၉၃၀၁၆၈၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
[illegible]

စာအုပ်စာပေလှူမိတ်ဆွေ

ကြောင်းမြို့မြို့နယ်အသင်း(ရန်ကုန်)
[illegible]
ဆက်သွယ်ရန်
[illegible]
(အမှုဆောင်အဖွဲ့)

Singapore Home Caregiver
Caregiver များအလိုရှိသည်။
Agent Fee ပေးရန်မလို။ လစာ (၅၅၀၀၀၀-၇၀၀၀၀၀) ကျပ်/ဒေါ်လာ
English / Chinese စကားပြောနိုင်သူ www.activeglobalcaregiver.sg/apply တွင် Online လျှောက်ထားနိုင်သည်။
ဆက်သွယ်ရန် ဖုန်း-၀၉ ၂၅၄၂၅၆၃၅

ဒိုင်လူကြီးသင်တန်းဆင်းပွဲ ပူတာအိုၵ္ဍ ကျင်းပ

ပူတာအို၊ ဧပြီ ၅

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ပြည်နယ်/ခရိုင်အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော ဒိုင်လူကြီးသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၉ နာရီက (နတလ)ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒိုင်လူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်က ပူတာအိုခရိုင်အတွက် ဒိုင်လူကြီးအသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ ပူတာအိုခရိုင်အားကစားနှင့် ကာယပညာကော်မတီအတွင်းရေးမှူး ဦးဂျီးမဂျီးက လက်ခံရယူသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးနိုင်က သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူပြီး သင်တန်းသားများကိုယ်စား သင်တန်းသားဦးဆီရဲ့ဒွေ့ (ခ)အားဆီယော်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ခရိုင်ပြန်/ဆက်

ယင်းမာပင်တွင် သန်းခေါင်စာရင်းကောက်မှု ဒေသခံများ ပူးပေါင်းပါဝင်

စစ်ကိုင်း၊ ဧပြီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ အိမ်ထောင်စုပေါင်း ၁၁၂၈၄၀ စု လူဦးရေ ၅၇၄၃၈၁ ဦး၊ ကောက်ကွက်ပေါင်း ၈၈၆ ကွက်အား စာရင်းစစ်၊ စာရင်းကောက် ၁၂၁၇ ဦးတို့ဖြင့် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သန်းခေါင်စာရင်းကောက် ကော်မတီဝင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်စန်းက ပြောသည်။

သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသော ကာလအတွင်း ဦးစီးမှူး ဒေါ်ခင်စန်းသည် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာ ကွပ်ကဲရေးရုံး၌ ယင်းမာပင်ခရိုင် သန်းခေါင်စာရင်း ကော်မတီဝင် အတွင်းရေးမှူး ဦးအုန်းလွင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီများ၊ စာရင်းစစ်၊ စာရင်းကောက်၊ ဆရာမများနှင့် တွေ့ဆုံ၍ သန်းခေါင်စာရင်း ကောက်ယူရာတွင် အမှားအယွင်းများမရှိစေရေး၊ အလျင်စလိုဆောင်ရွက်မှုမပြုရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းအဖွဲ့များသည် မင်းကံကြီး ကျေးရွာအုပ်စု၊ ချောင်းလက်ပံစုကျေးရွာနှင့် ညောင်ပင်ကြီးစု ကျေးရွာအုပ်စု၊ ညောင်ပင်ကြီးမြောက်ရွာတို့၌ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူနေမှုအခြေအနေများကို ကြည့်ရှုခဲ့သည်။

"သန်းခေါင်စာရင်း စကောက်တဲ့ ၃၀ ရက်နေ့က အမှားအယွင်းမရှိအောင် ဖြည်းဖြည်းပဲ စာရင်းရေးသွင်းရပါတယ်။ ဒုတိယနေ့မှာ အတွေ့အကြုံရလာတော့ လုပ်ရတာ ပိုမြန်ပါတယ်။ ဒေသခံတွေကလည်း မှန်ကန်မြန်ဆန်အောင် ဖြေဆိုပေးကြလို့ စာရင်းကောက်ရတာ အင်မတန်ပဲ ပြေလည်ပါတယ်။ နေပူထဲ တစ်အိမ်တက်ဆင်းသွားကောက်ရလို့ ပင်ပန်းပေမယ့် ဒေသခံတွေက တာဝန်သိသိနဲ့ ပူးပေါင်းပါဝင်ကြတဲ့အတွက် စိတ်ချမ်းသာရပါတယ်"ဟု လည်ငေါက်ကျေးရွာမှ စာရင်းကောက်ဆရာမ ဒေါ်ခိုင်ယဉ်သိန်းကပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

မကွေးတိုင်းဒေသကြီး ပဒါန်းကျေးရွာတွင် ပေ ၄၀ ခန့် မြင့်သည့် မီးသတ်မျှော်စင်တစ်ခုတည်ဆောက်နေ

ငဖဲ၊ ဧပြီ ၅

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာတွင် ပေ ၄၀ ခန့်မြင့်သော မီးသတ်မျှော်စင်တစ်ခု မတ် ၁၀ ရက်မှစတင်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ပဒါန်းကျေးရွာသည် အိမ်ခြေ တစ်ထောင်ကျော်ခန့်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ရောင်းဝယ်ဖောက်ကားမှုများဖြင့် အမြဲလိုစည်ကားနေသော ကျေးရွာကြီးတစ်ရွာဖြစ်သည်။ လူဦးရေထူထပ်ပေါများလာသောကြောင့် မီးဘေးအန္တရာယ်ကြိုတင်တားဆီးနိုင်ရန် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးကို သင်တန်းပေးခဲ့ပြီ ရေဂါလန် ၁၂၀၀ ဆံ့ ဒိုင်းရှင်းပတ်မီးသတ်ယာဉ်တစ်စီးကို ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် အရေးပေါ်အသုံးပြုနိုင်ရန် ဝယ်ယူထားကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ကျေးရွာအုပ်ချုပ် ရေးမှူး အထောက်အကူပြုအဖွဲ့၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ဦးဆောင်၍ ကျေးရွာလူထု၏ ထောက်ပံ့အလှူငွေဖြင့် ပေ ၄၀ ခန့်မြင့်သော မီးသတ်မျှော်စင်တစ်ခု တည်ဆောက်လျက်ရှိသည်။ မီးသတ်မျှော်စင်ကြီး ပြီးစီးသွားသောအခါ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးကို သဘာဝဘေးအန္တရာယ် ကြိုတင် သိရှိနိုင်ရန် နေ့ညခွဲ၍ တာဝန်ယူဆောင်ရွက်စေပြီး ကျေးရွာမှ တစ်ဦးလျှင် ပံ့ပိုးငွေကျပ် ၈၀၀၀၀ ဖြင့် ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက ငဖဲမြို့နယ်ထဲမှာ ပါဝင်ပေမယ့် ငဖဲမြို့ထက် လူဦးရေပိုများတယ်။ မြို့ပေါင်းစုံကိုသွားတဲ့ အဓိကမိန်းလမ်းပေါ်မှာ ရှိတဲ့အတွက် ဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်နိုင်ဖို့ အမြဲတမ်းပြင်ဆင်ထားရတယ်။ ပွင့်လင်းရာသီကို ရောက်ပြီဆိုကတည်းက မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် နေ့စဉ်နှိုးဆော်လှေ့ရှိပါတယ်။

"မီးသတိပြုသီချင်းကို တစ်နေ့လေးကြိမ် မပျက်မကွက်ဖွင့်ပေးတယ်။ အနီးဝန်းကျင်ကျေးရွာတွေ အခက်အခဲဖြစ်ရင် ချက်ချင်းကူညီနိုင်ရန် မီးသတ်ယာဉ်ကိုလည်း ဆီ၊ ရေ၊ လေ အဆင်သင့်ဖြစ်နေအောင် ဆောင်ရွက်ထားတယ်" ဟု ပဒါန်းကျေးရွာအုပ် ချုပ်ရေးမှူး ဦးကျော်ဆွေက ပြောသည်။

ထို့ပြင် ၎င်းက ဆက်လက်ပြောကြားရာ "မီးသတ် မျှော်စင်ပေါ်မှာလည်း တာဝန်ရှိသူတွေနဲ့အတူ မိုက်လေးလုံးထားပြီး အမြဲလို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် နိုင်ရန် ကြေညာပေးမှာပါ။ ကျွန်တော်တာဝန်ယူပြီးတဲ့နောက်ပိုင်း ကျေးရွာမှာ မီးဘေးအန္တရာယ် မဖြစ်ဖူးသေးပါဘူး။ စည်ကားတိုးတက်သော ကျေးရွာကြီးဖြစ်သောကြောင့် အရေးပေါ် မီးဘေးအန္တရာယ်ကြိုတင်ပြီးကာကွယ်နိုင်ရန် လက်ရှိ ဝယ်ထားသော မီးသတ်ယာဉ်တစ်စီးအပြင် နိုင်ငံတော်ကလည်း ကျေးရွာအတွက် မီးသတ်ယာဉ်ထောက်ပံ့ပေးရင် ပိုမိုအဆင်ပြေမှာပါ" ဟု ၎င်းက ပြောသည်။

ပေ ၄၀ အမြင့်ရှိ မီးသတ်မျှော်စင်တည်ဆောက်နေသည်ကို တွေ့ရစဉ်။

ပိုင်ဇေ(မကွေး)

သတင်းတို

ဟိုပင်၌ ဓာတ်အားခနှုန်း ပြောင်းလဲကောက်ခံမည့် အခြေအနေရှင်းလင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဧပြီ ၁ ရက်မှစ၍ ဓာတ်အားခနှုန်းထားပြောင်းလဲကောက်ခံမည့် အခြေအနေနှင့် ပတ်သက်ပြီး ပြည်သူများ သိရှိနိုင်ရန်အတွက် ဧပြီ ၁ ရက် နံနက်က ဟိုပင်မြို့နယ်အစည်းအဝေးခန်းမ၌ ရှင်းလင်းပြောကြားသည်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက လက်ရှိပြောင်းလဲကောက်ခံသော နှုန်းထားသည် အခြေခံ လူတန်းစားနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် ထိခိုက်မှုမရှိပါကြောင်းပြောကြားပြီး တိုးမြှင့်ရရှိသော ငွေဖြင့် ဓာတ်အား တိုးချဲ့ဖြန့်ဖြူးရန် လိုအပ်သော ဒေသများအတွက် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ ဆောက်လုပ်နိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကိုပြန်လည်ဖြေကြားပေးခဲ့သည်။

မြို့နယ်ပြန်/ဆက်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

...

ရွှေမြေခေတ် Shwe Myay Khit
Real Estate Services

ပျောက်ဆုံး
ဖုန်း 095197278

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သွေးသည် အသက်

အများသိစေရန်ကြေညာချက်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်
B.Sc,M.Sc(Zool),H.G.P,D.B.L,M.A(Business Law)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သတင်းတိုများ

မော်လူးတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မော်လူးကျေးရွာအုပ်စုတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကိုနေ့စဉ် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မော်လူးကျေးရွာအုပ်စုတွင် သန်းခေါင်စာရင်းကောက်ယူရမည့် အိမ်ထောင်စုပေါင်း ၂၁၉၅ အိမ်ရှိပြီး၊ သန်းခေါင်စာရင်းကောက်ကွက် ၁၇ ကွက်ကို စာရင်းစစ်၊ စာရင်းကောက်များဖြင့် ကောက်ယူလျက်ရှိရာ ရပ်ကွက်ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်မှုဖြင့် ဧပြီ ၂ ရက်အထိ အိမ်ထောင်စု ၈၅၇ စုအား သန်းခေါင်စာရင်း ကောက်ယူပြီးဖြစ်ကြောင်း သိရသည်။ **(၆၈၅)**

မဟာဇေယျာဘုံရပ်ကွက်၌ ဗုံးသီးတစ်လုံးတွေ့ရှိ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် အကွက် (၇၉၆)၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြားနေ ဦးကျော်ဝင်း၏နေအိမ်နောက်ဖေးတွင် ဧပြီ ၂ ရက် နံနက် ၉ နာရီက မီးဖိုဆောင်ဆောက်လုပ်ရန် ပုသိမ်ကြီးမြို့နယ်နေသည့် အလုပ်သမား သန်းဝင်းမှ မြေကျင်းတူးရာ အနက် ၅ ပေအရောက်၌ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ နယ်မြေ အမှတ် (၁) ရဲစခန်းမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး အရှည် ၁၅ လက်မ၊ လုံးပတ် ၁၂ လက်မရှိ ယင်းဗုံးသီးကို နယ်မြေခံစစ်အင်ဂျင်နီယာတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

မြဝတီနယ်စပ်ချစ်ကြည်ရေးတံတားမှ မြန်မာအလုပ်သမားများ သင်္ကြန်အမီ နေရပ်ပြန်လာသူဦးရေ နေ့စဉ်တစ်ထောင်နီးပါးခန့်ရှိ

မြဝတီ၊ ဧပြီ ၅

နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပွဲတော်ရာသီတွင် နိုင်ငံရပ်ခြားရောက် မြန်မာအလုပ်သမားများ မြန်မာနိုင်ငံနေရပ်သို့ ပြန်လာလေ့ရှိရာ ယခုနှစ်တွင်လည်း ကရင်ပြည်နယ်၊ မြဝတီနယ်စပ် ချစ်ကြည်ရေး တံတားမှ သင်္ကြန်အမီ ပြန်လာသူဦးရေမှာ နေ့စဉ် ၁၀၀၀ နီးပါးခန့်ရှိသည်ဟု သိရသည်။

"ယခုနှစ် သင်္ကြန်ပွဲတော်အမီ နေရပ်ပြန်လာသူများတွေက ယခင်နှစ်ထက်များပါတယ်။ ယာဉ်တန်းအတက်နေ့မှာ ရာဂဏန်းသာရှိပေမယ့် ယာဉ်တန်းအဆင်းနေ့တိုင်း ထောင်နှင့်ချီရှိနေပါတယ်" ဟု မြဝတီချစ်ကြည်ရေးတံတားမှ တာဝန်ထမ်းဆောင်နေသူတစ်ဦးက ပြောကြားသည်။

ကရင်ပြည်နယ်၊ မြဝတီနယ်စပ် ချစ်ကြည်ရေးတံတားတွင် မြန်မာအလုပ်သမားများ ကိုတွေ့ရစဉ်။

ဘားအံမြို့မှ ကိုမောင်ကျော်က "ကျွန်တော်တို့က ကိုယ့်နေရပ်မှာ သင်္ကြန်မကျဖြစ်တာ သုံးလေးနှစ်ရှိပြီဗျာ။ အဲ့ဒါကြောင့် ဒီနှစ်ပြန်ဖြစ်အောင်ပြန်လာတာပါ"ဟု ပြောကြားသည်။

အဆိုပါ အလုပ်သမားများသည် ထိုင်းနိုင်ငံအတွင်းမှာ နှစ်နှစ်သက်တမ်း လေးနှစ်သက်တမ်း ဗီဇာပါရှိသော ပတ်စပို့စာအုပ်များဖြင့် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

ရေဦးမြို့နယ် စပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုရာ ဆစ်ပိုးဆိုးရွားစွာ ကျရောက်မှုမရှိကြောင်း တွေ့ရှိ

ရေဦး၊ ဧပြီ ၅

ဆစ်ပိုးကြောင့် နွေစပါး ဆက်လက်စိုက်ပျိုးမည်မဟုတ် ဟူသောသတင်းအရ ဆစ်ပိုးကျရောက်ခြင်းအခြေအနေကို သိရှိနိုင်ရန် တိုင်းဒေသကြီးသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်၊ ရွှေဘိုခရိုင် စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးဆွေ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်း၊ မြို့နယ်စိုက်ပျိုးရေးတာဝန်ခံ ဦးတင်မောင်ဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ အုတ်ဖိုကျေးရွာ တောင်သူများနှင့်အတူ စပါးစိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုခဲ့ရာ ဆစ်ပိုးဆိုးဆိုးဝါးဝါး ကျရောက်မှုမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ တောင်သူအများစုက နွေစပါးအားလုံးနီးပါး စိုက်ပြီးနေပါပြီ။ မြောင်းရင်းပိုင်ဖြစ်ပြီး စောစိုက်တဲ့လယ်မြေမှာ စစ်ပိုးဥမြို ၁-၂ မြိုသာတွေ့တယ်၊ နောက်ကျစိုက်တဲ့လယ်မြေတွေမှာ ဆစ်ပိုးမတွေ့ရပါဘူး၊ တောင်သူတွေ ဆစ်ပိုးကျမယ် မကျမယ် မသိပါဘူး၊ စပါးရာသီမှာ စိုက်မြဲစိုက်ပါတယ်။ ရေလုံလောက်စွာ ပေးဝေသည့် အနေထားပေါ်မှုတည်ပြီး စိုက်တယ်။ လက်ရှိမှာလဲ ကျွန်တော် ၃ ဧက စိုက်ထားတယ် ။ မျိုးစေ့အသုံးပြုမှုနဲ့ နည်းစနစ်မှန်မှန်ကန်ကန် စိုက်ကြမယ်ဆိုရင် စိုးရိမ်ပူပန်စရာ မလိုပါဘူး" ဟု အုတ်ဖိုကျေးရွာ တောင်သူ ဦးဝင်းနိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စုတွင် ၂၀၁၄ ခုနှစ် နွေစပါး လျာထားချက် ၁၄၄၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

အုတ်ဖိုကျေးရွာတွင် ကွင်း ၆ ကွင်းရှိပြီး ကွင်းအမှတ် ၁၆၁၂ ကွင်း ရှိဧက ၂၀၀ ကျော်မှ ၅ ဧကသာ ဆစ်ပိုးဥမြို ၅ မြိုသာ တွေ့ရှိခဲ့ရသည်။ ဖလံကောင်များကို ၁၀ ဧကတွင် သုံးကောင် မှ ငါးကောင်အထိသာ တွေ့ရပြီး အဆိုပါ ဆစ်ပိုးဥမြိုများကို စပါးပင်နှင့်အတူ စနစ်တကျယူဆောင်လာပြီး တောင်သူများအား ရှင်းလင်းပြသခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဌာန တာဝန်ရှိသူများက ဆစ်ပိုးကြိုတင်ကာကွယ်ရေးအတွက် တောင်သူများနှင့် ဆွေးနွေးပွဲ ပြုလုပ်ရာတွင် ပိုးသတ်ဆေးသုံးစွဲမှု မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုနည်းနှင့် ပိုးသတ်ဆေး အသုံးမပြုဘဲ ဆစ်ပိုးကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်းလည်း သိရသည်။ **သန်းထိုက်(ရေဦး)**

မီးအာမခံကြေး ကျပ်၁၄၁သန်း ဂန္ဓမာဟိုဆေးသို့ ပေးအပ်

ရန်ကုန် မတ် ၅

အောင်သစ္စာဦးကုမ္ပဏီမီးအာမခံလျော်ကြေးပေးအပ်ပွဲအခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ဂန္ဓမာဟိုဆေးသို့မီးအာမခံကြေးငွေကျပ် ၁၄၁ သန်းကျော်ပေးအပ်သည်ဟု အောင်သစ္စာဦးကုမ္ပဏီ ဒါရိုက်တာ ဦးဘထွန်းကပြောသည်။

"အန္တရာယ်ကိုအာမခံကုမ္ပဏီတွေက ကာကွယ်နိုင်ခြင်းမရှိပေမယ့် အာမခံထားတဲ့အတွက် အာမခံကြေးငွေကို ပြန်လည်ပေးလျော်ရပါတယ်။ ၂၀၁၃ ခုနှစ်ကုန်ပိုင်းက ဂန္ဓမာဟိုဆေးကုမ္ပဏီ ဒုတိယထပ်အလုပြင်ခန်း လျှပ်စစ်မီးပူမှ တစ်ဆင့်မီးလောင်ကျွမ်းသွားတာကြောင့် မီးအာမခံထားတဲ့အတွက် ယခုကဲ့သို့လျော်ကြေးအာမခံပေးရခြင်းဖြစ်ပါတယ်" ဟုဂင်းကပြောသည်။

ပုဂ္ဂလိကပိုင်မီးအာမခံကုမ္ပဏီတစ်ခုလျှင် မီးအာမခံကြေးငွေကျပ် ၅၀၀ ကုန်ကျခံရမည်ဟု ဥပဒေကပြဋ္ဌာန်းထား ကြောင်း ပရီမီယံကြေးကိုမျှဝေခံစားသကဲ့သို့ အာမခံကြေးလျော်ကြေးငွေကိုလည်း ညီနောင်ကုမ္ပဏီများကမျှဝေပေးရကြောင်း၊ အာမခံသဘောတရားသည် အကျိုးအမြတ်အတွက်မဟုတ် ဆုံးရှုံးနစ်နာမှုကိုလျော်ကြေးပေးသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိကုန်ကျစရိတ်အတွက်အမှန်အတိုင်းထားပါလျှင် လျော်ကြေးငွေလည်း အမှန်အတိုင်း ပြန်လည်ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ မီးလောင်ဆုံးရှုံးမှုကြောင့် မီးအာမခံကြေးငွေကျပ် ၁၄၁ သန်းကို မန်နေဂျင်းဒါရိုက်တာ ဦးဘထွန်းက မြဝတီထရေးဒင်းဒါရိုက်တာ ဦးမင်းနိုင်ထံသို့ပေးအပ်သည်။ **(၅၆၉)**

ကျော်မြင့် ကမ္ဘာ
Ph : 09 423740358
09 250173327
မိုးကုတ်-မန်းသင်္ကြန်-မြင်ဦးလွင်-လားရှိုး-မူဆယ်(ရွှေလီ/ဝမ်တိန်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြင်ဆင်ပတ်ရှုပေးပါရန်

ဒေါ်စောမြရွယ်
အထက်တန်းပြဆရာမ
တောင်ကြီးမြို့

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ရန်ကုန်မြို့စည်ပင်နယ်နိမိတ်အတွင်း ဆိုင်ကယ်ဖမ်းဆီးရရှိမှု ယခင်လများထက် နှစ်ဆခန့်ပိုမိုမြင့်တက်လာ

ရန်ကုန်၊ ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာနယ်နိမိတ်အတွင်း ဆိုင်ကယ်စီးနင်းခွင့်မရှိသည့် မြို့နယ်များမှ ဆိုင်ကယ်ဖမ်းဆီးရရှိမှုများမှာ ယခင်လများထက် မတ်လအတွင်း နှစ်ဆခန့် ပိုမိုဖမ်းဆီးရရှိခဲ့ကြောင်း အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) မှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်စည်ပင်သာယာနယ်နိမိတ်၌ ဆိုင်ကယ်ဖမ်းဆီးရရှိမှုများမှာ ဇန်နဝါရီလအတွင်း လိုင်စင်ရှိဆိုင်ကယ် ၂၃၇ စီး၊ လိုင်စင်မဲ့ဆိုင်ကယ် ၉၃ စီး၊ စုစုပေါင်း ၃၃၀ စီး၊ ဖေဖော်ဝါရီလအတွင်း၌ လိုင်စင်ရှိဆိုင်ကယ် ၂၁၅ စီး၊ လိုင်စင်မဲ့ဆိုင်ကယ် ၇၇ စီး၊ စုစုပေါင်း ၂၉၂ စီးနှင့် မတ်လအတွင်း လိုင်စင်ရှိဆိုင်ကယ် ၂၇၉ စီး၊ လိုင်စင်မဲ့ဆိုင်ကယ် ၁၀၄ စီး၊ လိုင်စင်စစ်ဆေးစဲဆိုင်ကယ် ၂၀ စီး၊ စုစုပေါင်း ၄၀၃ စီး ဖမ်းဆီးရရှိခဲ့ကြောင်း စာရင်းအရ သိရသည်။

"ရှေ့ဆက်ပြီး သင်္ကြန်ကာလနီးကပ်လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဖမ်းဆီးမှုတွေကို ၅ ရက်ကနေ ၁၁ ရက်နေ့အထိ အရင်ထက်ပိုလုပ်သွားမယ်။ သင်္ကြန်ရက်မှာ စီးရင်လည်း ဖမ်းမှာပဲ။ သင်္ကြန်မှာ ဆိုင်ကယ်က ကားနဲ့မတူဘူး။ အန္တရာယ်ဖြစ်နိုင်ခြေ ပိုများတယ်" ဟု ရဲအုပ်တစ်ဦးကပြောသည်။

> သင်္ကြန်ရက်စီးရင်လည်း ဖမ်းမှာပဲ၊ သင်္ကြန်မှာ ဆိုင်ကယ်က ကားနဲ့ မတူဘူး၊ အန္တရာယ်ဖြစ်နိုင်ခြေ. . .

ဆိုင်ကယ်ဖမ်းဆီးရရှိမှု အများဆုံးမြို့နယ်များမှာ ပထမဖမ်းဆီးရရှိမှုအများဆုံးအဖြစ် အင်းစိန်မြို့နယ်၊ ဒုတိယအများဆုံးအဖြစ် ရွှေပြည်သာမြို့နယ်နှင့် တတိယအများဆုံးအဖြစ် မြောက်ဥက္ကလာပမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဆိုင်ကယ်တိုက်မှု ၂၇၅ မှုဖြစ်ပွားပြီး ၃၃ ဦးသေဆုံး၍ ၃၇၅ ဦး ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဖြစ်စဉ်များမှာ မြို့ပြင်များတွင် အများဆုံးဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်သောသတင်းများအရ သိရသည်။

ယခုနှစ် မတ်လအတွင်း ဆိုင်ကယ်တိုက်မှု ၁၅ မှုဖြစ်ပွား၍ ခြောက်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း စာရင်းဇယားများအရသိရသည်။

ယခုနှစ်သင်္ကြန်ရက်အတွင်း ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန်နှင့် ပြည်သူများလုံခြုံစိတ်ချစွာ ရေပက်ကစားနိုင်ရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားကို ယခင်နှစ်ထက် ပိုမိုတိုးချဲ့ပြီး အင်အားပြည့်တာဝန်ထမ်းဆောင်မှုကို နှစ်ဆန်းတစ်ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရဲအုပ်တစ်ဦးက ရှင်းပြသည်။

တင်မောင်ဦး

သတင်းတိုများ

အင်တော်ခ သံမဏိကြိုးတံတားသစ်ကြီး ဖွင့်လှစ်

အင်ဂျန်းယန်မြို့နယ် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ငွေကျပ် ၂၃၂ သိန်း ကုန်ကျခံကာ အကျယ် ခြောက်ပေ၊ အရှည် ၁၃၆ ပေရှိ အင်တော်ခ သံမဏိကြိုးတံတားကြီးကို မတ် ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဖွင့်လှစ်ခဲ့သည်။ တံတားဖွင့်ပွဲတွင် ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအလေးပါး၊ အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတို့က ဖွင့်လှစ်ပေးကြသည်။ အဆိုပါကြိုးတံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားသည့်အတွက် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေပြီး ကုန်ဈေးနှုန်းများလည်း လျော့ကျလာနိုင်ပြီး လူနေမှုအဆင့်အတန်းများလည်း ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

သော့တန်းလန်းဖြင့် လိုင်စင်မဲ့ယာဉ်တစ်စီးတွေ့ရှိ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် ၂၇ လမ်းနှင့် ၆၃ လမ်းဆုံတွင် မတ် ၂၈ ရက်က ယာဉ်တစ်စီး အချိန်ကြာမြင့်စွာရပ်ထားကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သွားရောက်စစ်ဆေးရာ Parado အပြာရောင်ယာဉ်မှာ သော့တန်းလန်းဖြင့်တွေ့ရသဖြင့် က. ည. န သို့ ပို့အပ်စစ်ဆေးပြီး လိုင်စင်မဲ့ယာဉ် ဖြစ်နေသဖြင့် ပိုင်ရှင်အား စုံစမ်းဖော်ထုတ်ရာ ပြည်သူတစ်ဦး၏ သတင်းပေးမှုဖြင့်လိုင်စင်မဲ့ ယာဉ်ပိုင်ရှင်မြတ်ကိုအား အမှတ် (၃) နယ်မြေရဲစခန်းက ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

နယ်လှည့်စစ်ဆေးအရေးယူဆောင်ရွက်ရေးအဖွဲ့သည် ဧပြီ ၃ ရက်က ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်အတွင်း စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် လုပ်ငန်းများအား စစ်ဆေးခဲ့ရာ သတ်မှတ်စည်းကမ်းများ မလိုက်နာသူနှစ်ဦး၊ အဆောက်အအုံဆောက်မိန့်မရှိဘဲ ဆောက်လုပ်သူလေးဦး စုစုပေါင်းခြောက်ဦးအား စစ်ဆေးအရေးယူခဲ့သည်။ နယ်လှည့်စစ်ဆေးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်မှ ဧပြီ ၃ ရက်ထိ ဆောက်လုပ်ခွင့်ပြုမိန့်မရှိသူ၊ စည်းကမ်းမဲ့ယာဉ်ရပ်နားသူ၊ လုပ်ငန်းလိုင်စင်မရှိသူနှင့် သတ်မှတ်စည်းကမ်းဖောက်ဖျက်လုပ်ကိုင်သူ စုစုပေါင်း ၂၄၇ ဦးအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - သီဟကိုကို(မန္တလေး)

သာစည်မြို့တွင် တရုတ်နိုင်ငံထုတ် သုံးဘီးဆိုင်ကယ် သမားများ လုပ်ငန်းတွင်ကျယ်အဆင်ပြေလျက်ရှိ

သာစည်၊ ဧပြီ ၅

သာစည်မြို့နယ်တွင် တရုတ်နိုင်ငံထုတ် သုံးဘီးဆိုင်ကယ်များကို ကုန်စည်ပို့ဆောင်ရေးယာဉ်အဖြစ်လည်းကောင်း၊ ဈေးအကြိုအပို့ ခရီးသည်ယာဉ်အဖြစ်လည်းကောင်း အသုံးပြုပြီး သုံးဘီးဆိုင်ကယ်အငှားလိုက်သူများ လုပ်ငန်းတွင်ကျယ်၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်က ကျေးလက်ဒေသထွက်ကုန်သီးနှံများကို မြို့ပေါ်သို့တင်ပို့ရောင်းချကြရာတွင် နွားလှည်းများဖြင့် သယ်ယူပို့ဆောင်ကြရပြီး ဆက်သွယ်သွားလာရာတွင်လည်း စက်ဘီးများဖြင့် သွားလာကြရသည်။ ယခုအခါတွင်မူ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည့်အတွက် ဒေသထွက်ကုန်သီးနှံများကို သုံးဘီးဆိုင်ကယ်များဖြင့် တင်ပို့ရောင်းချကြပြီး မြို့ပေါ်ဈေးသို့ ဈေးဝယ်လိုက်သူများမှာလည်း ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"သုံးဘီးဆိုင်ကယ် တွင်တွင်ကျယ်ကျယ် အသုံးပြုလာတော့ အချိန်ကုန်အများကြီး သက်သာလာပါတယ်။ အရင်တုန်းက မြို့ပေါ်ကို ဆီကြိတ်သွားတာ ညအိပ်တွေသွားရတယ်။ ကျေးရွာနဲ့မြို့ လမ်းပန်းဆက်သွယ်ရေးလည်းမကောင်းတော့ ခရီးမကွာဝေးလှပေမယ့် ညအိပ်ညနေသွားမှ အဆင်ပြေတယ်။ အခုတော့ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းမွန်လာသလို သုံးဘီးဆိုင်ကယ်လို ယာဉ်တွေပေါ်လာတော့ နွားလှည်းနဲ့ သွားရတာထက် အချိန်ကုန်အများကြီး သက်သာတယ်။ မြို့ပေါ်ကို ဘာကိစ္စနဲ့ သွားသွား နေ့ချင်းပြန်သွားလို့ရနေပြီ" ဟု ညောင်တိုကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

သုံးဘီးဆိုင်ကယ်များပေါ်လာသဖြင့် ကျေးရွာနေပြည်သူများ မြို့ပေါ်သို့ ဆက်သွယ်သွားလာရာတွင် လျင်မြန်ချောမွေ့လာသကဲ့သို့ သုံးဘီးဆိုင်ကယ်သမားများလည်း အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကိုထွန်းထွန်း(သာစည်)

ထားဝယ်အသင်း

ထားဝယ်ရိုးရာသင်္ကြန်(ရေစီမှန်း)ပွဲဖိတ်ကြားလွှာ

ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန် (ရေစီမှန်း)ပွဲကို ဧပြီလ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၇ နာရီမှ နံနက် ၁၀ နာရီထိ အမှတ်(၈၂)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ ထားဝယ်သူ၊ ထားဝယ်သားများ မိတ်ဆွေသင်္ဂဟများ ကြွရောက်အားပေးချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်ကော်မတီ ထားဝယ်အသင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်ရှင်းလင်းကြေညာချက်

[illegible]

ဥပဒေအကြံပေး (LL.B)

တရားလွှတ်တော်ရှေ့နေ

ဖုန်း-၀၉-၅၁၀၇၄၁၁၄၊ ၀၉-၂၅၀၀၁၂၂၉၃

ဝမ်းနည်းကြေကွဲခြင်း

Ever Seiko Co.,Ltd နှင့် Living Square Co.,Ltd ဦးအောင်ရှန်နှင့် ဒေါ်အေးအေးသွယ်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကြင် (၇၂)နှစ်သည် ၂၇-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းသာ-ဒေါ်ကျင်ဗို

(Fancy House Hair Beauty Nail Spa မိသားစု)

ဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ (၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အမှတ်(၁၀)၊ သီရိဂုဏ်ရည်ခြံနေ ဒေါ်ကြည်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကို-ဒေါ်ခင်မော်ကြည်တို့၏ ကျေးဇူးရှင်ဖခင်ကြီး သီရိသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်စုစုလွင်-ဒေါ်နုနုထွေး

(ဟိန်းဝေချောစ်လုပ်ငန်း)၊ သဃ်န်းကျွန်းမြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ

အသက်(၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (Bumrungrad International Hospital) ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရှက်ဦးနေ့စဉ်ဆွမ်းကပ်နှင့်သန့်ရှင်းရေးအသင်း

ကျိုက္ကစံစေတီတော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်းကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက် ဒါယိကာမကြီး

ဒေါ်နီနီတင်

အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သဇင်မြိုင်လမ်း၊ အမှတ်(၃)နေ ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)၏ဇနီး အမေကြီး ဒေါ်နီနီတင်သည် ၂-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်း။

စာပို့တိုက်လုပ်ငန်းမိသားစု

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ

အသက်(၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (Bumrungrad International Hospital)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရေကြည်တော်ဝတ်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ

အသက်(၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (Bumrungrad International Hospital) ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဘုရားဈေးအသင်း

ကျိုက္ကစံစေတီတော်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နီနီတင် အသက်(၈၀)

မော်လမြိုင်အသင်း(ရန်ကုန်) နာယက

မော်လမြိုင်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီး ဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)၏ဇနီး ဒေါ်နီနီတင်(နာယက)သည် ၂-၄-၂၀၁၄ ရက်တွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့

မော်လမြိုင်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ အသက်(၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (Bumrungrad International Hospital) ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗုဒ္ဓဝေယျာဝစ္စအသင်း

ကျိုက္ကစံစေတီတော်

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ (၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (Bumrungrad International Hospital) ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေသင်္ကန်းကပ်လှူရေးအဖွဲ့

ကျိုက္ကစံစေတီတော်

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောနု (စစ်တွေ)

အသက်(၉၄)နှစ်

ဦးညီဖြူလု (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)-ပါမောက္ခ ဒေါက်တာဒေါ်ခင်စောသန်း(၁၇-၁၈၊ ရန်ကုန်ဆေးရုံကြီး)တို့၏မွေးသမိခင်ကျေးဇူးရှင် ဒေါ်စောနုသည် ၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Swiss Singapore Overseas Enterprises Pte Ltd.

(Myanmar Branch)

အထူးကြေကွဲဝမ်းနည်းခြင်း

သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ (၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အမှတ်(၁၀)၊ သီရိဂုဏ်ရည်ခြံနေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ ဦးကိုကိုလေး-ဒေါက်တာသက်သက်လှိုင်တို့၏ဖခင် သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မော်လမြိုင်လမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန ကန်တော့ခံဆရာမကြီး ဒေါ်ချိုချိုသည် ၃၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ရူပဗေဒ) ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်အောင်မြင့် (ငြိမ်း)

အသက်(၇၅)နှစ်

ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း) ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)သည် ၃၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဒေါ်မြမြရင်၏ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်ဝင်း-ဒေါ်ခင်နှင်းယုမိသားစု

ဆိပ်ကမ်းသာလမ်း

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ

(ဆင်မင်း)ဦးတင်ရွှေ (၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (Bumrungrad International Hospital) ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျိုက္ကစံစေတီတော်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ခင်မင်လေးစားရပါသော

ဒေါက်တာဦးခင်မောင်လွင်-ဒေါက်တာဒေါ်ခင်ခင်ဌေး (FAME Pharmaceuticals)တို့၏မိခင် ဒေါ်နီနီတင် အသက်(၈၀)သည် ၂-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှသိန်း-ဒေါ်ခင်ခင်ရီ

ဦးတင်မြင့်-ဒေါ်ခင်ခင်ချို

ဦးအောင်နိုင်-ဒေါ်ခင်ခင်လေး

ဦးဌေးရင်-ဒေါ်နွဲ့နွဲ့ဝင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်နီနီတင် (မော်လမြိုင်)

အသက် (၈၀)

ဗိုလ်ကြီး မင်းဇော်ဦး (ငြိမ်း) + ဒေါ်ညွှန့်တင် (SUPER CROWN Plastic) တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်နီနီတင်သည် ၂၀၁၄ ခုနှစ် ဧပြီလ ၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီ ၂၀ မိနစ်တွင် ရန်ကုန်မြို့ ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

SUPER CROWN Plastic မှ

ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း သိမ် ကျောင်း ဒါယိကာမကြီး

ဒေါ်စောနု (စစ်တွေ) (၉၄) နှစ်

ဦးညီဖြူလု (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်) - ပါမောက္ခဒေါက်တာဒေါ်ခင်စောသန်း တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်စောနု သည် ၁-၄-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အာရှမိုက်ကရိုဖိုင်နန့်မြန်မာကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးညီညီအောင် (ငြိမ်း) အသက်(၅၁)နှစ်

ကြည်း-၁၉၄၄၄ (DSA-27)

ထူးအေးရေးဝင်းကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ(လုပ်ငန်း)

ဗိုလ်မှူးကြီးညီညီအောင်(ငြိမ်း) အသက်(၅၁)နှစ်သည် ၂-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အာရှမိုက်ကရိုဖိုင်နန့်မြန်မာကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခင်မောင်လွင်-ဒေါက်တာခင်ခင်ဌေး (FAME Pharma -ceuticals)တို့၏မိခင် ဒေါ်နီနီတင်သည် ၂-၄-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)သူငယ်ချင်းများ

(April /1990)

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ(ဆင်မင်း)ဦးတင်ရွှေ

အသက်(၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ(ဆင်မင်း) ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (Bumrungrad International Hospital)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂေါပကအဖွဲ့

ကျိုက်ဒေးယျံ(ရန်ကုန်)အာနန္ဒာစေတီတော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးညီညီအောင်(ငြိမ်း) အသက်(၅၀)

ထူးထရေးဒင်းကုမ္ပဏီလီမိတက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသာထွန်း)-ဒေါ်တင်တင်တို့၏သား၊ ဒေါ်စီစီညွန့်အောင်၏ခင်ပွန်းသည် ၂-၄-၂၀၁၄ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Htoo Zoos & Gardens Business Unit
Htoo Group of Companies
အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဖဆပလ) တိုက်(၅၄)၊ အခန်း(၇)နေ ဒေါ်စီစီညွန့်အောင်၏ခင်ပွန်း၊ မောင်အောင်မြတ်၊ မနှင်းစီစီတို့၏ဖခင် ဗိုလ်ကြီးညီညီအောင်(ငြိမ်း) ဒါရိုက်တာ(ထူးထရေးဒင်းကုမ္ပဏီလီမိတက်)သည် ၂-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Kandawgyi Palace Hotel
Aureum Palace Hotels & Resorts
Myanmar Treasure Resorts
Management အဖွဲ့နှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးညီညီအောင်(ငြိမ်း) အသက်(၅၀)

ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဒါရိုက်တာ(လုပ်ငန်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးသာထွန်း)-ဒေါ်တင်တင်တို့၏ သား ဒေါ်စီစီညွန့်အောင်၏ ခင်ပွန်းသည် ၂-၄-၂၀၁၄ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ

(AGD Bank- အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ (၉၂)နှစ်

(မိကျောင်းရဲ)

ဗိုလ်ကြီးလင်းဦး(ငြိမ်း) (ဒု-ညွှန်မှူး၊ မကွေးတိုင်းစည်ပင်)-ဒေါ်ခင်သန္တာညွန့်(ခရိုင်ဦးစီးမှူး၊ ကညန၊ မင်းဘူး)တို့၏မိခင် ဒေါ်ခင်လှသည် ၃-၄-၂၀၁၄ ရက် နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်

မကွေးတိုင်းဒေသကြီးစည်ပင်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောနု(စစ်တွေ)

အသက်(၉၄)နှစ်

ဦးညီဖြူလှ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ပါမောက္ခဒေါက်တာဒေါ်ခင်စောသန်းတို့၏ မိခင် ဒေါ်စောနုသည် ၁-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး)နှင့်ဇနီးဒေါ်ကေသီ

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ (၉၂)နှစ်

(မိကျောင်းရဲ)

ဗိုလ်ကြီးလင်းဦး(ငြိမ်း) (ဒု-ညွှန်မှူး၊ မကွေးတိုင်းစည်ပင်)-ဒေါ်ခင်သန္တာညွန့်(ခရိုင်ဦးစီးမှူး၊ ကညန၊ မင်းဘူး)တို့၏မိခင် ဒေါ်ခင်လှသည် ၃-၄-၂၀၁၄ ရက် နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုးသန်း(ဒု-ညွှန်မှူး)နှင့်

ပခုက္ကူမြို့နယ်စည်ပင်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးညီညီအောင်(ငြိမ်း) အသက်(၅၀)

ထူးထရေးဒင်းကုမ္ပဏီလီမိတက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသာထွန်း)-ဒေါ်တင်တင်တို့၏သား၊ ဒေါ်စီစီညွန့်အောင်၏ခင်ပွန်းသည် ၂-၄-၂၀၁၄ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Htoo International Industry Group Co.,Ltd.
Htoo Group of Companies
အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးညီညီအောင်(ငြိမ်း)

အသက်(၅၀)

နောင်တော်နှင့်ညီငယ်တွေအပေါ်မှာ စိတ်သဘောထားဖြူစင်ရိုးသားစွာ ခင်မင်တတ်ပါသော ဗိုလ်ကြီးညီညီအောင်(ငြိမ်း)သည် ၂-၄-၂၀၁၄ ရက်တွင် ရုတ်တရက်ခွဲခွာသွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသစွာ အထူးဝမ်းနည်းကြေကွဲကြရပါတယ်။ ကောင်းရာသုဂတိလားပါစေ။

စစ်တက္ကသိုလ်အောင်ဆန်းတပ်ခွဲမှ Guardianများ ရဲတင့်၊ ထိန်နန်း(၂၀)၊ မျိုးဆန်း(၂၁)၊ ထွန်းမြင့်(၂၂)၊ တင့်ငွေ(၂၃)၊ ဗကို၊ သန်းထွန်းအောင်(၂၄)၊ သီဟ(၂၅)၊ စိုးကျော်ဦး၊ ထွန်းထွန်းအောင်၊ မင်းဇော်လှိုင်(၂၆)၊ မောင်မောင်(၂၇)၊ ထူးအုံ၊ ရဲမင်းဦး(၂၈)၊ စိုးဝင်း(၂၉)၊ ခုပ်ခန့်မုံ၊ ထွန်းထွန်းစိုး(၃၀)၊ ဇော်နိုင်အောင်၊ ဝင်းဘို(၃၁)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောနု(စစ်တွေ)

အသက်(၉၄)နှစ်

ဗိုလ်မှူးကြီးညီဖြူလှ(ငြိမ်း)(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)-ပါမောက္ခဒေါက်တာဒေါ်ခင်စောသန်းတို့၏မိခင် ဒေါ်စောနုသည် ၁-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင်

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ်(၂၃)နေ General Paints & Chemicals Industries Company Limited၏ Managing Director ဖြစ်သူ ဦးအပ်ခြုံ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်တို့၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင် အသက်(၇၂)နှစ်သည် ၂၇-၃-၂၀၁၄ ရက်၌ ထိုင်းနိုင်ငံ Bumrungrad International Hospitalတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သောင်းသောင်းဘဏ် သဘော်ာဆေးဆိုင်(မန္တလေးမြို့)

တော်ဝင် သဘော်ာဆေးဆိုင်(ရန်ကုန်မြို့)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက်ဒါယိကာမကြီး

ဒေါ်နီနီတင်

အသက်(၈၀)

ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာခင်မောင်လွင်-ဒေါက်တာခင်ခင်ဌေး(FAME Pharmaceuticals)၊ ဗိုလ်ကြီးမင်းဇော်ဦး(ငြိမ်း)-ဒေါ်ဥမ္မာတင်(SUPER CROWN Plastic)တို့၏ ချစ်လှစွာသောမိခင် ချစ်ခင်လေးစားရပါသော အန်တီနီသည် ၂-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အန်တီနီ ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းပေးပါတယ်။

စိမ်းလဲ့ကန်သာမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက်ဒါယိကာမကြီး

ဒေါ်နီနီတင်(မော်လမြိုင်) အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သဇင်မြိုင်လမ်း၊ အမှတ်(၃)နေ ဗိုလ်မှူးချုပ် ဝင်းတင် (ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်နီနီတင်(မော်လမြိုင်)သည် ၂-၄-၂၀၁၄ရက် နံနက် ၄း၂၀ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းအောင်-ဒေါ်ဝင့်မူအောင်

ဒုတိယအထွေထွေမန်နေဂျာ/ပစ္စည်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)
ကြည်း-၅၈၉၆
အသက်(၈၈)နှစ်

ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)သည် ၄-၄-၂၀၁၄ရက် နံနက် ၂း၄၀နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်အေး-ဇနီးဒေါ်မြမြစန်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)(ငြိမ်း)
နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၀/က)၊ ငွေဝတ်မှုံလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)သည် ၄-၄-၂၀၁၄ရက် နံနက် ၂း၄၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)-ဒေါ်ခင်သန်းမြင့် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)
ကြည်း-၅၈၉၆
အသက်(၈၈)နှစ်

ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) (ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)သည် ၄-၄-၂၀၁၄ရက် နံနက် ၂း၄၀နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သီရိပျံချီ ဦးအောင်သောင်း ဝန်ကြီး(ငြိမ်း)မိသားစု

ကျေးဇူးတင်ရှိခြင်း

ကျွန်တော်/ကျွန်မတို့၏မိခင်ကြီး ဒေါ်ဆွေဆွေ(အမရပူရ) အသက်(၈၅)နှစ်၏ ဈာပနအခမ်းအနားအတွက် ဝိုင်းဝန်းစောင့်ရှောက်ကူညီပေးခဲ့ကြသော အကြီးအကဲများ၊ လူကြီးမိဘများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေမျိုးများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၉)မှ သူငယ်ချင်းများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)နှင့် ဌာနကြီးမှူးများ၊ စက်ရုံမှူးကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ဒဂုံဘီယာမှ အရာထမ်း/ အမှုထမ်းများ၊ လူမှုကူညီမှုအသင်း(သယ်န်းကျွန်း)တို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)-ဒေါ်ချိုချိုဝင်း
စီမံကိန်းများညွှန်ကြားရေးမှူး၊
မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့်ကျန်ရစ်သူမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်နီနီတင်(မော်လမြိုင်)
အသက်(၈၀)

မိဘရိပ်ကုမ္ပဏီလီမိတက်၊ မိဘရိပ်သစ်စက် မိဘရိပ်မိသားစုတို့၏ အနန္တကျေးဇူးရှင် ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)၏ဇနီး ကျေးဇူးရှင်မေမေကြီး ဒေါ်နီနီတင်သည် ၂-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၀ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မိဘရိပ်ကုမ္ပဏီလီမိတက်၊ မိဘရိပ်သစ်စက်၊ မိဘရိပ်မိသားစု

ဦးသိန်းငွေ(မိတ္ထီလာ)
အသက်(၆၇)နှစ်

အမှတ်(၂၁၂၂)၊ ဒက္ခိဏသီရိမြို့နေ ဒေါ်ခင်မာကြူ၏ခင်ပွန်း၊ (ဦးသိန်းထွန်းဦး)- ဒေါ်ခင်သီတာဦး၊ ဗိုလ်မှူးကြီးသောင်းထိုက်ရွှေ-ဒေါ်သင်းသင်းကြူ၊ ဒေါ်လင်းလင်းကြူတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးသိန်းငွေသည် ၅-၄-၂၀၁၄ရက် နံနက် ၇း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်တင်ကြူဝင်း(ခ)မမချို (၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးဝင်း-ဒေါ်တင်တင်မေ)တို့၏သမီး၊ (ဦးထွန်းဖေ-ဒေါ်ခင်မိ)တို့၏သမီးချွေးမ၊ အမှတ်(၁၁၆၂)၊ နဝရတ် (၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့နေ [ဦးငွေဇော် (ရေနံသယ်ပို့ဌာန-ငြိမ်း)]၏ဇနီး၊ (ဦးတင်မောင်မောင်)-ဒေါ်ဝါဝါမြင့်တို့၏ညီမ၊ ဦးရဲမြင့်-ဒေါ်တင်ဖြူဝင်း(ခ)မမဖြူတို့၏အစ်မ၊ ကိုကျော်ကျော်ခိုင်၊ မဇင်ဇင်ဆွေ၊ ကိုပိုင်စိုးတို့၏မိခင်သည် ၄-၄-၂၀၁၄ ရက် မွန်းလွဲ ၂း၄၈နာရီတွင် ရန်ကုန်ပြည်သူဆေးရုံကြီး၌ ကွယ်လွန်သွား ပါသဖြင့် ၆-၄-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းသန်းထွေး (၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနား အလယ်ရပ်ကွက်၊ တိုက်အမှတ်(၂၅)၊ အခန်း(၁၀၁)နေ ဦးမျိုးဝင်းသန့်၊ ဦးနေဝင်းသန့်-ဒေါ်မြမြဝင်း၊ ဦးဇင်ဝင်းသန့်-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ဝင်းစံ-ဒေါ်စောမြတ်သန္တာထွေး(ခေတ္တ-စင်ကာပူ) ဦးစိုးကျော်သူ(Asia World Co., Ltd.)-ဒေါ်စောမြတ်သီတာငွေး (အမက-၁၆၊ ရွှေပြည်သာ)၊ ဦးရဲမင်းဝင်း-ဒေါ်စောမြတ်အိသက်ခိုင်၊ မောင်မင်းသော်တာလင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မနန်းမြတ်နိုးစံ၊ မောင်သုတနိုင်၊ မောင်မင်းသုခတို့၏ ချစ်လှစွာသောအဘွား ဦးသန်းအေး (ဌာနခွဲမှူး-ငြိမ်း၊ အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ ချစ်လှစွာသောဇနီးသည် ၄-၄-၂၀၁၄ (သောကြာနေ့) ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိန်ရွှေ(ဟတ်မွန်) (၅၉)နှစ်
အငယ်တန်းအင်ဂျင်နီယာ(၂)၊ရေသန့်
ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊
(ဆောက်လုပ်ရေးဝန်ကြီးဌာန)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်(၃)နေ (ဦးစိန်လွင်-ဒေါ်ထွေးစိန်)တို့၏သား၊ ဒေါ်ခင်နွဲ့၊ ဒေါ်ခင်လေးဝင်းတို့၏ခင်ပွန်း၊ ဦးတင်အောင်ဇော်(မြဝတီဒီဇယ်ဖြန့်ဖြူးရေး)-ဒေါ်ဥမ္မာမေ၊ ဦးမျိုးမင်းဇော် (SRS Shipping Co., Ltd.)-ဒေါ်အိအိဝင်း၊ မမိမိခိုင်၊ ကိုဇော်မင်းထွန်း၊ (United Farmar Co., Ltd.)-မဝင်းဝင်းသွယ်၊ မောင်ဇော်-မမူမူဝင်းရွှေ၊ မောင်ကျော်ဇင်လွင်-မသန္တာမိုး၊ ကေဇင်ဝင်းရွှေတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးစိန်ရွှေသည် ၅-၄-၂၀၁၄ (စနေနေ့) ညနေ ၃း၁၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး
ဒေါ်ညွှန့်နွယ် (၈၂)နှစ်

[ဦးညွှန့်တင် (ဥက္ကဋ္ဌဟောင်း၊ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)]၏ဇနီး၊ ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး) (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)၊ ဒေါ်မေသက်ထွန်းတို့၏မိခင်သည် ၄-၄-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (အသင်းဓမ္မာရုံမှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင် ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

ဦးဇာပဲန်း(စစ်မှုထမ်း-ငြိမ်း)
အသက်(၇၆)နှစ်
ရန်ကုန်လှိုင်နှစ်ချင်းခရစ်ယာန်
အသင်းတော်၊ ရန်ကုန်မြို့

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ စလင်းကျေးရွာနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အမှတ်(၂၂)၊ အခန်း(၄၀၄)၊ (၈)လမ်း(ဘီ)နေ ဒေါ်ကျင်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ကျဲရ်အိယန်း)၊ ဦးရွှေဒွန် (USA)၊ ဒေါ်လာလ်ရှန်မော်(USA)တို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၅-၄-၂၀၁၄ (စနေနေ့) နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အထက်ပါနေအိမ်၊ မန္တလေးမှတ်တိုင်၊ (၄၆)အဒေးဆိုင်မှတ်တိုင်၊ လှိုင်သီရိ၊ ခဝဲခြံမှတ်တိုင်တို့မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးစိန်အောင် (၇၄)နှစ်
MEIS ကုန်သွယ်ရေး

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ လက်ပံကျေးရွာနေ (ဦးမောင်တင်ကြီး-ဒေါ်မြမေ)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်ကြင်မြိုင်)တို့၏ သားသမက်၊ ကိုကျော်သူရ၊ ကိုအောင်သူရ-မမြင့်မြင့်စိန်တို့၏ မွေးသဖခင်၊ မောင်ဟံလွင်အောင်၊ မဧကရီအောင်၊ မောင်ဖွဲ့ထက်အောင်တို့၏အဘိုး၊ (ဒေါ်စိန်ဝင်း)၏ခင်ပွန်းသည် ၅-၄-၂၀၁၄ (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်သောင်းမြင့် (၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၈)၊ သုံးလွှာ(B)နေ (ဦးသောင်း-ဒေါ်ထွေးမြင့်)တို့၏သမီး၊ ဦးစိုးလင်း၏ဇနီး၊ ဦးကိုကိုလေး-ဒေါ်ခင်မြတ်သူ၊ ဦးသူရအောင်-ဒေါ်ဝင်းဝင်းခိုင်တို့၏မိခင်၊ မမီချိုကို၊ မောင်ရဲနန္ဒ၊ မကြယ်စင်သွန်း၊ မီးမီးတုန်တို့၏ ချစ်လှစွာသောအဘွားသည် ၅-၄-၂၀၁၄ (စနေနေ့) နံနက် ၂း၃၅ နာရီတွင် ရွှေဂုံတိုင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄ (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတက်လူ (၅၉)နှစ်
မြန်မာ့ရေနံထွက်ပစ္စည်း
ရောင်းဝယ်ရေး(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၂၈)၊ ဒုတိယထပ်နေ (ဦးဘစိုး-ဒေါ်တင်အေး)တို့၏သား၊ (ဦးဟုတ်ကြည်)-ဒေါ်လွှမ်တို့၏ သားသမက်၊ ဒေါ်အေးအေးစိုး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဇော်အောင်-ဒေါ်နီနီဝင်းကို၊ ဦးအောင်မြတ်ဖြိုး (JPC Trading Co.,)တို့၏မွေးသမိခင်၊ (ဦးတင်ဝင်း)၊ ဦးအောင်ဇေတို့၏ညီ၊ ဦးနိုင်သိန်း၊ ဒေါ်သန်းခင်၊ ဒေါ်တင်သန်းတို့၏အစ်ကိုသည် ၄-၄-၂၀၁၄ရက် ညနေ ၅း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွှန့်နွယ်(ဘိုကလေး)
အသက်(၈၂)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့်ဇနီး ဒေါ်မေသက်ထွန်းတို့၏မိခင် ဒေါ်ညွှန့်နွယ်သည် ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းထွန်းနှင့်ဇနီးဒေါ်ဆွေဆွေချစ်
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်ဆောင် (၈၃)နှစ်
(အိရွှေစင်ရတနာရွှေဆိုင်)၊ (ရွှေသဇင်ရတနာရွှေဆိုင်)
(ကျောက်ပန်းတောင်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၆၂/A)၊ ဓမ္မစေတီလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးခင်ငွေးမောင်၊ ဒေါ်အေးအေးခိုင်၊ ဦးခင်မောင်ကြည်၊ မတင်မျိုးခိုင်၊ ကိုအောင်မျိုး၊ မတင်လဲ့ခိုင်၊ မခင်မျိုးသန့်၊ ဦးကျော်စွာထွန်းတို့၏ဖခင်၊ ဦးတင်ဆောင်သည် ၄-၄-၂၀၁၄ (သောကြာနေ့) နံနက် ၇ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၄-၂၀၁၄ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဉာဏ်ပို (၈၁)နှစ်
ညွှန်ကြားရေးမှူး(ငြိမ်း)သစ်တောဦးစီးဌာန

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်း၊ (၆၇×၆၈)လမ်းကြား၊ စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာ(မျိုးစေ့ဝင်း)နေ ဦးစိုးလှိုင်၊ ဒေါ်မိုးမိုး(ဦးစီးအရာရှိ၊ ဆီထွက်သီးနှံဖွံ့ဖြိုးရေးဌာနစိတ်)၊ ဒေါက်တာတိုးတိုး-ဒေါက်တာကေသီအောင်၊ ဦးမျိုးမျိုး၊ ဒေါက်တာခိုင်ခိုင်တို့၏ မွေးသဖခင်၊ [ဒေါ်ရှု့ကြည်(အထပြ-ငြိမ်း)]၏ခင်ပွန်းသည် ၅-၄-၂၀၁၄ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ရက် နံနက် ၁၁ နာရီတွင် တော်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးရဲမြင့် (၆၈)နှစ်

(ဗိုလ်ကြီးမောင်မောင်-ဒေါ်သန်းစိန်)တို့၏သား၊ အမှတ်(၁၁၈)၊ (၉၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ဝင်းမြင့်၏ခင်ပွန်း၊ ဦးစိန်မြင့်-ဒေါ်အေးချစ်တို့၏ညီ၊ ဦးတင့်လွင်-ဒေါ်ကြူကြူစိန်၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်အေး၊ ဦးကိုကိုကြီး-ဒေါ်ဝင်းဝင်းမာ၊ ဒေါ်လှလှဝင်းတို့၏အစ်ကိုကြီး၊ ဦးကျော်ငွေး (ဦးစိုးဝင်း)-ဒေါ်ခင်ဦးသွင်တို့၏ ညီ/မောင်၊ ဦးသန်းငွေး၏အစ်ကို၊ ကိုမျိုးဇော်ဦး-ဒေါ်ခိုင်နွယ်ဦး၊ ဒေါ်ဝင်းကေခိုင်တို့၏ဖခင်၊ မခိုင်မမဇော်၊ မောင်ရဲထက်မြတ်ဇော်တို့၏အဘိုး ဦးရဲမြင့်သည် ၅-၄-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄ နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Sapliani(ခ)ဒေါ်လျှန်နီ
အသက် (၇၅)နှစ်

Tualcheng Khua ae (Pu Lalzika-Pi Kapdengi)တို့၏သမီး၊ ရှမ်းပြည်နယ်၊ ရွှေညောင်မြို့နေ ဦးအောင်သန်းဦး- Pi Zothanpari၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်း၊ ပိတောက်မြိုင်ရပ်ကွက်နေ Pu Thanthuama (Mega Lifescience Ltd.)-Pi Zohmingthangi (မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ)၊ ကလေးမြို့၊ တာဟန်းရပ်ကွက်နေ Pu Lalthanzama-Pi Lalsawmi၊ အင်းစိန်မြို့နယ်၊ ပိတောက်မြိုင်ရပ်ကွက်နေ Pi Lalnunkimi၊ NL.Lianzami (ခေတ္တ-စင်ကာပူ)၊ ရွှေညောင်မြို့နေ ဦးထွန်းလင်း-Pi Lalrinngheti (ခ) ဒေါ်နုသဲ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ တိုက်(၉)၊ (၄-စီ)နေ NL. Lalhrilliani (ခ) မနုအေးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ အဘွား၊ ဒုအရာခံဗိုလ် (Pu Huliana)၏ ချစ်လှစွာသောဇနီးသည် ၄-၄-၂၀၁၄ (သောကြာနေ့) ည ၇း၅၀ နာရီတွင် အင်းစိန် သီရိစန္ဒာဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ထန်းပင်ကုန်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီနှင့် ဧမောနွေလ ဘုရားကျောင်းရှေ့မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ကြည်ကြည်ထွေး
အသက်(၇၅)နှစ်

အမှတ်(၁၅)၊ မာလာမြိုင်(၆)လမ်း၊ (၁၆)ရပ်ကွက်နေ (ဦးဘိုးနု-ဒေါ်အေးလှိုင်)တို့၏သမီး၊ (ဦး H.Aကင်းမရွှန်း-Eကင်းမရွှန်)တို့၏ သမီးချွေးမ၊ (ဦး W ကင်းမရွှန်း)၏ဇနီး၊ မစန္ဒာ-ကိုလှိုင်ဝင်းနိုင်၊ (မောင်နိုင်ထွန်း-မစိုင်းဂျာ)၊ မသန္တာထွေး(IISY)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ကြည်ကြည်ထွေးသည် ၄-၄-၂၀၁၄ရက် နံနက် ၁၀း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၁၄ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်မည်။) ကျန်ရစ်သူမိသားစု

ဒေါ်ဘေဘီတင့် (၅၉)နှစ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ အောင်သစ္စာ(၆)လမ်း၊ အမှတ်(၆၇၆)နေ (ဒေါ်ဖြူ)၏သမီး၊ (ဦးစိန်ဖေ-ဒေါ်စောကြည်)တို့၏ သမီးချွေးမ၊ ဦးကျော်ကျော် (သတင်းတပ်ဖွဲ့-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးလွင်ဦး (နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါက်တာချောချောယု၊ ဦးပိုင်ဖြိုးသိမ်း (1A/E S.B Maritime Co., Ltd.)-ဒေါ်ယုယုသော်(သိန်းကမ္ဘာ အိမ်ဆောက်ပစ္စည်း)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၄-၄-၂၀၁၄ရက် ည ၇နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၄(ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကျောင်းဒါယကာ
ဦးခင်မောင်တင့်(မြင်းခြံ)
(C.D.C -34017,
A/B UNITEAM MARINE)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ် မလွကုန်းငွေကြွယ်(က)ရပ်ကွက်၊ သူငွေးလမ်း၊ အမှတ်(၂၁)၊ ပထမထပ်နေ (ဦးရှိန်-ဒေါ်တင်အုံ)တို့၏သားထွေး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ နဂါးပေါက်ကျေးရွာနေ ဦးထွန်းခင်-ဒေါ်ညွှန့်ရွှေတို့၏သားသမက်၊ ဒေါ်ခင်ဝမ်း၊ ဦးစိုးမြင့်၊ ဦးမြင့်အောင်၊ ဦးတင်မြင့်၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်မာရီ(ပုဇွန်တောင်ဈေး)တို့၏ ညီ/မောင်၊ ဒေါ်နုနုလွင်၏ ချစ်လှစွာသောခင်ပွန်း၊ မထက်နဒီဝန်း(အထက-၂၊ ဒဂုံ၊ Grade- 9-A)၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်သည် ၅-၄-၂၀၁၄ (စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)
(ကြည်း/၅၈၉၆)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)(ငြိမ်း)
နိုင်ငံတော်ကောင်စီဝင်(ငြိမ်း) နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်
ဂျပန်ခေတ်ဗိုလ်သင်တန်းအပတ်စဉ်(၃)
ဗမာ့တပ်မတော်ဗိုလ်သင်တန်းအပတ်စဉ်(၄)
ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(ဝမ်းပြည့်ရွာ၊ မြင်းမူမြို့နယ်)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် (၇၀/က)၊ ငွေဝတ်မှုံလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ဒေါ်ခင်အေးရည်-(ဗိုလ်မှူးကြီးဝင်းလွင်)၊ ဒေါ်အေးမြင့်ရီ-ဦးဝင်းမြင့်မောင်(နွမ်ဂျာသိုင်း)၊ ဦးဇော်ထွန်း(3rd MATE/F.G)-ဒေါ်ခင်နှင်းဖြူ၊ ဒေါ်ဥမ္မာထွန်း-ဦးမင်းသွင် (Myanmar Cross World Travel Tour)၊ ကပ္ပတိန်ကျော်သူ(မြန်မာ့ကြယ်ငါးပွင့်သင်္ဘော-ငြိမ်း)-ဒေါ်စိုးစိုးအေး၊ ဦးအောင်သူ(အကောက်ခွန်အရာရှိ-ငြိမ်း)-ဒေါ်အိအိခိုင် (ဦးစီးအရာရှိ၊ သထုံခရိုင်၊ လဝက)တို့၏ဖခင်သည် ၄-၄-၂၀၁၄ရက် နံနက် ၂း၄၀နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း) (ကြည်း/၅၈၉၆)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)(ငြိမ်း)
နိုင်ငံတော်ကောင်စီဝင်(ငြိမ်း) နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်
ဂျပန်ခေတ်ဗိုလ်သင်တန်းအပတ်စဉ်(၃)
ဗမာ့တပ်မတော်ဗိုလ်သင်တန်းအပတ်စဉ်(၄)
ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(ဝမ်းပြည့်ရွာ၊ မြင်းမူမြို့နယ်)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် (၇၀/က)၊ ငွေဝတ်မှုံလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ဦးဇော်ဝင်းထွန်း-ဒေါ်ကြည်ပြာခင်၊ ဒေါ်ခင်စပယ်လွင်-ဒုဗိုလ်မှူးကြီးဖုန်းမြင့်ထွန်း(ငြိမ်း) (စီးပွားရေးဦးပိုင်)၊ ဦးမျိုးဝင်းထွန်း (iwin Golf)-ဒေါ်ကလျာအောင်(မီးသတ်ရုံးချုပ်)၊ ဦးဖြိုးဝင်းထွန်း-ဒေါ်ခင်ကြူကြူဝင်း၊ ဒေါ်နေခြည်ဝင်းလဲ့ရည်-ဦးအောင်လင်းလင်းလတ်၊ Dr. အောင်ဆည်းဆာ၊ ဦးအောင်နိုင်လွင် (GRAND SUNDAY CONSTRUCTION)၊ ဒေါ်မေမြတ်ဝါဆို (HAPPY HEART)-ဦးမင်းမင်းဘို(မြင်းခေါင်းပွဲရုံ-မန္တလေး)၊ ဒေါ်ယမင်းထွန်း(TOUR GUIDE)၊ ဒေါ်မို့မို့ဇော်ထွန်း (TOUR GUIDE)၊ ဦးမင်းဝင့်ဦး (GM ရောဝတီဘဏ်)-ဒေါ်သီရိထူး (မန်နေဂျာ-ရောဝတီဘဏ်)၊ ဦးအောင်ဇော်မင်း (MYANMAR CROSS WORLD TRAVEL TOUR)၊ ဦးကျော်ဇေမင်း၊ Dr. ကျော်သက်စိုး (ပါရဂူ-အစင်ရှာ)၊ Dr. ကျော်သူရစိုး၊ မောင်ကျော်သုခအောင် (2nd year Computer)၊ မဝင့်ယမုံကျော်သူ [ဆေး(၁) အပိုင်း(ခ) UM-1 Final Part II Junior]၊ မောင်အေးချမ်းဗိုလ် (2nd MATE, UNITEAM)-မနန္ဒာမိုးဇင် (UNITEAM)၊ ဗိုလ်စိုးပြည့်စုံမောင် (ကပစ-၂၁)တို့၏အဘိုး၊ မြစ် ၁၃ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၄-၂၀၁၄ရက် နံနက် ၂း၄၀နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ညွှန့်ရီ (ကျုံပျော်၊ အထောင်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၅)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၇)မိုင်နေ (ဦးမြင့်စိုး)၏ဇနီး၊ ဒေါက်တာသန်းထွန်း-ဒေါ်လှလှနွယ်(Australia)၊ ဦးဇော်အောင်-ဒေါ်တင်လေးမွန်၊ ဦးမင်းအောင်-ဒေါ်မြင့်မြင့်ဆွေ၊ ဦးအေးခိုင်-ဒေါ်မိုးမိုး (စိန်မိုးဆန်းရတနာ၊ ဗိုလ်ချုပ်ဈေး)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၅-၄-၂၀၁၄ရက် နံနက် ၉း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်အမာညို(အထပြ-ငြိမ်း) (၆၇)နှစ်

မန္တလေးမြို့၊ စက်မှု(၂)ရပ်နေ ဦးသန်းထွန်း-ဒေါ်သန်းအေး၊ အမရပူရမြို့၊ နန်းတော်ရာစံပြကွက်သစ်နေ ဦးအုန်းသောင်း-ဒေါ်ခင်ဆွေဝင်းတို့၏ ချစ်လှစွာသောအစ်မ၊ မန္တလေးမြို့၊ လမ်း (၈၀)၊ (၃၂×၃၃)လမ်းကြား၊ တရုတ်တန်းရပ်နေ မစန်းစန်းအောင်၊ ကိုရန်နိုင်ထူး-မနီနီအောင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ကိုနိုင်ထွန်း-မသွယ်သွယ်အေး၊ ကိုအောင်သူသူ-မဇာနည်အေးတို့၏ ချစ်လှစွာသော ကျွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ ဆင်စွယ်ဆရာကြီး (ဦးတင်အောင်)၏ဇနီးသည် ၅-၄-၂၀၁၄ (စနေနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် မန္တလေးမြို့၊ လမ်း(၈၀)၊ (၃၂×၃၃)လမ်းကြား၊ တရုတ်တန်းရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါက်တာလီလီစိန်း(သန်လျင်) (၅၅)နှစ်

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄)နေ [ဦးစိုးမြင့်(ခ)ဦးတင်စိန်း-ဒေါ်ကြည်အေး]တို့၏သမီး၊ (ဦးဟုတ်ရှိန်)-ဒေါ်ထားကြည်တို့၏သမီးချွေးမ၊ ဦးကျော်ဇောဝင်း(ဆရာကျော်)၏ဇနီး၊ ဒေါက်တာသဲစုဖြူ (မြန်မာနိုင်ငံဆရာဝန်အသင်း၊ ငှက်ဖျားစီမံချက်)၊ မောင်ဘုန်းပြည့်ကျော် [B.E(EC), Final, TU, Thanlyin)]၊ မောင်ဖွဲ့နောင်ကျော် (2MB, UM-2)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးမော်စိန်း(စင်ကာပူ)-ဒေါ်မြမြလွင်၊ ဦးသက်စိန်း-ဒေါ်ဖြူဖြူနိုင်၊ ဦးဇော်လင်းစိန်း(စင်ကာပူ)၊ ဦးအောင်မိုးမြင့်-ဒေါ်အေးမီစိန်း၊ ဦးနိုင်ထွဋ်ဝင်း(ထူးချွန်ပညာ့ရိပ်သာ)-ဒေါ်နှင်းစုယဉ်၊ ဦးမြင့်ဦး (TOTAL Co., Ltd.)-ဒေါ်ဥမ္မာသွင်(ဗန်ကောက်)တို့၏အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ကြီးကြီး ဒေါက်တာလီလီစိန်းသည် ၅-၄-၂၀၁၄(စနေနေ့) နံနက် ၁၁း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် သန်လျင်အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲ ရန်ကုန်မြို့၌ ကျင်းပ
အစိုးရ-လွှတ်တော်-တပ်မတော်နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများစုံညီစွာတက်ရောက်
ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် သံသယများကို စိတ်ရှည်သည်းခံပြီး ဖြေရှင်းရမည်

ရန်ကုန် မေ ၅

NCCT အနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်း ၁၆ ဖွဲ့ဖြင့် ဖွဲ့စည်းထားရာ ယနေ့ပွဲမှာ NCCT မှ တိုင်းရင်းသားကိုယ်စားလှယ်များအပြင် အထူးဖိတ်ကြားထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့မှ ကိုယ်စားလှယ်များပါ တက်ရောက်သည့်အတွက် စုစုပေါင်း ၂၁ ဖွဲ့ တက်ရောက်သည်ကိုလည်း မိမိတို့အနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့နှင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ခြင်းကို ထူးခြားသည့် အောင်မြင်မှုအဖြစ် မှတ်တမ်းတင်ရမှာဖြစ်ပါကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ် (၁၀) ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center)၌ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ (NCCT) အဖွဲ့ ခေါင်းဆောင် ဦးနိုင်ဟံသာ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နဝမအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

နေပြည်တော် မေ ၅

၂၀၀၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပထမအကြိမ်အဖြစ် စတင်ကျင်းပခဲ့ပြီး နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ ယခု ၂၀၁၄ ခုနှစ်တွင် နဝမအကြိမ်အဖြစ် ကျင်းပမည့် အရှေ့တောင်အာရှလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲကို ယခုနှစ် မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအား လုံးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် အားကစားသမား ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်ဇော်)

ဖွန်ဆီကာ၏ ဟက်ထရစ်ဖြင့် ရတနာပုံအနိုင်ရရှိ

နေပြည်တော် မေ ၅

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁၀)၏ ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

(ဗထူးကွင်း)

ရတနာပုံ - ငါးဂိုး

(ဖွန်ဆီကာ -သုံးဂိုး၊ ရန်အောင်ဝင်း-နှစ်ဂိုး)

GFA - ဂိုးမရှိ

ရတနာပုံအသင်း အိမ်ကွင်း၌ခြေစွမ်းပြကစားခဲ့ပြီး နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ရတနာပုံအသင်းအတွက် GFA အသင်းမှာ ခက်ခဲသည့် ပြိုင်ဘက်မဖြစ်ခဲ့ဘဲ တိုက်စစ်မှူး ဖွန်ဆီကာ၏ ဟက်ထရစ်အပါအဝင် ငါးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲအစ ငါးမိနစ်မှာပင် ဖွန်ဆီကာက ရတနာပုံအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၁၄ မိနစ်တွင် ရန်အောင်ဝင်းက ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကို စိုးမိုးကစားသွားပြီး ၅၀ မိနစ် နှင့် ၈၆မိနစ်တွင် ဖွန်ဆီကာ၊ ၆၁ မိနစ်တွင် ရန်အောင်ဝင်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ✪

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ကြေးမုံ The Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 APRIL 6, SUNDAY

PREMIER COFFEE

စီးပွားရေး

ဝင်ငွေအပိုရရှိစေသည့် လယ်ကြားကန် ငါးမွေးမြူရေးလုပ်ငန်း

စံလွင်(ငါးဦးစီး)

လယ်ကြားကန်ဟူသည်မှာ လယ်တောများအတွင်း လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များ အလွယ်တကူ သုံးစွဲရန်တူးဖော်တတ်ကြသည့် ကျွဲရေသောက်၊ နွားရေသောက်ကန်လေးများကိုဆိုလိုပါသည်။ လယ်တောများ၌ ကျွဲ၊ နွားများထားရှိရန်အတွက် လည်းကောင်း၊ လယ်လုပ်သားများ ခေတ္တခဏ နားနေစားသောက်ရန်အတွက်လည်းကောင်း လယ်စောင့်တဲလေးများ ထိုးထားလေ့ရှိကြရာ အနီးအနား၌သုံးစွဲရန် တူးဖော်ထားသည့် ပေ (၅၀× ၂၅)ခန့်ရှိတစ်ပိုင်တစ်နိုင်ကန်ငယ်လေးများ ဖြစ်ပါသည်။

ထိုလယ်စောင့်တဲလေးများသည် ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်သိမ်းခြွေလှေ့ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာ၌ လယ်လုပ်သူများအတွက် မဖြစ်မနေလိုအပ်သော နားခိုရာနေရာလေးများ ဖြစ်ပါသည်။ ထိုတဲကုန်းလေးများအနီး၌လည်း သီးနှံစားပင် စိုက်ခင်းလေးများ၊ ဘူးစင်ကလေးများနှင့် ကြက်၊ ဝက်၊ ဘဲ အစရှိသည်များကို ဘာသာဘာဝစိုက်ပျိုးမွေးမြူထားလေ့ရှိကြသည်။

အရိပ်ရရှိရန်အတွက်လည်း အရိပ်ရပင်များကို စိုက်ပျိုးထားကြရာ မျက်စိတဆုံးမြင်နေရသည့် လယ်ကွင်းလယ်ကွက်များအတွင်း စိမ်းစိမ်းစိုစိုနှင့် အုံ့အုံ့ဆိုင်းဆိုင်းဖြစ်နေသည့် လယ်တဲအစုလေးများကို ခရီးသွားရင်း ကား၊ ရထား အစရှိသည်များပေါ်မှ တွေ့မြင်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။ မိမိရောက်ရှိသွားသည့် လယ်တဲကလေးမှာ သနပ်ပင်မြို့နယ် ကလှိုင်ကွင်းအတွင်းရှိ လယ်တဲကလေးတစ်ခုဖြစ်ပါသည်။ လယ် ၃၅ ဧက လုပ်သည်ဟုဆိုပါသည်။

ထိုလယ်တောလေး၏ ထူးခြားချက်မှာ စပါးထုတ်လုပ်မှုသာမက ဝင်ငွေပို မြိုးမြိုးမြက်မြက်ရရှိစေသည့် သဘာဝငါးမွေးမြူထုတ်လုပ်ရေးကိုပါ တွဲဖက်လုပ်ကိုင်နေခြင်းပင်။ ငါးကျည်း၊ ငါးခူ၊ ငါးရံ့၊ ငါးဘတ်၊ ငါးပြေမ၊ ငါးခုံးမ၊ ငါးဘဲဖြူ အစရှိသည်တို့မှာ သဘာဝရေပြင်များ၌ အလိုအလျောက်ပေါက်ပွားနေတတ်သည့် သဘာဝငါးများဖြစ်ပါသည်။ တစ်နည်းအားဖြင့် ငါးရိုင်းများဟုလည်း ခေါ်ဆိုကြပါသေးသည်။ ငါးယဉ်ဟူသည်မှာ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ တီလားပီးယား စသည့် မွေးမြူရေးသမားအများစုမွေးမြူလေ့ရှိသည့် ငါးများဟု နားလည်ကြပါသည်။

လယ်ကြားကန်လေးများ အတွင်း သဘာဝငါးရိုင်းများ မွေးမြူထုတ်လုပ်ပုံမှာ စိတ်ဝင်စားစရာကောင်းလှပါသည်။ သာမန်မွေးမြူရေးငါးများကဲ့သို့ ကန်ပေါင်လေးဖက်ပိတ်၍ မွေးမြူကြသည်မဟုတ်ဘဲ ရာသီတစ်ချိန်၌ လယ်ကြားကန်နှင့်ဆက်ထားသည့် လယ်ကြားမြောင်းမှတစ်ဆင့် ကာရံထားသည့်ယင်းကို ဖွင့်ချကာကန်အတွင်းမှ ငါးများအား လယ်ကွင်းအနှံ့သို့ လွှတ်ချပေးလိုက်သည့် ကွင်းလွှတ်မွေးမြူရေးစနစ်ဖြစ်ပါသည်။ ငါးအများစု၏ သဘာဝမှာ မိမိနေထိုင်ကြီးပြင်းရာဇာတိသို့ ပြန်လာတတ်သည့် ဓလေ့ရှိရာ ၎င်းတို့၏ ရာသီအလိုက် ပြုဖွယ်လုပ်ငန်းစဉ်များအပြီး၌ မူလကန်အတွင်းသို့ လယ်ကြားမြောင်းများမှတစ်ဆင့် ပြန်လည်ဆင်းသက်ဝင်ရောက်လာရာ ပေါက်ပွားသည့်ငါးများသာမက အခြားငါးမျိုးစုံများပါ အလုံးအရင်းနှင့် ပူးတွဲပါလာတတ်ကြပါသည်။

ရေချိုငါးများ၌ဖြစ်စေ၊ ရေငန်ငါးများ၌ဖြစ်စေ ၎င်းတို့သည် အုပ်စုလိုက်ရွှေ့လျားခြင်း (migration) ဟူသည့် သဘာဝလုပ်ငန်းရပ်တစ်ခုကို ဆောင်ရွက်လေ့ရှိကြပါသည်။ အစာအလို့ငှာရွှေ့လျားခြင်း (Feeding Migration)၊ မျိုးပွားရန် ရွှေ့လျားခြင်း(Spawning Migration)၊ရာသီအလိုက်ရွှေ့လျားခြင်း(Seas-onal Migration) ဟူ၍ ရှိကြပါသည်။

အထက်ပါ လယ်ကြားကန် ကွင်းလွှတ်ငါးမွေးမြူခြင်းစနစ်သည်မျိုးပွား(ပေါက်ပွား)ရန် ရွှေ့လျားတတ်သည့် သဘာဝအရ ကန်အတွင်းမှ ငါးများကို လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး ရေဖုံးလွှမ်းနေသည့် လယ်ကွင်းအနှံ့တွင် ပေါက်ပွားစားသောက်ကြီးပြင်းကြကာ ရေပြန်လည်ကျတော့မည့် ရာသီမတိုင်မီ ၎င်းတို့၏ မူရင်းဒေသငါးကန်များအတွင်း ပြန်လည်ဝင်ရောက်လာသည့် ဓလေ့ကို ထိန်းကျောင်းကာမွေးမြူသော လယ်ကြားကန်သဘာဝငါးများ မွေးမြူသည့်စနစ်ဖြစ်ပါသည်။

စင်စစ် လယ်ကြားကန်ငါးမွေးစနစ်သည် လယ်ကြားမြောင်းများမှတစ်ဆင့် ကွင်းအနှံ့ရေပြင်အနှံ့ရှိ သဘာဝငါး(ငါးရိုင်းများ) အလိုအလျောက် ဝင်ရောက်လာသည်မှအစပြု၍ ထိန်းကျောင်းမှုများပြုကာ မွေးမြူထုတ်လုပ်ကြခြင်း ဖြစ်ပါသည်။ ထိန်းကျောင်းမှုများအနေဖြင့် ငါးများကန်အတွင်းရှိနေချိန်၌ အစာဖြင့် မြူထားရခြင်း (အစာကျွေးခြင်း)များကို ပုံမှန်ပြုပေးရပါသည်။ ဖွဲနုပက်၍ဖြစ်စေ၊ ဖွဲနုနှင့်ပွိုင့်ကိုလှော်၍ဖြစ်စေ အစာအဖြစ် ကျွေးမွေးပေးရပါသည်။

လယ်ကြားကန်ငါးမွေးမြူရေးစနစ်ကို ရေနက်ကွင်းများနှင့် နှစ်ပတ်လည်ရေရရှိပြီး ရေအပြင်ဆက်စပ်မှုရှိနေသည့် စပါးစိုက်ခင်းများ၌သာ ဆောင်ရွက်နိုင်ကြပါသည်။ မိမိစပါးစိုက်ခင်းဧရိယာအား ဒေသအခေါ်အဝေါ်အားဖြင့် ဝိုင်(တာပတ်ခြင်း)ပြုလုပ်ထားကြရပါသည်။ မိမိငါးများ အခြားကွင်းသို့ မရောက်စေရန်ဖြစ်ပါသည်။ ရေနက်ကွင်းဒေသများ၌ နွေစပါးသာစိုက်ပျိုးကြသော်လည်း ဝိုင်ရှိသည့် (တာပတ်ထားသည့်) စာမျက်နှာ ၇ သို့ » »

Win & San Diamonds and Fine jewelry
ဦးဝင်းနိုင် + သုဓမ္မာသိင်္ဂီ ဒေါ်စန်းစန်း

"နှစ်သစ်မဟာသင်္ကြန်အထူးအစီအစဉ်အဖြစ်" Win & San Diamonds and Fine Jewelry မှအရောင်းမြှင့်တင်ခြင်း အခမ်းအနားတွင် အထူးအစီအစဉ်အဖြစ် မြသန့်စိန်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများနှင့် စိန်အကြွေမျိုးစုံ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ပါ တစ်ပွင့်စိန်ဆိုဒ်မျိုးစုံနှင့်အတူ မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာ အစုံဖြင့်ပြုလုပ်ထားသောဒီဇိုင်းဆန်းသစ်အထည်မျိုးစုံတို့ကို မိတ်ဟောင်း၊ မိတ်သစ်များအတွက် တမူထူးခြားသော အထူးလျှော့ဈေး (Discount 12% to 30 %) ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

မိတ်စာမရောက်ရှိသော မိတ်ဟောင်းမိတ်သစ်များလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

Promotion Date : 4.4.2014, 5.4.2014, 6.4.2014

Show Room (1) ❖ အမှတ် (၃၆-C)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
Ph : 502977, 504679 , 525257, 09-500-6685, 09-506-2773

မြန်မာနိုင်ငံသားတိုင်း ပေးဆောင်ရမည့် အနိမ့်ဆုံးအခွန်အခများ

နိုင်ငံသားအားလုံးထံမှ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ကောက်ခံမရရှိတော့ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ရှိတော့မည်မဟုတ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။ **အခွန် (Tax)** နှင့် **အခ (Free)** တို့ကို ကွဲကွဲပြားပြားသိရှိရန် လိုအပ်ပါသည်။

အခွန် (Tax) ဆိုသည်မှာ အများပြည်သူသုံးစွဲရန် လိုအပ်သော အသုံးစရိတ်သုံးစွဲရန်အတွက် လူတစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းတို့မှ အစိုးရသို့ မပေးမနေရ ပေးဆောင်ကြရမည့်ငွေကို အခွန်ဟုခေါ်ပါသည်။ ယင်းသို့ အခွန်ပေးဆောင်ရခြင်းအတွက် ပေးဆောင်ရသော လူတစ်ဦးချင်း တိုက်ရိုက်အကျိုးခံစားခွင့် မရရှိခြင်းမှာ အခွန်၏ ထူးခြားသောအင်္ဂါရပ်ဖြစ်ပါသည်။

အခ (Free) ဆိုသည်မှာ အဖိုးအခ (ငွေကြေး) ပေးရသူအနေဖြင့် အကျိုးခံစားခွင့်အရပ်ရပ် တိုက်ရိုက်ခံစားခွင့်ရရှိရန် အစိုးရသို့ ပေးဆောင်ရသည့်ငွေကြေးဖြစ်ပါသည်။ လမ်း၊ တံတားဖြတ်သန်းခများ၊ စည်ပင်သာယာခွန်များမှာ အခများဖြစ်ပါသည်။

အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး စသော ပြည်သူအကျိုးပြုလုပ်ငန်းများ အစိုးရမှ ကျခံသုံးစွဲနိုင်ရေးအတွက် အသုံးစရိတ်ငွေများ ရရှိရန်ဖြစ်သည်။ အခွန်ကောက်ခံရခြင်း၏ အခြားထူးခြားသော ရည်ရွယ်ချက်မှာ အခွန်ကောက်ခံရခြင်းသည် အစိုးရ၏ အသုံးစရိတ် ရရှိစေရန် သက်သက်မဟုတ်ဘဲ အခွန်ကောက်ခံခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန် အထောက်အကူပြုရေးနှင့် ထိန်းချုပ်ရေးကိရိယာအဖြစ် ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ အခွန်ကောက်ခံခြင်းကို ထိန်းချုပ်ရေးကိရိယာအဖြစ် ဆောင်ရွက်ခြင်းဆိုသည်မှာ နိုင်ငံသားများ ကျန်းမာရေးနှင့် လူမှုရေးကို ထိခိုက်စေသော အရက်၊ ဘီယာ၊ ဆေးလိပ်၊ ဝိုင် စသည့် ကုန်စည်များကို အခွန်နှုန်းမြင့်မားစွာ ကောက်ခံခြင်းဖြင့် ၎င်းကုန်စည်ဈေးနှုန်းများ မြင့်မားသွားစေပြီး စားသုံးသူနည်းပါးသွားစေရန် ထိန်းချုပ်ထားခြင်းဖြစ်သည်။

အခွန်ကောက်ခံရာတွင် **သွယ်ဝိုက်ခွန် (Indirect Tax)** နှင့် **တိုက်ရိုက်ခွန် (Direct Tax)** ဟူ၍ နှစ်မျိုးရှိသည်။ **သွယ်ဝိုက်ခွန် (Indirect Tax)** မှာ လူတစ်ဦးချင်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်းတစ်ခုချင်းတို့မှ ပေးဆောင်ရန်ရှိသည့် အခွန်ငွေများကို မိမိငွေဖြင့် မပေးဆောင်ဘဲ အခြားသူသို့ လွှဲပြောင်းပေးဆောင်ရန်ရှိသည့် အခွန်ငွေများကို မိမိငွေဖြင့် မပေးဆောင်ဘဲ အခြားသူသို့ လွှဲပြောင်းပေးဆောင်စေသည့်အခွန်ဖြစ်ပါသည်။ **တိုက်ရိုက်ခွန် (Direct Tax)** မှာ လူတစ်ဦးချင်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်းတစ်ခုချင်းမှ ပေးဆောင်ရန်ရှိသည့် အခွန်ငွေများကို မိမိငွေဖြင့်ပင် တိုက်ရိုက်ပေးဆောင်ရသည့် အခွန်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ **ဗဟိုအစိုးရ (Central Government)** ဖြစ်သော ပြည်ထောင်စုအစိုးရမှ ကောက်ခံနေသော အခွန်အမျိုးမျိုးအနက် အခွန်အမျိုးအစား လေးမျိုးကို ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံပေးလျက်ရှိသည့် အခွန်လေးမျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

- **(က) ကုန်သွယ်လုပ်ငန်းခွန်**
- **(ခ) ဝင်ငွေခွန်**
- **(ဂ) တံဆိပ်ခေါင်းခွန်**
- **(ဃ) အောင်ဘာလေသိန်းဆုခွန်တို့ဖြစ်သည်။**

နိုင်ငံသားအားလုံးတို့မှ ပေးဆောင်ရမည့် အခွန်ငွေများကို အပြည့်အဝပေးဆောင်ကြရမည်ဖြစ်သည်။ ယင်းသို့ အပြည့်အဝမပေးဆောင်ကြပါက အစိုးရအတွက်ဝင်ငွေမရရှိဘဲ အလုပ်ခန့်ထားသောနိုင်ငံဝန်ထမ်းများအတွက် လစာစရိတ်ငွေများ ထုတ်ပေးရန်ခက်ခဲသွားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖြစ်သည့် လမ်းများ၊ တံတားများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ ဆောက်လုပ်နိုင်ခြင်းရှိတော့မည်မဟုတ်ပေ။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှုန်းများလည်း ကျဆင်းသွားမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံသားအားလုံးထံမှ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝကောက်ခံမရရှိတော့ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိတော့မည်မဟုတ်သဖြင့် အခွန်ကောက်ခံရရှိမှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ တိုက်ရိုက်အချိုးကျကြောင်း တွေ့ရမည်ဖြစ်သည်။

(က) ကုန်သွယ်လုပ်ငန်းခွန်

ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ကို အစိုးရက ဥပဒေတစ်ရပ်ပြဋ္ဌာန်းထား၍ ကောက်ခံသည့် အခွန်တစ်ရပ်ဖြစ်သည်။ ယင်းဥပဒေကို **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ (The Commercial Tax Law)**ဟု ခေါ်သည်။ ယင်းအခွန်သည် စားသုံးသူများထံမှကောက်ခံ၍ ပေးသွင်းရသော **သွယ်ဝိုက်ခွန် (Indirect Tax)**ဖြစ်သည်။ ပြည်ပမှ တင်သွင်းသည့် ကုန်စည်၊ ပြည်တွင်းမှထုတ်လုပ်သည့် ကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် သတ်မှတ်သည့် အခွန်နှုန်းများဖြင့် ကောက်ခံသည့်အခွန်နှုန်းများဖြစ်သည်။

(ခ) ဝင်ငွေခွန်

ဝင်ငွေခွန် (Income Tax)ကို အစိုးရက ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ကောက်ခံသည်။ ယင်းဥပဒေကို **ဝင်ငွေခွန်ဥပဒေ (The Income Tax Law)**ဟု ခေါ်ဝေါ်သည်။ ယင်းအခွန်သည် ဝင်ငွေခွန်နှင့် မြတ်စွန်းငွေအပေါ်တွင် ကောက်ခံသော **တိုက်ရိုက်ခွန် (Direct Tax)**အမျိုးအစားဖြစ်သည်။ လူတစ်ဦးချင်းစီပိုင် စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေအပေါ်တွင် ကောက်ခံသည့် အခွန်အမျိုးအစားဖြစ်သည်။ ဝင်ငွေခွန်ကောက်ခံခြင်းသည် ငွေကြေးချမ်းသာသူနှင့် ငွေကြေးဆင်းရဲသူအကြား ခနအင်အားမျှတစေရန်ဖြစ်သည်။

(ဂ) တံဆိပ်ခေါင်းခွန်

တံဆိပ်ခေါင်းခွန် (Stamp Duty) ဆိုသည်မှာ စာချုပ်စာတမ်း၊ စာရွက်စာတမ်းတို့အပေါ်တွင် တံဆိပ်ခေါင်းများကပ်နှိပ်၍ အခွန်ထမ်းဆောင်ရသည့် အခွန်အမျိုးအစားဖြစ်သည်။ ပိုင်ဆိုင်မှုနှင့် သဘောတူညီချက်တို့အတွက် ချုပ်ဆိုသော စာချုပ်များအား တရားဝင်စာချုပ်စာတမ်းဖြစ်လာစေရေးနှင့် ကိုယ်စားလှယ်လွှဲစာများ သက်သေခံလက်မှတ်များနှင့် ကျမ်းကျိန်ဆိုလွှာများ စသည့် စာရွက်စာတမ်းများကို တရားဝင်ဖြစ်လာစေရန်အတွက် တံဆိပ်ခေါင်းများကို အသုံးပြု၍ အခွန်ပေးဆောင်ရခြင်းဖြစ်သည်။ တံဆိပ်ခေါင်းများအသုံးပြုပုံနှင့် အခွန်ထမ်းဆောင်ခြင်းများကို တံဆိပ်ခေါင်းခွန်အက်ဥပဒေနှင့် ရုံးခွန်အက်ဥပဒေများတွင် ပြဋ္ဌာန်း၍ဆောင်ရွက်သည်။

တံဆိပ်ခေါင်းအမျိုးအစား နှစ်မျိုးရှိသည်-

- **(၁) တရားရုံးသုံးတံဆိပ်ခေါင်း**
  - (က) ရုံးခွန်နှိပ်တံဆိပ်ခေါင်း
  - (ခ) ရုံးခွန်ကပ်တံဆိပ်ခေါင်း
- **(၂) တရားရုံးသုံးမဟုတ်သော တံဆိပ်ခေါင်း**
  - (က) အခွန်နှိပ်တံဆိပ်ခေါင်း
  - (ခ) အခွန်ကပ်တံဆိပ်ခေါင်း
  - (ဂ) အထူးကပ်တံဆိပ်ခေါင်း

(ဃ) အောင်ဘာလေသိန်းဆုခွန်

အောင်ဘာလေထီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် တစ်ခုတည်းသော ထီဖြစ်သည်။ အင်္ဂလိပ်အစိုးရလက်ထက်က ဖျက်သိမ်းခဲ့သည့် လူခွန်တော်အစား အစိုးရမှအခွန်ဘဏ္ဍာငွေရရှိအောင်ကောက်ခံသည့် အခွန်အမျိုးအစားဖြစ်သည်။ ထီလက်မှတ် ရောင်းရငွေများမှ ၄၀ ရာခိုင်နှုန်းကို အခွန်ငွေအဖြစ်ကောက်ခံပြီး ထီလက်မှတ်ရောင်းရငွေ ၆၀ ရာခိုင်နှုန်းကို ထီလက်မှတ်ဝယ်ယူကံစမ်းသူများကို ဆုမဲအသီးသီး ခွဲဝေ၍ ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း ပြည်ထောင်စုအစိုးရမှ ကောက်ခံနေသော အခွန်အမျိုးမျိုးအနက်မှ အခွန်အမျိုးအစား လေးမျိုးကိုရေးသားလိုက်ပါသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ယာဉ်မောင်းစဉ် နှလုံးကျန်းမာရေး ထိခိုက်နိုင်သလား

မောင်မောင် (ယထ)

"တစ်လောက ယာဉ်မောင်းတစ်ယောက် ကားမောင်းရင်း နှလုံးရောဂါကြောင့် သေဆုံးသွားသည်" ဟူ၍။ "မကြာခင်ကလည်း ယာဉ်မောင်းတစ်ယောက် ကားမောင်းရင်း သွေးတိုးပြီးသေဆုံးသွားသည်"ဟူ၍။ သည်သတင်းများကြားရ၍၊ သည်စာစုလေးကို တင်ပြလိုက်ပါရစေ။

ကျွန်တော် ယာဉ်ထိန်းဘဝမှာ ဖြတ်သန်းခဲ့စဉ်က လူထုလူတန်းစားအဖွဲ့အစည်းများ၊ ရဲဗဟိုလေ့ကျင့်ရေးဌာနမှ သင်တန်းသားအရာရှိများ၊ မော်တော်ယာဉ်အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် ရပ်ကွက်၊ ကျေးရွာ၊ လယ်ယာလုပ်ငန်းခွင်မှ တောင်သူဦးကြီးများမကျန် သူတို့ထံသွားရောက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ ဟောပြောခဲ့ရပါ၏။

ထိုစဉ်က ကျွန်တော်ဟောပြောခဲ့သည့် အကြောင်းအရာများစွာရှိသည်တို့အနက် ပုံရိပ်လေးတချို့ ပြန်ပေါ်လာပါသည်။

"မင်္ဂလာပါခင်ဗျာ"၊ ကြွရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီး ပျော်ရွှင်ချမ်းမြေ့ ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ဒီနေ့တော့ ယာဉ်မောင်းတွေနဲ့ပတ်သက်တဲ့ အကြောင်းအရာလေးများကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ဟောပြောပွဲခေါင်းစဉ်က "ယာဉ်မောင်းစဉ် နှလုံးကျန်းမာရေး ထိခိုက်နိုင်သလား"ဖြစ်ပါတယ်။ ယာဉ်မောင်းဆိုတာ ယာဉ်မောင်းနှင်သူမှန်သမျှ ယာဉ်မောင်းပါပဲ။ "ကျုပ်က အရာရှိကြီးဗျ၊ လုပ်ငန်းရှင်ကြီးဗျ၊ သူဌေးဗျ၊ ဒရိုင်ဘာမဟုတ်ဘူး"လို့ ပြောလို့မရပါဘူး။ ယာဉ်မောင်းစဉ် ယာဉ်နဲ့ ပတ်သက်တဲ့ပြဿနာမှန်သမျှ သူ့တာဝန်သူယူရပါမယ်။ တာဝန်ရှိသွားပါပြီ။ ဒီတော့ ပြဿနာမဖြစ်အောင် နှလုံးကျန်းမာဖို့လည်း လိုအပ်ပါတယ်။ သူတို့နှလုံးကျန်းမာရေးကောင်းဖို့ ကျွန်တော်ဖတ်၊ မှတ်၊ လေ့လာစုဆောင်းထားတာလေးတွေ တင်ပြမှာပါ။ အဲဒါကတော့ နိုင်ငံခြားက နှလုံးကျန်းမာရေးအတွက်သုတေသနပြုလုပ်ထားတဲ့ အကြောင်းအရာများကို သက်သေသာဓကနဲ့ လူထုဆေးပညာပါရဂူဆရာဝန်ကြီးက တင်ပြသွားတာပါ။ သူ့တင်ပြချက်တွေကို ကျွန်တော်ဖောက်သည်ချမှာပါ။ တစ်ဆင့်မျှဝေပေးပါရစေ။

သူက နှလုံးရောဂါဖြစ်ရခြင်းအကြောင်းအရင်းကို ကလေး၊ လူကြီး၊ အလုပ်သမား၊ ကျောင်းသားကျောင်းသူ၊ ရုံးအမှုထမ်းနဲ့ အကြီးအကဲစသူတို့ကို သာဓကအဖြစ် တင်ပြသွားပါတယ်။

သူရဲ့ သာဓကများထဲက တစ်ခုသောသာဓကကို ကျွန်တော်တင်ပြပါ့မယ်။ မော်တော်ကားမောင်းသူ (က) အုပ်စုနဲ့ (ခ) အုပ်စုနှစ်မျိုးတို့က နှလုံးကျန်းမာရေးနဲ့ ဆက်စပ်မှုရှိတဲ့ သုတေသနအကြောင်းများဖြစ်ပါတယ်။

အမျိုးအစား(က)အုပ်စုဝင် ယာဉ်မောင်းများကတော့ နှလုံးရောဂါအဖြစ်များကြောင်း ဖော်ပြထားပါတယ်။ အဲဒီ (က) အုပ်စုယာဉ်မောင်းများ ကားမောင်းပုံမောင်းနည်း ပြောရမယ်ဆိုရင် ကားကို အလျင်စလို မောင်းကြပါတယ်။ အချက်မပြဘဲ ယာဉ်ကြောမကြာခဏ ပြောင်းတတ်ပါတယ်။ ဖြတ်ဝင်၊ ဖြတ်ထွက်၊ ခေါင်းတိုးဝင်၊ ခေါင်းတိုးထွက် မောင်းကြပါတယ်။ တစ်စီးကို တစ်စီး ကျော်တက်ကြပါတယ်။ မီးပွိုင့်မီး အစိမ်း ရောင်မှနေပြီး ဝါနေပြီဖြစ်တာကို ခိုးမောင်းသွားကြပါတယ်။ ကားကိုလည်း သူတို့ မီးနီမှာ ရပ်ထားစဉ် ဂီယာကို လွှတ်၊ Free မထားဘဲ ဂီယာနံပါတ် (၁)သွင်းထားပါတယ်။ ကလပ်ကို အသာလေးနင်းထားပါတယ်။ အမြန်မောင်းထွက်သွားရန် စိတ်စောကြိုးစားနေကြပါတယ်။

ဆရာဝန်ကြီးက ဆက်ပြီး သူအခုတင်ပြနေတဲ့ ယာဉ်မောင်းပုံမောင်းနည်းနဲ့ မောင်းနေကြတဲ့ ယာဉ်မောင်း (က) အုပ်စုဝင်တို့ဟာ နှလုံးရောဂါဝေဒနာရှင်အဖြစ်များကြောင်းကို နှလုံးဝေဒနာရှင်များအား လေ့လာခဲ့ပြီး သိရှိခဲ့ရပါတယ်လို့ သူက ဆက်လက်တင်ပြသွားပါတယ်။

သူက ဆက်လက်ပြီး ကားကိုအလျင်စလိုမောင်းလိုတဲ့ဆန္ဒ အချိန်ကြာမြင့်စွာ စိတ်ထဲမှာ ခံစားနေရတဲ့ ခံစားချက်တွေဟာ နှလုံးသွေးကြောများကို ကျဉ်းမြောင်းလာစေတဲ့ အခြေခံအကြောင်းတရားများ ဖြစ်တယ်တဲ့။ သူပြောတာက အဲဒီလိုကြာလာတဲ့အခါမှာ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်လာကြတော့တယ်။ နှလုံးရောဂါဝေဒနာရှင်ဘဝ ရောက်လာကြတော့တာပါပဲ။ အကြောင်းရင်းကတော့ စိတ်ဆန္ဒစောမှု၊ စိတ်ဒုက္ခခံစားရမှုများကြောင့် ဖြစ်ပါတယ်တဲ့။ သူတို့ထဲက အချို့နှလုံးရောဂါဝေဒနာရှင်တို့ကတော့ သုတေသနဆက်လုပ်စရာမလို တော့ဘဲ၊ ဆက်အလုပ်မခံရတော့ဘဲ ကားတိုက်မှုနဲ့ သေဆုံးသွားခဲ့ကြတာတွေကို တွေ့ဖူးကြောင်း ထည့်ပြောပြသွားပါတယ်။

> နှလုံးသွေးကြောပိတ်ရောဂါ ကင်းဝေးရလေအောင် မိမိဆန္ဒလွန်ကဲမှုများ လျှော့ချကြပါ။ ကိုယ်လက်လှုပ်ရှားမှုများကို ကိုယ့်အသက်နဲ့ကို လိုက်လျောညီထွေ လေ့ကျင့်ပေးကြပါ။ လေ့ကျင့်ရာမှာလည်း တရားလွန်မဖြစ်ဖို့ သတိမူကြပါ။

(ခ) အုပ်စုဝင်ယာဉ်မောင်းတွေအကြောင်း ပါရဂူကြီးက ဆက်ပြောပါတယ်။ (ခ) အုပ်စုဝင်ယာဉ်မောင်းတွေဟာ ကားမောင်းပုံမောင်းနည်း အေးအေးဆေးဆေးဖြစ်ပါတယ်။ ကျော်တက်လိုတဲ့ကားကို ကျော်တက်ခွင့်ပြုလိုက်ပါတယ်။ ကျော်တက်သွားတဲ့ကားကိုလည်း ပျော်ရွှင်တဲ့မျက်နှာပေးနဲ့ နှုတ်ဆက်တဲ့ဟန်ဖြင့် ပြုံးပြလိုက်သေးတယ်။ မီးပွိုင့်မီးစိမ်းနေတာကိုပင်လျှင် မီးဝါလျှင် အသင့်ရပ်နိုင်အောင် ခပ်ဆိုင်းဆိုင်းမောင်းတတ်ပါတယ်။ အရှိန်သပ်ကာမောင်းတတ်ပါတယ်။ မီးနီတဲ့အခါမှာလည်း ဂီယာကို ဖရီးလွှတ်ထားပြီး ခြေများလက်များအေးဆေးစွာ လွတ်လွတ်လပ်လပ် နားနေတတ်ပါတယ်။ စိတ်ချမ်းသာစွာနဲ့ မီးနီချိန်လေးမှာ စိတ်အေး လက်အေးအနားယူတတ်ခြင်းဖြစ်ပါတယ်။ မီးစိမ်းပါမှ ကားကိုဂီယာနံပါတ်(၁) သွင်းလျက် မောင်းပြီးထွက်သွားတတ်ပါတယ်။ သူတို့လိုယာဉ်မောင်းတွေဟာ ဘယ်ကားကိုမှလည်း ကျော်မတတ်ကြပါဘူး။ စည်းကမ်းလိုက်နာလျက် စိတ်ချမ်းသာစွာ ကားမောင်းသွားကြပါတယ်။ စိတ်သောက ကင်းဝေးကြပါတယ်။ စိတ်ဒုက္ခကင်းဝေးတယ်လို့ ဆိုခြင်းပါပဲ။ နှလုံးရောဂါ ဝေဒနာရှင်ဘဝ မရောက်ကြပါဘူးလို့ ပြောလိုက်ပါတယ်။ သူတို့ဟာ စိတ်ချမ်းသာမှုရရှိကြတာကြောင့် စိတ်သောကကင်းဝေးကြပါတယ်။ သွေးကြောတို့ဟာလည်း ကျန်းကျန်းမာမာရှိနေကြပါတယ်။နှလုံးသွေးကြော မကျဉ်းကြပါဘူး။ နှလုံးသွေးကြော မကျစ်ကြပါဘူး။ နှလုံးဝေဒနာရှင်ဘဝ ရောက်မလာကြပါဘူး။ နှလုံးကျန်းမာကြပါတယ်လို့ဆိုတဲ့ သာဓကနှစ်မျိုးနှစ်စားကို လူထုဆေးပညာပါရဂူ ဆရာဝန်ကြီးက (က)အုပ်စု၊ (ခ) အုပ်စုဆိုပြီး အုပ်စုနှစ်စုခွဲပြီးတော့ နှိုင်းယှဉ်တင်ပြသွားတာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့စိတ်ချမ်းသာမှ နှလုံးကျန်းမာမယ်လို့ ဆိုလိုတဲ့သဘောဖြစ်ပါတယ်ခင်ဗျာ။

ဆရာဝန်ကြီးက စကားလက်ဆောင်ပေးသွားပါတယ်။ အဲဒါကတော့ ဆွေးနွေးပွဲတက်ရောက်လာသူ အားလုံးအတွက် အကျိုးရှိမယ်လို့ မျှော်လင့်ပါတယ်။ ယာဉ်မောင်းတွေသာမက အားလုံးနဲ့သက်ဆိုင်ပါတယ်။ သူက တိရစ္ဆာန်အဆီစားတာများခြင်းကြောင့် နှလုံးသွေးကြောပိတ်ရောဂါ အဖြစ်များတတ်ကြောင်းကိုလည်း အစားအသောက်နဲ့ပတ်သက်ပြီး ပြောကြားသွားပါတယ်။ ဒါကြောင့် နှလုံးရောဂါကင်းဝေးရန် သစ်သီးဝလံ၊ သစ်ဥသစ်ဖု၊ အသီးအရွက်နှင့်တကွ ပဲသီး၊ ပဲတောင့်၊ ပဲအမျိုးမျိုးကို စားပေးကြရန်ကိုလည်း အကြံပြုသွားပါသေးတယ်။

အခု ကျွန်တော့် ဟောပြောချက်တွေကို နိဂုံးချုပ်ပါတော့မယ်။ နိဂုံးမချုပ်ခင် ကျွန်တော်လေ့လာသိရှိထားတဲ့ ကျန်းမာရေးဗဟုသုတလေးကို လက်ဆောင်ပေးခဲ့ပါရစေ။ နှလုံးသွေးကြောပိတ်ရောဂါ ကင်းဝေးရလေအောင် မိမိဆန္ဒလွန်ကဲမှုများ လျှော့ချကြပါ။ ကိုယ်လက်လှုပ်ရှားမှုများကို ကိုယ့်အသက်နဲ့ကို လိုက်လျောညီထွေ လေ့ကျင့်ပေးကြပါ။ လေ့ကျင့်ရာမှာလည်း တရားလွန်မဖြစ်ဖို့ သတိမူကြပါ။ "သင့်လက်ဟာ သင့်ဦးခေါင်းအထက်ကျော်လွန်အောင် လေ့ကျင့်ဖူးပါရဲ့လား" ဆိုတဲ့ ကျန်းမာရေးပညာပေးအခြေခံအမေးလေးဟာ အဓိပ္ပာယ်တာသွားလှပါတယ်။ သင့်လက် ဦးခေါင်း အထက်မြောက်လောက်ရုံ လေ့ကျင့်ခန်းလေးများနဲ့ နှလုံးကျန်းမာနိုင်ပါတယ်လို့ မှတ်သားဖူးပါတယ်။ ဘယ်လိုပဲလေ့ကျင့်လေ့ကျင့် သွေးလှုပ်ရှားမှုမှန်ကန်ရေးအားပေးတဲ့ လေ့ကျင့်ခန်းလေးများ မကြာခဏ နားနေချိန်လေးမှာ အချိန်ရတိုင်းလေ့ကျင့်ပေးတဲ့နည်းလေးများနဲ့ နှလုံးရောဂါ ကာကွယ်ရေးကို ကြိုးပမ်းသွားသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။ မိဘပြည်သူများရဲ့ အချိန်ငွဲသောအားဖြင့် လမ်းအသုံးပြုသူ များ လိုက်နာရမယ့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နောက်တစ်ပတ်မှသာ တင်ပြဆွေးနွေးခွင့်ပြု ပါတော့ခင်ဗျာ။

ဒါကြောင့် ကြွရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ဆန္ဒစောမှု၊ ဆန္ဒလွန်ကဲမှုများကို လျှော့ချနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်နိဂုံးချုပ်လိုက်ပါရစေ။

အစစ အရာရာ အဆင်ပြေကြပါစေ။ ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ(Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

၂၀၁၄ ခုနှစ် မတ်လအတွင်း ဆောင်ရွက်ချက်များ

ပဲခူးတိုင်းဒေသကြီး

နတ်တလင်းမြို့နယ် ပေါက်တုန်းကျေးရွာအုပ်စု ပေါက်တုန်းကျေးရွာမှ မေးမြန်းချက်အပေါ် လယ်ယာသားငါးကဏ္ဍ သစ်တောကဏ္ဍဆပ်ကော်မတီ၏ညှိနှိုင်းချက်အရ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ(Delivery Unit)၏ (၁၅-၁၁-၂၀၁၃) ရက်နေ့ ပဲခူးတိုင်းဒေသကြီးခရီးစဉ်အတွင်း မေးမြန်းအကြံပြုချက်အရ ပေါက်တုန်းကျေးရွာရှိ ကွင်းအမှတ် (၂၈၃)တွင် တမံကျိုးနေခြင်းအား ပြုပြင်ပေးရန်နှင့် မိုင်တိုင်(၂၇၄)အနီး M-3 ရေမြောင်းအား ပြုပြင်ဆောင်ရွက်ပေးရေးကိစ္စနှင့်စပ်လျဉ်း၍ နတ်တလင်းမြို့နယ် ပေါက်တုန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ တောင်ညိုဆည် Branch-B, Minor-3 မြောင်းကောနေခြင်းအား (၁၅-၁၁-၂၀၁၃)ရက်နေ့မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ (၁၅-၁၂-၂၀၁၃) ရက်နေ့တွင် ဆည်မြောင်းဦးစီးဌာနမှ ရရှိရန်ပုံငွေဖြင့် လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

မွန်ပြည်နယ်

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ(Delivery Unit) ၏ (၁၅-၁၂-၂၀၁၃) ရက်နေ့ မွန်ပြည်နယ်ခရီးစဉ်တွင် တင်ပြချက်များအနက် ငါးလုပ်ငန်းတင်ဒါပိုက်ချက်ပေးခြင်းလုပ်ငန်းရှင်များမှ လေလံဆွဲခြင်းကြောင့် ဆင်းရဲသားများလုပ်ကိုင်စားသောက်နိုင်အောင် ဆောင်ရွက်ပေးပါရန်နှင့် ဆင်းရဲသား ဝက်မွေးမြူရေးကိစ္စအတွက် ကျေးလက်နေပြည်သူများ ဆင်းရဲမှုဖြေလျှော့စေရေး ဖြေရှင်းပေးနိုင်ပါရန် အကြံပြုချက်နှင့်ပတ်သက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဆပ်ကော်မတီ(မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)မှ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

(က) မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ တင်ဒါပိုက်ချက်များအား မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးအထိအမိကောင်းသောနေရာများကို တင်ဒါနယ်နိမိတ်၊ အချိန်ကာလ သတ်မှတ်ချက်၊ ငါးဖမ်းကိရိယာ သတ်မှတ်ချက်တို့ဖြင့် နှစ်စဉ်တင်ဒါရောင်းချ၍ လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိပါကြောင်း၊

(ခ) ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပြီးသည့်အချိန်မှစ၍ ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေတိုးတက်စေရေးအတွက်လည်းကောင်း၊ ရေလုပ်ငန်းရှင်များ အများစု လုပ်ကိုင်လိုသည့်နေရာများအား ပြိုင်ဆိုင်လုပ်ကိုင်လိုသူများပြားခြင်းကြောင့်လည်းကောင်း တင်ဒါငါးဖမ်းကွက်အဖြစ် ဖော်ထုတ်ကာ လုပ်ကိုင်ခွင့်ပြုလျက်ရှိပါကြောင်း၊

(ဂ) ထိုတင်ဒါငါးဖမ်းကွက်များတွင် တစ်နိုင်တစ်ပိုင်ဆင်းရဲသားရေလုပ်သားများအနေဖြင့် တစ်ဦးတစ်ယောက်တည်းမတတ်နိုင်ပါက ဌာနမှသတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့်အညီ အစုအဖွဲ့ ဖွဲ့၍ တင်ဒါဝင်ရောက် ဆွဲဝယ်ခွင့်ပြုထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ ငါးအထိအမိကောင်းသည့်နေရာများအား ရေလုပ်သားအချင်းချင်း လုယက်ဝင်ရောက်၍ အချင်းမများစေရန်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊

(ဃ) ထို့အပြင် တစ်နိုင်တစ်ပိုင်ရေလုပ်သားများအနေဖြင့် တင်ဒါနယ်နိမိတ်၏ ပြင်ပလွတ်ကင်းသည့် ဘုံငါးဖမ်းရေပြင်များတွင် မျှောပိုက်အမျိုးမျိုး၊ သောင်ဆွဲပိုက်၊ ခြေတိုပိုက်၊ ပိုက်ဗဝန်း (အရပ်ခေါ် ကမ်းဝိုင်း)၊ ကာဝပိုက် စသည့် ကိရိယာများအားလိုင်စင်ဖြင့် ဖမ်းဆီးလုပ်ကိုင်ခွင့်ပြုထားခဲ့ပြီး အခွန်လွတ်ကိရိယာများဖြစ်သော လက်ပစ်ကွန်၊ ငါးမျှားတန်း၊ မြှုံး၊ ဆောင်း၊ ရင်တွန်း စသည့်ကိရိယာများဖြင့်လည်း ရှာဖွေလုပ်ကိုင်စားသောက်ခွင့်ပြုထားခဲ့ပါကြောင်း ပြန်ကြားအပ်ပါသည်။

(င) မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အမှန်တကယ်ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် မည်သည့်ရေလုပ်သားမဆို အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ဖြင့်သော်လည်းကောင်း တင်ဒါစည်းကမ်းနှင့်အညီ ဝင်ရောက်ဆွဲဝယ်နိုင်ရေးနှင့် တစ်နိုင်တစ်ပိုင်ရေလုပ်ငန်းများအတွက်လည်း ဘုံငါးဖမ်းရေပြင်များအတွင်း လိုင်စင်စည်းကမ်းနှင့်အညီ လိုင်စင်ရယူ၍ ငါးဖမ်းလုပ်ကိုင်နိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း၊

(စ) ဝက်မွေးမြူရေးကိစ္စနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းစတင်နိုင်သည့် ၂၈-၂-၂၀၁၂ ရက်နေ့မှ ၂၀-၁-၂၀၁၄ ရက်နေ့အထိ မွန်ပြည်နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေး ဆောင်ရွက်လိုသူများအတွက် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖြေရှင်းမှုအနေဖြင့် ဝက်ကောင်ရေ ၂၁၆၄ ကောင် တန်ဖိုးကျပ် ၂၄၇ ဒသမ ၇၄ သန်းအား အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ထို့အပြင် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်မှု၊ အစာအာဟာရဗေဒဆိုင်ရာ မေထုန်မဲ့သားစပ်နည်းပညာဆိုင်ရာ သင်တန်းများလည်း ဖွင့်လှစ်ပို့ချဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြန်ကြားခဲ့ပါသည်။

ဘဏ်လုပ်ငန်းများခေတ်မီခိုင်မာ Service ကောင်းရန်တင်ပြဆွေးနွေးချက်အပေါ် ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ စီးပွားရေးပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ၏ ညှိနှိုင်းချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမူဝါဒကို ချမှတ်ကျင့်သုံးလျက်ရှိရာ နိုင်ငံတော်အစိုးရ ရည်မှန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် စီးပွားရေးမူဝါဒများနှင့်ကိုက်ညီသည့် ငွေရေးကြေးရေးစနစ်ကို ပြုစုပျိုးထောင်ရန်နှင့် ငွေရေးကြေးရေး လုပ်ငန်းစွမ်းဆောင်မှုအရည်အသွေး မြင့်မားလာစေရန် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ယင်းနှစ်၌ပင် နိုင်ငံခြားသုံးစွဲငွေစီမံခန့်ခွဲမှု ဥပဒေသစ်အားလည်းပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နည်းဥပဒေသစ်နှင့်နိုင်ငံခြားသုံးစွဲငွေ စီမံခန့်ခွဲမှုနည်းဥပဒေသစ်များ ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ၁၉၉၀ ပြည့်နှစ် တည်ဆဲမြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန်၊ ပြင်ဆင်ရန်အတွက် ဥပဒေမူကြမ်းရေးဆွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဘဏ်ဥပဒေ၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဗဟိုဘဏ်မှကူးသန်းရောင်းဝယ်ရေးဘဏ်များ (Commercial Banks)၊ ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးရေးဘဏ်များ (Investment or Development Banks) နှင့်ငွေရေးကြေးရေးကုမ္ပဏီများ (Finance Companies)လိုင်စင်များအား စိစစ်ထုတ်ပေးလျက်ရှိပါသည်။

ယခုအခါ ပြည်တွင်းပုဂ္ဂလိကဘဏ်များအနေဖြင့် ပြည်တွင်းသုံးကျပ်ငွေဖြင့် အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲဆောင်ရွက်ခြင်း၊ ပြည်တွင်းငွေပေးမိန့်လက်မှတ်များ ရောင်းချခြင်း၊ လက်ခံခြင်း၊ ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းနှင့် အာမခံပေးခြင်း၊ နိုင်ငံခြားသုံးငွေများ လဲလှယ်ရောင်းဝယ်ခြင်းအပြင် အခြားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် အငှားဝယ် (Hire Purchase) လုပ်ငန်း၊ အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းဖြင့် လျှပ်စစ်မီတာဘီလ်ကောက်ခံသည့် လုပ်ငန်း၊ Automated Teller Machine(ATM) Card အသုံးပြုပြီး ငွေထုတ်ယူသည့်လုပ်ငန်း၊ Point of Sale (POS) အသုံးပြုပြီး ငွေပေးချေသည့်လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြပါသည်။

နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ငွေပေးချေမှု အဆင်ပြေစေရန်အတွက် နိုင်ငံတကာတွင်အသုံးပြုသည့် Master Card, Visa Card, China Union Pay Card (CUP), Japan Credit Bureau Card (JCB)တို့အား အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှ တပ်ဆင်ထားသော (ATM)စက်များ၌ ပြည်တွင်းသုံးကျပ်ငွေထုတ်ပေးခြင်း၊ မြန်မာနိုင်ငံသားများ ပြည်ပသို့သွားရောက်သည့်အခါ နိုင်ငံခြား၌ငွေပေးချေမှု အဆင်ပြေစေရန်အတွက် ပုဂ္ဂလိကဘဏ်များမှ ထုတ်ဝေသည့် Master Card, Visa Card များဖြင့် နိုင်ငံခြားရှိ (ATM)စက်များ၌ ငွေထုတ်ယူရန် ဆောင်ရွက်ပေးခြင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသားအလုပ်သမားများနှင့် အခြားမြန်မာနိုင်ငံသားများ၊ နိုင်ငံခြားသားများမှ မြန်မာနိုင်ငံသို့ ငွေလွှဲပို့ရန် နိုင်ငံတကာငွေလွှဲကုမ္ပဏီများမှတစ်ဆင့် ပြည်တွင်းသို့ ငွေလွှဲပေးပို့သည့်လုပ်ငန်း စသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကဘဏ်များမှ ဘဏ်ခွဲများဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲ ၅၅ ခု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲ ၂၀၅ ခု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲ ၃၆၇ ခု ဖွင့်လှစ်ရန် စီမံချက်ရေးဆွဲခဲ့ပါသည်။ အဆိုပါစီမံချက်မရေးဆွဲမီ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသော ၃၁-၃-၂၀၁၁ ရက်နေ့တွင် ဘဏ်ခွဲစုစုပေါင်းအရေအတွက်မှာ ၂၉၂ ခုရှိပြီး (၃၁-၁-၂၀၁၄)ရက်နေ့တွင် ဘဏ်ခွဲစုစုပေါင်း ၆၅၈ ခု ဖွင့်လှစ်နိုင်ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၂၅ ဒသမ ၃၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ဘဏ်ခွဲသစ်များတိုးတက်ဖွင့်လှစ်ရေးကို စနစ်တကျဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြည့်စုံလုံလောက်စွာရရှိရေးအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်(World Bank)တို့နှင့်လည်းကောင်း၊ ကြီးကြပ်စစ်ဆေးမှုစနစ် ခိုင်မာကောင်းမွန်စေရေးအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ဂျာမနီနိုင်ငံ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)၊ မလေးရှားနိုင်ငံဗဟိုဘဏ်၊ ထိုင်းနိုင်ငံဗဟိုဘဏ်တို့နှင့်လည်းကောင်း၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုခေတ်မီစေရေးအတွက် ဂျပန်နိုင်ငံ Daiwa Institute Research နှင့် ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ JICA တို့ နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ငွေရေးကြေးရေးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်စေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ နည်းပညာဖလှယ်ရေးအစီအစဉ် Knowledge Share Program ဆောင်ရွက်လျက်ရှိပါသည်။

ဘဏ်လုပ်ငန်းတည်ငြိမ်စေရေးအတွက် အများပြည်သူမှ အပ်နှံထားသော အပ်ငွေများ ဆုံးရှုံးမှုမရှိစေရန် အာမခံလုပ်ငန်း Deposit Insurance အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ချေးငွေများထုတ်ချေးရာတွင်လည်း အမြန်ဆုံးစိစစ်ထုတ်ချေးပေးနိုင်ရန်နှင့် ဆုံးရှုံးမှုမရှိစေရန်အတွက် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဗဟိုဌာန Credit Information Burau တည်ထောင်ရန် မြန်မာနိုင်ငံဘဏ်များအသင်းမှ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသနေပြည်သူများနှင့် ငွေရေးကြေးရေးဝန်ဆောင်မှု မရရှိနိုင်သေးသော ပြည်သူများ (Unbanked People) ထံသို့ ငွေရေးကြေးရေးဝန်ဆောင်မှုများ လျင်မြန်စွာနှင့်စရိတ်စက သက်သာစွာရောက်ရှိရေးအတွက် ဘဏ်များအား မိုဘိုင်းဘဏ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုခဲ့ပြီးဖြစ်ပါကြောင်း ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအပေါ် အကြံပြုလိုသည်များရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ Delivery သို့ ပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ

ရန်ကုန်တိုင်းဒေသကြီး

ကျောင်းဆင်းလက်မှတ်ချီးမြှင့်ပွဲနှင့် ပဒေသာကပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅ - ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၂)တွင် ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်းလက်မှတ်ချီးမြှင့်ပွဲနှင့် ပဒေသာကပွဲကို ဧပြီ ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောင်းဆင်းလက်မှတ်များကို တာဝန်ခံ ဆရာမကြီးက ပေးအပ်ချီးမြှင့်၍ ပဒေသာကပွဲကို ကျောင်းသား ကျောင်းသူများက သကြ်န်တေးသံသာများဖြင့် ဖျော်ဖြေခဲ့ပြီး မြနန္ဒာသီချင်းဖြင့် ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဆန်းကျော်ဦး(မြန်/ဆက်)

မွန်ပြည်နယ်

ပြည်သူများ အဆင်ပြေနိုင်မည့်နေရာများတွင် နယ်လှည့်စာကြည့်တိုက်များ လိုက်လံဖွင့်လှစ်

သထုံ ဧပြီ ၅ - သထုံမြို့ အောက်ကျင်းရပ်ကွက်တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဒေသခံပြည်သူများ စာပေဗဟုသုတများကို အလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် နယ်လှည့်စာကြည့်တိုက်ကို သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုက်လံဖွင့်လှစ်ပေးလျက်ရှိရာ ဧပြီ ၂ ရက်က စာဖတ်သူများ ပိုမိုအဆင်ပြေနိုင်စေရေးအတွက် ယခင်ဖွင့်လှစ်ပေးရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ပိုမိုလူစည်ကားရာ နေရာဖြစ်သည့် ကန်ညီနောင် မူလွန်ကျောင်းတွင် ပြောင်းလဲဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက "ဒီနေရာမှာရှိတဲ့ စာဖတ်ချင်သူတွေအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအနေနဲ့ စာအုပ်စာစောင်တွေကို အပတ်စဉ် အခမဲ့ငှားရမ်းပေးမှာပါ။ ကျွန်မတို့ကို ကူညီတဲ့အနေနဲ့ စနစ်တကျ ငှားရမ်းပေးကြစေချင်ပါတယ်" ဟုဒေသခံများအား ပြောကြားသည်။ သထုံမြို့နယ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မိုဘိုင်းစာငှားလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များတွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ အလှည့်ကျစနစ်ဖြင့် လိုက်လံငှားရမ်းပေး လျက်ရှိပြီး ကျေးရွာများတွင်လည်း လစဉ် နယ်လှည့်စာကြည့်တိုက်များကို လိုက်လံဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး

အမေရိကန်-မြန်မာ ချစ်ကြည်ရေး ဂီတဖလှယ်ပွဲ ကျင်းပ

မန္တလေး ဧပြီ ၅ - အမေရိကန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ The Amigos အမေရိကန်ရိုးရာ ကျေးလက်ဂီတအဖွဲ့နှင့် မန္တလေးမြို့ရှိ ရွှေလက်သံရိုးရာအိုးစည်ဂီတအဖွဲ့တို့ ပူးတွဲတီးခတ်သီဆိုဖျော်ဖြေပွဲကို ဧပြီ ၂ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ရှိ Jefferson Center တွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

အမေရိကန်နိုင်ငံတစ်ဝန်းတွင် တီးခတ်သောကျေးလက်ဂီတကို မြန်မာပြည်သူများနှင့် မိတ်ဆက်ပေးခြင်းဖြစ်ပြီး မြန်မာ့ဂီတကိုလည်း လေ့လာဆည်းပူးရန်နှင့် အမေရိကန်ဂီတနှင့် မြန်မာဂီတသံစဉ်တို့ ပူးတွဲတီးခတ်နိုင်ကြောင်းကိုလည်း ပြသလိုသောရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပထမဦးစွာ မြန်မာ့ရိုးရာအိုးစည်ဂီတဖြင့် ရခိုင်ရိုးရာအဆိုအကများ၊ ကရင်ရိုးရာဒုံးယိမ်းအကများ၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအကများဖြင့် သီဆိုဖျော်ဖြေကြပြီး The Amigos အဖွဲ့ကလည်း ရိုးရာကျေးလက်ဂီတများဖြင့် သီဆိုဖျော်ဖြေပေးခဲ့ကြသည်။

ထို့နောက် မြနန္ဒာသီချင်းနှင့် This Land is Your Land သီချင်းများကို ပူးတွဲတီးခတ်သီဆိုဖျော်ဖြေပေးခဲ့ကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေးတိုင်းဒေသကြီး

အညာဒေသကျေးရွာများတွင် ခါတော်မီနယ်လှည့်ဈေးသည်များ အရောင်းအဝယ်ဖြစ်လျက်ရှိ

ကျောက်ပန်းတောင်း ဧပြီ ၅ - အညာဒေသတောင်သူများ လုပ်ငန်းခွင်နား၍ သီးနှံများ သိုလှောင်သိမ်းဆည်းပြီးချိန် တောင်သူများ ငွေရွှင်ချိန်တွင် ကျေးလက်တောရွာများသို့ ခါတော်မီ နယ်လှည့်ဈေးသည်များလည်း တစ်ရွာဝင်တစ်ရွာထွက်ဖြင့် ခြေချင်းလိမ်လျက်ရှိနေကြရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း သံသေတ္တာများ နယ်လှည့်ရောင်းချသည့် ဆိုင်ကယ်စီးလူငယ်များကို တွေ့မြင်ရသည်။

အဆိုပါလူငယ်များသည် လေး၊ ငါးဦး တစ်ဖွဲ့စီ ဆိုင်ကယ်ကိုယ်စီဖြင့် ဆိုင်ကယ်ပေါ်တွင် သံသေတ္တာအကြီးလေးလုံး၊ အတွင်းမှ အသေးလေးလုံး ပေါင်း သေတ္တာရှစ်လုံးကို ကြိုးဖြင့် ရစ်ပတ်သိုင်းချည်၍ ကျေးရွာများသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ အကြွေးစနစ်ဖြင့် လိုက်လံရောင်းချခြင်းဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့က ကုမ္ပဏီဝန်ထမ်းတွေပါ။ ကုမ္ပဏီက လစာအပြင် နေထိုင်စားသောက်စရိတ်ရော၊ သွားလာစရိတ်ပါအားလုံးစီစဉ်ပေးပါတယ်။ ကျွန်တော်တို့ကတော့ လှည့်ပြီးရောင်းရုံပါပဲ။ ရောင်းတာကတော့ အကြွေးစနစ်နဲ့ ၁၀ လဆိုင်းပေးရတာပါ။ အခု တန်ခူးလမှာရောင်းထားတဲ့အိမ်တွေကို ပြာသိုလကျမှ ကုမ္ပဏီက ငွေလာသိမ်းမှာပါ။ ကျွန်တော်တို့တစ်ဖွဲ့လုံး ၃၂ ဦးရှိပါတယ်။ တစ်ဖွဲ့ကို လေး၊ ငါးဦးစီဖွဲ့ပြီး နေ့စဉ်အရောင်းထွက်ရတာပါ" ဟု သံသေတ္တာ လှည့်လည်ရောင်းချသည့် လူငယ်တစ်ဦးက ပြောပြသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းတွင် မန္တလေးမြို့မှ ရွှေဒေါင်းကုမ္ပဏီနှင့် ရွှေဘိုမြို့ ဖြိုးရတနာကုမ္ပဏီတို့မှ အရောင်းဝန်ထမ်းလူငယ်များဖြင့် လှည့်လည်ရောင်းချနေကြခြင်းဖြစ်ပြီး ရွှေဒေါင်းကုမ္ပဏီမှ မိတ္ထီလာမြို့၊ မကွေးမြို့နှင့် ဝေ့ချိုကျေးရွာတို့တွင် အခြေချ၍ နေအိမ်ငှားရမ်းထားရှိပြီး အရောင်းဝန်ထမ်းလူငယ်များအား တစ်ဦးလျှင် ဆိုင်ကယ်တစ်စီးစီဖြင့် လှည့်လည်ရောင်းချစေကြောင်းသိရပြီး ၎င်းတို့အဖွဲ့မှ တစ်လလျှင် သံသေတ္တာအလုံးရေ ၅၀၀၀ မှ ၆၀၀၀ ခန့် ရောင်းချရကြောင်းသိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

weom&Dda'o;u,Duf ufkt z;ve]j iSbolf

»» ကျောဖုံးမှ

အားအင်ကုန်ခန်းနေသူများမိုဝဲကြသည်။ ယခုအခါ သဘာဝငှက်သိုက်ကို တခြားဆေးဖက်ဝင်ပစ္စည်းများဖြင့် ပေါင်းစပ်ကာ ခေတ်မီနည်းပညာဖြင့် ဖော်စပ်ထားသည့် ငှက်သိုက်ပေါင်းရည်သည် အဆုတ်အားကောင်းစေခြင်း၊ ချောင်းဆိုး၊ အအေးမိနှင့်တုပ်ကွေးရောဂါများကို ပျောက်ကင်းစေနိုင်၍အလွန်ဆေးဖက်ဝင် အဖိုးထိုက်သဖြင့် ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချလျက်ရှိရာ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရလုပ်ငန်းတစ်ခုလည်းဖြစ်သည်။

အထူးသဖြင့် ဥရောပနိုင်ငံများအပြင် ထိုင်ဝမ်၊ ဟောင်ကောင်နှင့်တရုတ်နိုင်ငံများမှ ကြိုက်နှစ်သက်ကြ၍ အထူးမှာယူတင်သွင်းကြကြောင်း သိရသည်။

ငှက်သိုက်ကိုယခင် လူသူမနီးသည့် ပင်လယ်သမုဒ္ဒရာကျွန်းများပေါ်ရှိ ကျောက်ဆောင်လိုဏ်ဂူ အမိုးနံရံများတွင် သဘာဝအလျောက်အသိုက်ဖွဲ့နေသည့် ငှက်သိုက်များကို ခဲယဉ်းစွာ သက်စွန့်ဆံဖျား လိုက်လံရှာဖွေ စုဆောင်းရောင်းချလေ့ရှိရာ ယခုအခါ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့များရှိ လူနေအိမ်များတွင် ဇီဝဖိုးငှက်ကလေးများအား မလေးရှားနိုင်ငံ၏ နည်းပညာဖြစ်သည့် ငှက်အော်သံအတုကို စပီကာများဖြင့် ဖွင့်လှစ်၍ ငှက်များ ပေါက်ဖွားနေထိုင်လေ့ရှိသည့် ဝန်းကျင်ပုံသဏ္ဍာန်အသွင်ဖန်တီးလှည့်စားဖြားယောင်းဖိတ်ခေါ်ကာ မွေးမြူ၍ငှက်သိုက်စီးပွားဖြစ် ထုတ်ယူသည့်လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

ငှက်သိုက်သည် သဘာဝသစ်တောထွက်သယံဇာတတစ်မျိုးဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် သစ်တောဦးစီးဌာနမှ လိုအပ်သည့် ဥပဒေများပြဋ္ဌာန်း၍ငှက်သိုက်ထုတ်လုပ်သိမ်းယူခွင့်လိုင်စင်များ ထုတ်ပေးကာ ငှက်မျိုးစိတ်များ ပြုန်းတီးမှုမဖြစ်စေရန်နှင့် နိုင်ငံတော်အတွက် အခွန်အခများရရှိရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ မည်သည့်ဒေသတွင်မှ မရှိနိုင်သော နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် ငှက်သိုက်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်နေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

တမူး ဧပြီ ၅ - တမူးခရိုင် ခမ်းပတ်မြို့နယ်ခွဲ ကနန်-တိန်းကယားမြေသားလမ်းအရှည် ၄ မိုင် ၇ ဒသမ ၃ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကြောင့် ကနန်ကျေးရွာနှင့် တိန်းကယားကျေးရွာတို့မှ ကုန်ထုတ်သီးနှံများအား ခမ်းပတ်မြို့နယ်ခွဲ၊ တမူးမြို့နယ်နှင့် အခြားဒေသများသို့ ရာသီမရွေး ပို့ဆောင်ရောင်းဝယ်နိုင်မည်ဖြစ်သည်။

တာဝန်ယူဆောင်ရွက်

အဆိုပါ လုပ်ငန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ၁၂၈ ဒသမ ၁၆ သန်း အကုန်ကျခံလျက် ယူနိုက်တက်ကဘော်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တမူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးတို့သည် ကုမ္ပဏီမှ တာဝန်ရှိသူများလိုက်ပါလျက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

(ဂျူးနက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

သီပေါ-နမ့်ပေါ့ချောင်းကူးကွန်ကရစ်တံတားဖွင့်

သီပေါ ဧပြီ ၅ - ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့လယ်ရပ်ကွက်နှင့် ဇာတ်စုရပ်ကွက်သို့ပေါင်းကူးဆက်သွယ်ပေးသည့် နမ့်ပေါ့ချောင်းကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ဧပြီ ၂ ရက် နံနက် ၉ နာရီက အဆိုပါတံတားမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ဂုဏ်ပြုစကားပြောကြားပြီး မြို့လယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘိုနီက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် မင်္ဂလာအချိန်တွင် သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ မြို့နယ်စည်ပင်သာယာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဝင်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အလှူရှင် အေသုံးလုံးကုမ္ပဏီမှဦးစောနိုင်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အေသုံးလုံးမိသားစုမှလှူဒါန်းသော ကွန်ကရစ်တံတားနှင့်ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင် ဦးစောနိုင်က မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ယခုကဲ့သို့ ဇာတ်စုရပ်နှင့် မြို့လယ်ရပ်ကွက်ကို ဆက်သွယ်ပေးသည့် ကွန်ကရစ်ချောင်းကူးတံတားကို ဖွင့်လှစ်လိုက်ခြင်းဖြင့် ဒေသခံပြည်သူများ သွားလာမှုလွယ်ကူပြီး ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

စိုင်း(သီပေါ)

စစ်ကိုင်းတိုင်းဒေသကြီး

နှစ်သစ်ကူးသင်္ကြန်ကာလမတိုင်မီ သောက်ရေအိုးနှင့် အတာအိုးများ အရောင်းသွက်

စစ်ကိုင်း ဧပြီ ၅

မြန်မာနှစ်သစ် ကူးပြောင်းချိန်ကာလသို့ ရောက်ရှိလျှင် မြန်မာလူမျိုးအများစုသည် မိမိတို့နေအိမ်၊ ဘုရားကျောင်းကန်၊ ဇရပ်များရှိ သောက်ရေအိုးစင်များတွင် သောက်ရေအိုးများကို အသစ်လဲလှယ်ခြင်း၊ အတာအိုးတွင် မင်္ဂလာပန်းထိုး၍ သင်္ကြန်ကြိုခြင်း၊ သင်္ကြန်အတက်နေ့တွင် အတာစားအိုးများ လှူဒါန်းခြင်းကို ပြုလုပ်လေ့ရှိကြသဖြင့် ယခုအခါ မြေထည်သောက်ရေအိုးများနှင့် အတာအိုးများ အရောင်းသွက်နေကြောင်း သိရသည်။ မြန်မာလူမျိုးအများစုသည် ဆောင်းကာလတွင် ရေသောက်သုံးမှုနည်းပါးသဖြင့် သောက်ရေအိုးများကို လဲလှယ်ခြင်းမပြုကြချေ။

နွေရာသီကာလ ရောက်ရှိသည်နှင့် သောက်ရေအိုးများ အအေးဓာတ်ပိုမိုကောင်းမွန်စေရန် အသစ်လဲလှယ်လေ့ရှိကြသဖြင့် နွေပေါက်သည်နှင့် မြေထည်သောက်ရေအိုးများ အရောင်းသွက်လေ့ရှိသည်။ သင်္ကြန်မတိုင်မီကာလတွင် ဘုန်းတော်ကြီးကျောင်းများ၊ နေအိမ်များ၊ အလုပ်ရုံများ၊ အများသောက်သုံးရန် ကုသိုလ်ပြုထားသည့် သောက်ရေအိုးစင်တွင် အဟောင်းများကို စွန့်ပစ်ကာ အသစ်လဲလှယ်လေ့ရှိကြသည်။ စစ်ကိုင်းမြို့ အိုးဖိုရပ်ကွက်မှ အိုးလုပ်ငန်းရှင်များသည် နွေကာလတွင် သောက်ရေအိုးအရောင်းသွက်လေ့ရှိသဖြင့် ဆောင်းရာသီကာလကပင် သောက်ရေအိုးကိုအများအပြား ပြုလုပ်စုဆောင်းထားကြသည်။ သဲပါဝင်မှုများပြားပြီး ရေစိမ့်အားကောင်းမွန်သည့် စစ်ကိုင်းပြာသိုအိုးမှာ နွေရာသီတွင် အေးမြမှုရှိသဖြင့် သောက်ရေအိုးဈေးကွက်တွင် နာမည်ရ အရောင်းသွက်ကြောင်း၊ ထို့အတူ နှစ်သစ်ကူးသင်္ကြန်ကာလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့အရ အတာကြိုပန်းအိုးထိုးခြင်း၊ အတာစားအိုး လှူခြင်းများ ဆောင်ရွက်လေ့ရှိကြသဖြင့် အတာအိုးများလည်း အရောင်းသွက်ကြောင်း သိရသည်။

"သောက်ရေအိုးကတော့ သူ့နယ်နဲ့သူ နာမည်ကြီးအသုံးများကြတာပဲ။ ရန္တပိုအိုး၊ ရဲထွက်အိုး၊ နဘက်အိုး၊ ရွှေကူအိုး၊ နီနန်းအိုး၊ ဖောင်ကူးအိုး၊ ဘိုင်အိုး၊ ရှိမ္ဗကားအိုး ဆိုပြီး ဒေသအလိုက် သောက်ရေအိုးအမျိုးမျိုးလုပ်ကြတယ်။ မြေထည်အိုးလုပ်ငန်းဆိုပေမယ့် အမရပူရ၊ တပ်ကြီးရွာ၊ မြင်းမူ၊ မြစ်ပေါက်ရွာ၊ မုံရွာ၊ အလုံ၊ တောင်ပြင်ရပ်တို့ကျတော့ ဘုရားပန်းအိုး၊ နတ်အိုး၊ အတာအိုး၊ စုဘူး၊ ကလေးကစားစရာအိုးအမျိုးမျိုးကိုပဲ လုပ်ကြတယ်။

စစ်ကိုင်းပြာသိုအိုးက သောက်ရေအိုးထဲမှာ နာမည်ရတယ်။ ပြာသိုလမှာ လုပ်ကြတယ်။ သဲပါဝင်မှုများတော့ ရေစိမ့်အား ကောင်းတယ်။ နွေရာသီမှာ အေးမြလို့ လူကြိုက်များတာ။ မန္တလေး၊ ကျောက်ဆည်၊ ရွှေဘို၊ ကောလင်း၊ မိုးကောင်း၊ မြစ်ကြီးနားမြို့တွေအထိ သယ်သွားကြတယ်" ဟု အိုးရောင်းသူတစ်ဦးက ပြောသည်။

မြန်မာလူမျိုးများသည် သင်္ကြန်အကြိုနေ့တွင် သပြေပန်း၊ တမာပန်း၊ မြေဇာမြက်၊ အုန်းညွန့်၊ ကံ့ကော်ညွန့်၊ သီးညွန့်၊ ဒန်းညွန့်၊ ဆီးညွန့် စသည့် ခုနစ်နေ့ခုနစ်နံမင်္ဂလာပန်းများကို အတာအိုးတွင်ထိုး၍ သင်္ကြန်ကို ကြိုဆိုကြကြောင်း၊ ယခုနှစ်သင်္ကြန်အတက်နေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်၍ ဗုဒ္ဓဟူးနေ့ဖွား သားသမီးများ အတာစားကြောင်း၊ ကံကောင်းစေရန် ဗုဒ္ဓဟူးနေ့ဖွားများအနေဖြင့် သင်္ကြန်အတက်နေ့တွင် ဘုရားကျောင်းကန်များ၌ အတာအိုးများ လှူဒါန်းနိုင်ကြောင်း သိရသည်။

စစ်ကိုင်းမြို့မှ မြေထည်အိုးအရောင်းဆိုင်များတွင် သောက်ရေအိုးတစ်လုံးလျှင် အကြီး၊ အသေးကိုလိုက်၍ ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ အထိ ရောင်းချကြပြီး အတာအိုးဈေးနှုန်းမှာ တစ်လုံးလျှင် ကျပ် ၂၀၀၊ ၂၅၀ ဖြင့် ရောင်းချကြောင်း သိရသည်။ **[နန္ဒာမင်းလွင်]**

မကွေးတိုင်းဒေသကြီး

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေး လုပ်ရှားမှု အခမ်းအနားကျင်းပ

နတ်မောက် ဧပြီ ၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းနှင့် မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်တို့က အဖွင့်အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ်မှ လုပ်အားပေးကျောင်းသူ မသင်းဇာနည်ထွန်းက ကျောင်းသား ကျောင်းသူများကိုယ်စား နိုင်ငံတော်၏ ပညာရေးတိုးတက် ဖွံ့ဖြိုးမှုကို မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သင်တန်းသားသင်တန်းသူ ၂၂၁၉ ဦးကို ဒေသခံ ဆရာဆရာမများနှင့်အတူ မကွေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၂၀ တို့က စာမတတ်သူများကို စာတတ်မြောက်လာစေရန် စနစ်တကျ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ NGO အဖွဲ့များ၊ မြို့နယ်အဆင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ၊ ဆရာဆရာမများနှင့် မကွေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း အင်အား ၇၀၀ ကျော်ခန့် တက်ရောက်ကြောင်း သိရသည်။ **[လှဝင်း(iprd)]**

စစ်ကိုင်းတိုင်းဒေသကြီး

ကွမ်းစိုက်ပျိုးသူများ ဈေးကွက်ဝင်ကညွတ်ကို ပြောင်းလဲစိုက်ပျိုးလာ

မုံရွာ မေ ၅ - ပြီးခဲ့သည့် နှစ်အတွင်း ကာလအတန်ကြာဈေးကျဆင်းခဲ့သော ကွမ်းစိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် ယခုနှစ်ပွင့်လင်းရာသီမှစ၍ ကညွတ်စိုက်ပျိုးရေးလုပ်ငန်းကို ပြောင်းလဲစိုက်ပျိုးမှု ပိုမိုများပြားလာကြောင်း မုံရွာဒေသခံကွမ်းစိုက်သူများထံမှ သိရသည်။ ကညွတ်သည် အပူပိုင်းဒေသရာသီဥတုနှင့် ကိုက်ညီမှုရှိပြီး စိုက်ပျိုးပြီး ရှစ်လအတွင်း ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သဖြင့် ကွမ်းစိုက်သူများမှာ ကညွတ်ကို ပြောင်းလဲစိုက်ပျိုးလာကြောင်း သိရသည်။ မုံရွာဈေးကွက်တွင် ကညွတ်တစ်ပိဿာလျှင်(A) အဆင့်ကျပ်ခြောက်ထောင်မှ ကျပ်ရှစ်ထောင်၊ (B) အဆင့်ကျပ်လေးထောင်မှ ကျပ်ငါးထောင်၊ (C) အဆင့်ကျပ် နှစ်ထောင့်ငါးရာမှ ကျပ်သုံးထောင်ဝန်းကျင်ထိ ရောင်းချလျက်ရှိပြီး ဒေသတွင်းဈေးကွက်သာမက ပြည်ပသို့ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မုံရွာမြို့နယ်အတွင်း ကညွတ်ကို ၂၀၁၃ ခုနှစ် ဧပြီလတွင် စတင်စိုက်ပျိုးလာခဲ့ရာ ယခု ဧပြီလဆိုလျှင် တစ်နှစ်ပြည့်ပြီဖြစ်ရာ ပြီးခဲ့သည့်နှစ်က ကညွတ်စိုက်ပျိုးသူ ၁၅ ဦးခန့်ရှိပြီး ယခုနှစ်အတွင်း ကညွတ်စိုက်ပျိုးသူမှာ နှစ်ဆကျော်တိုးလာပြီဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

တမူးခရိုင် ခမ်းပတ်မြို့နယ်ခွဲ ရွှေမင်းသမီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်အိမ်ရာ ခြောက်လုံးဆောက်လုပ်ပြီးစီးမှုအား ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့ လိုက်လံကြည့်ရှုစစ်ဆေးနေစဉ်။ (ဂျိုးနက်)

» » ရှေ့ဖုံးမှ

လယ်ကွင်းများ၌မူ တာအတွင်းရှိ ရေကိုထိန်းကျောင်းခြင်း(အလျှော့အတင်း)ပြုနိုင်၍ နွေစပါးသာမက မိုးစပါးပါ ရရှိကာ နှစ်သီးစားစိုက်ပျိုးရရှိနိုင်ပါသည်။

လယ်ကြားကန်ငါးထုတ်လုပ်မှုမှာလည်း အားရစရာကောင်းလှပါသည်။ ကွင်းအနေအထားကိုလိုက်၍ တစ်ပိုင်တစ်နိုင်ကန်ငယ်လေးများ၏ ထုတ်လုပ်မှုမှာ ငါးစုံ(ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ငါးကျည်း၊ ငါးဖယ်နှင့် ငါးနုတ်ငါးဖွဲ့များ) တစ်ကန်လျှင် ပိဿာချိန် ၅၀၊ အချိန် ၁၀၀ မှ ၁၀၀၀ ကျော်အထိ ရရှိတတ်ပါသည်။ သဘာဝငါးများသည် ဈေးကောင်းရတတ်ပြီး တစ်ရာသီတွင် ဝင်ငွေမြိုးမြိုးမြက်မြက်ရရှိစေသည့်အပြင် နွေစာမိုးစာ ငါးပိငါးခြောက်များလည်းရရှိ၍ အားကိုးလောက်ဖွယ် ဝင်ငွေပိုရရှိစေသည့် လုပ်ငန်းဖြစ်ပါသည်။

လယ်ကြားကန်လေးများ၌ သဘာဝငါးမွေးမြူရေးစနစ်၏ အခြားအားသာချက်များမှာ ကန်ဖော်ချိန်တွင် ငါးမျိုးများချန်လှပ်၍ ပြန်လည်မွေးမြူထားသဖြင့် သဘာဝငါးမျိုးများ မျိုးမပြုန်းတီးစေရန် ထိန်းကျောင်းမှုစနစ်ဖြစ်ခြင်း၊ လွှတ်ပေးထားသည့်ကွင်းများမှတစ်ဆင့် တစ်ဆက်တစ်စပ်တည်းရှိသည့် အခြားသဘာဝရေပြင်များသို့ ရောက်ရှိသွားကာ ရေသယံဇာတများ ပေါများကြွယ်ဝစေခြင်း၊ သဘာဝရေပြင်မှ ငါးမျိုးများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ခြင်း၊ ဖမ်းဆီးရေးကိုအခြေခံသော မွေးမြူထုတ်လုပ်မှုစနစ်ဖွံ့ဖြိုးစေခြင်း၊ လုပ်ငန်းအမယ်သစ်ဖြစ်၍ ငါးလုပ်ငန်းအခန်းကဏ္ဍ GDP တိုးတက်မှုကို အထောက်အကူပြုခြင်း၊ အများပြည်သူတို့အား သယံဇာတထိန်းကျောင်းမှု အသိတရားများ ပိုမိုရရှိလာစေခြင်းစသည့် အကျိုးတရားများ ရရှိစေပါသည်။

လယ်ကြားကန်ငါးမွေးမြူခြင်းလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးတွဲဖက်လုပ်ဆောင်ကာ ဝင်ငွေပိုရရှိသည့်လုပ်ငန်းဖြစ်သော်လည်း မိမိပတ်ဝန်းကျင်၌ ပတ်ဝန်းကျင်ထိခိုက်မှုရှိစေမည့် ရေစီးရေလာအဟန့်အတားဖြစ်ခြင်းနှင့် ရေချိုငါးထုတ်လုပ်သည့် အင်းအိုင်လုပ်ငန်း အစရှိသည်များအား ထိခိုက်မှုမရှိအောင်ညှိနှိုင်းဆောင်ရွက်ရပါမည်။

ငါးလုပ်ငန်းဦးစီးဌာနကလည်း လယ်ကြားကန်လေးများ၏ သဘာဝငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းငါးမျိုးများ၊ မျိုးမပြုန်းတီးစေရေးနှင့် ရေသယံဇာတများ ထိန်းကျောင်းရေး ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လယ်ကြားကန်များတွင် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှစတင်၍ ငါးကျည်း၊ ငါးခူအစရှိသည့် သဘာဝငါးများကို အခမဲ့ မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့အစိုးရသစ်အဖွဲ့၏ ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ်ကာလအတွင်း သမားရိုးကျလုပ်ငန်းများမှ သွေဖည်ကာ ရေပြင်၊ မြေပြင်များအား သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အစွမ်းကုန်အသုံးချ၍ မိမိတည်မှီရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားတူ တီထွင်ကြံမှုများဖြင့် လုံ့လပြု ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီမြစ်ရေ ကနောင်ဆိပ်ကမ်းမှ မြစ်လယ်အထိ အနက်နှစ်ပေခန့်သာရှိ

မြန်အောင် မေ ၅ - ဧရာဝတီမြစ်ရေသည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ မြစ်ဆိပ်ကမ်းမှ မြစ်လယ်လောက်အထိ ရေအနက်မှာ ယခုမတ်လအတွင်း နှစ်ပေခန့်သာရှိတော့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

ကနောင်မြို့ မြစ်ဆိပ်ကမ်းတွင် သဲသောင်ပြင်များပေါ်ထွန်းလျက်ရှိပြီး မိုးတွင်းအခါတွင် မြစ်ရေများကမ်းပါးအထိ ရောက်ကာ စိုးရိမ်ရေမှတ်သို့ နှစ်စဉ်ရောက်ရှိခဲ့ပြီး ယခုလိုနွေရာသီအချိန်တွင် ဧရာဝတီမြစ်ကြောင်းများ ပြောင်းသွားကာ ကနောင်မြို့ ဆိပ်ကမ်းမှ မြစ်လယ်အထိ ရေအနက် နှစ်ပေခန့်သာရှိတော့သဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကလေးလူကြီးများ ရေချိုးဆင်းရင်း ဘောကွင်းများဖြင့် စည်ကားလျက်ရှိသည်။ ယခုနွေအခါ ရောက်ပါက ကနောင်မြို့ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများ မကပ်နိုင်ကြတော့ဘဲ ဧရာဝတီမြစ်အရှေ့ဘက်မှ မော်တော်ကြီးများ ဖြတ်သန်းမောင်းနှင်လျက်ရှိပြီး မိုးတွင်းအချိန်တွင် ကမ်းပါးပြိုခြင်း၊ စိုးရိမ်ရေမှတ် ထက်ကျော်လွန်ခြင်းများကို ခံစားနေရကြောင်း ဒေသခံများက ပြောပြသည်။ **နေဝင်းဇော်(မြန်အောင်)**

ဇီဝဇိုးငှက်များမွေးမြူ၍ အသိုက်ထုတ်လုပ်ရန် ဖန်တီးတည်ဆောက်ထားသည့် အဆောက်အအုံအား တွေ့မြင်ရစဉ်။

တနင်္သာရီတိုင်းဒေသကြီးထွက်ကုန် အဖိုးတန်“ငှက်သိုက်”

မောင်မောင်ကျော်စိုး(ကော့သောင်း)

ရှားပါး၍ ပရိုတင်းဓာတ်ကြွယ်ဝပြီး အာဟာရဓာတ်များစွာပါဝင်သော အဖိုးတန်“ငှက်သိုက်”ဟုခေါ်သည့် ဆေးဖက်ဝင်ပစ္စည်းတစ်မျိုးကို မြင်ဖူးသူနည်းပါလိမ့်မည်။ ထိုငှက်သိုက်ကို မြန်မာနိုင်ငံတောင်ဘက်ပိုင်းတွင်သာတွေ့ရတတ်သည့် ပျံလွှားငှက်မျိုးနွယ်ဝင် “လေစားငှက်” (ခေါ်) “ဇီဝဇိုး”ငှက်မှ ထွက်ရှိခြင်းဖြစ်သည်။

ငှက်သိုက်ဟုခေါ်ခြင်းမှာ အဆိုပါ “ဇီဝဇိုး”ငှက်ငယ်လေးများနေထိုင်ပေါက်ပွားရန် အသိုက်ပြုလုပ်ရာတွင် မိမိတို့ဘာသာ အန်ထုတ်သည့် အာစေးအရိအခွဲများဖြင့် အသိုက်အဖြစ်ဆောက်လုပ်ကြရာ ထိုအသိုက်ကိုခေါ်ခြင်းဖြစ်ပြီး ပရိုတင်းဓာတ်ကြွယ်ဝ၍ ဆေးဖက်ဝင်အဖိုးတန်လှပေသည်။

“ဇီဝဇိုး”ငှက်၏ ပုံသဏ္ဌာန်မှာ ပျံလွှားငှက်နှင့်ဆင်တူပြီး စာကလေးငှက်အရွယ် မီလီမီတာ ၁၀၀ မှ ၄၀၀ အတွင်းရှိကာ ကျောဘက်ငှက်မွေးအရောင်မှာ အနက်ရောင်ဖြစ်ပြီး ဝမ်းဗိုက်ဘက်တွင် မီးခိုးရောင်ဖြစ်သည်။ ဦးခေါင်းသေး၍ လုံးဝန်းပြီး မာသောနှုတ်သီးနှင့် ကျယ်သောပါးစပ်ပေါက်ရှိသည်။ တောင်ပံချွန်၍ အမြီးတိုသောကြောင့် ပျံသန်းမှုလျင်မြန်သည်။ ညအိပ်ချိန်မှလွဲ၍ တစ်နေ့လုံးပျံသန်းနိုင်ကာ တိုပြီးကောက်နေသည့် ခြေသည်းများပါသည့် ခြေချောင်းလေးချောင်းရှိသည်။ ခြေချောင်းလေးချောင်းအနက် သုံးချောင်းမှာ အရှေ့ဘက်သို့ကား၍ ချွန်ထွက်နေသောကြောင့် ကျောက်ဆောင်အစွန်းနှင့် အဆောက်အအုံနံရံများတွင် ခိုင်မြဲစွာကုတ်တွယ်ထားနိုင်စွမ်းရှိသည်။

“ဇီဝဇိုး”ငှက်သည် လူသူဝေးရာ ပင်လယ်ကျွန်းကျောက်ဆောင်များ၊ လိုဏ်ဂူများတွင် ထောင်ပေါင်းများစွာ အုပ်စုဖွဲ့နေထိုင်၍ ပျံသန်းရင်း အင်းဆက်ပိုးမွှားများကိုဖမ်းယူစားသောက်ကြသည်။ တိမ်ရှိသည့် အမြင့်အထိ ပျံသန်းနိုင်စွမ်းရှိပြီး အမြင်အာရုံစူးရှကာ လျင်မြန်ဖျတ်လတ်သည်။ မျိုးပွားရာသီဖြစ်သည့် တပေါင်း၊ တန်ခူးလများတွင် ငှက်အထီးများက ထူးဆန်းစွာ မိမိတို့အာခေါင်မှ အာစေး အကျိအခွဲများကို အထပ်ထပ်အဖန်ဖန်အန်ထုတ်၍ ကျောက်ကမ်းပါးနံရံများတွင် အသိုက်ပြုလုပ်ကြသည်။ ထိုအန်ထုတ်လိုက်သည့် အာစေးအကျိအခွဲများသည် လေနှင့် ထိတွေ့လျှင် မာကျောသွားရာ မမာကျောမီ ငှက်ကလေးများ နေနိုင်ရန် ခွက်ပုံသဏ္ဌာန်ဖြစ်အောင် ဖန်တီးတည်ဆောက်၍ ငှက်မများက ဝင်ရောက်ဥဥ သားပေါက်ပွားကြသည်။

တစ်ကြိမ်လျှင် ဥနှစ်လုံး ဥလေ့ရှိသည်။ အထီးတစ်ကောင်နှင့်အမတစ်ကောင် ပေါက်ပွားလေ့ရှိပြီး မိခင်ငှက်မကြီးမှ သားပေါက်များကို နှစ်လကြာကျွေးမွေးပြုစုကာ အရွယ်ရောက်ခါမှ အသိုက်ကဆင်းကြသည်။

ထိုသို့ အရွယ်ရောက်ပြီး သားပေါက်ငှက်ငယ်လေးများ မရှိတော့သည့် အသိုက်ကိုခွာယူစုဆောင်း၍ ဆေးဖက်ဝင်ငှက်သိုက်အဖြစ် အသုံးပြုကြခြင်းဖြစ်သည်။ ငှက်သိုက်တွင် Collocaliainnonminate ခေါ် ဇီဝဇိုးငှက်မျိုးမှရရှိသည့် အမည်းရောင်ငှက်သိုက်နှင့် Collocalia Fuciphaga ခေါ် ဇီဝဇိုးငှက်မှရနိုင်သည့် အဖြူရောင်ငှက်သိုက်ဟူ၍ အမျိုးအစား နှစ်မျိုးရှိသည်။ အဖြူရောင်ငှက်သိုက်သည် လူကြိုက်များ၍ အမည်းရောင်ငှက်သိုက်ထက် ၁၀ ဆဈေးကြီးသည်။

ငှက်သိုက်သည် နာတာရှည်ရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ၊ စာမျက်နှာ ၅ သို့ » »

မြန်မာနိုင်ငံသားတိုင်း ပေးဆောင်ရမည့် အနိမ့်ဆုံးအခွန်အခများ

ဘဏ္ဍာ/အခွန်
စာမျက်နှာ - ၂ » »

ယာဉ်မောင်းစဉ် နှလုံးကျန်းမာရေး ထိခိုက်နိုင်သလား

ကျန်းမာရေး
စာမျက်နှာ - ၃ » »

ကျောင်းဆင်းလက်မှတ်ချီးမြှင့်ပွဲနှင့် ပဒေသာကပွဲကျင်းပ

ပြည်တွင်းရေးရာ
စာမျက်နှာ - 4 » »

နှစ်သစ်ကူးသင်္ကြန်ကာလ မတိုင်မီ သောက်ရေအိုးနှင့် အတာအိုးများ အရောင်းသွက်

ပြည်တွင်းရေးရာ
စာမျက်နှာ - 6 » »

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုထွေး၏ Passport No.MA282908 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉၅၆၄၀၅၃၅

အောင်လံဆရာတော် အရှင်စန္ဒိမာ၏ (၁၀)ရက်အဓိဋ္ဌာန်အထူးတရားစခန်းပွဲ ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏မူလပဓာနနာယက၊ (သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု)အောင်လံဆရာတော်အရှင်စန္ဒိမာသည် (၁၀)ရက်အဓိဋ္ဌာန်အထူးတရားစခန်းပွဲကို ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ (ရန်ကုန်ရိပ်သာကြီး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။တရားစခန်းဝင်မည့်ယောဂီများသည် တရားစခန်းပွဲ ပထမရက်မတိုင်မီ(တစ်ရက်)ကြိုတင်၍ အိပ်ယာလိပ်၊ ထီး၊ လက်နှိပ်ဓာတ်မီးစသည့် အသုံးအဆောင်ပစ္စည်းများ၊ မှတ်ပုံတင်စိစစ်ရေးကတ်တို့နှင့်အတူ လာရောက်ရန်ဖြစ်ပါသည်။ ယောဂီများအနေဖြင့် လူဦးရေကန့်သတ်ထားပါသဖြင့် ၂၈-၄-၂၀၁၄ ရက်တွင် လူကိုယ်တိုင် မှတ်ပုံတင်နှင့်တကွ တရားစခန်းသို့လာရောက်၍ စည်းကမ်းချက်များပါဝင်သော အဓိဋ္ဌာန်ဝင်ခွင့်ပုံစံများတွင် လက်မှတ်ရေးထိုးပြီး စာရင်းပေးသွင်းရန်ဖြစ်ပါသည်။အကယ်၍ မဝင်ရောက်ဖြစ်ပါက ကြိုတင်အကြောင်းကြားပါရန်နှင့် အမှန်တကယ်ဝင်လိုသော ယောဂီများနစ်နာမှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၅-၅-၂၀၁၄ရက် ညနေ ၄ နာရီ အရောက်လာရောက်သတင်းပို့ရန်။
- ၅-၅-၂၀၁၄ ရက်မှ ၁၆-၅-၂၀၁၄ ရက် နံနက် ၇း၀၀ နာရီအထိ။

(နယ်မှလာရောက်သူများအနေဖြင့် ၄-၅-၂၀၁၄ ရက်ထက်မစော၊ ၅-၅-၂၀၁၄ ရက်ထက် နောက်မကျစေရ)

ယောဂီများအနေဖြင့် တရားစခန်းဝင်ခွင့်ရရှိရန်အတွက် ဖုန်းနံပါတ် ၀၉-၄၅၀၀၆၅၃၇၆ သို့ ဆက်သွယ်စုံစမ်းပါ။နိုင်ငံခြား တိုင်းပြည်များမှ ယောဂီများ Email:theinngu32@gmail.com,Website:www.theinngu 32.org သို့ ဆက်သွယ်စုံစမ်းရန်နှင့် တရားစခန်းဝင်ရောက်မည်ဆိုပါက လေယာဉ်လက်မှတ်နှင့် မှတ်ပုံတင်ကတ်ပြားတို့တင်ပြ၍ ဝင်ရောက်နိုင်ပါသည်။

မှတ်ချက်။ ။ ယခုတရားစခန်းပတ်တွင် ယောဂီအသစ်များကိုသာ လက်ခံပါမည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်မည့် တရားစခန်းပတ်တွင်သာ ယောဂီအဟောင်းများအတွက် သီးခြားလက်ခံပါမည်။ဝင်ရောက်မည့် ယောဂီများ နိုင်ငံသားစိစစ်ရေးကတ်ပြားပါရှိမှသာ လက်ခံပါမည်။

ရန်ကုန်ဥပဋ္ဌာကအဖွဲ့

'နှစ်(၄၀)ပြည့်မွေးနေ့ဆုတောင်း'

ချစ်သော ကိုရဲ့ ၆-၄-၂၀၁၄ ရက်တွင် ကျရောက်သောမွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းအပေါင်းနဲ့ ပြည့်စုံ၍ သာယာသောအနေအထားကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းတောင်းလျှက်. . .

မွေးနေ့မှာပျော်ရွှင်ပါစေ "ကို"

ချစ်သော 'အမယ်'

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဂ)၊ မြေကွက်အမှတ်(၅၄၀/က)၊ မြေကွက်တည်နေရာအမှတ်(၅၄၀/က)၊ မေခါဝီလမ်း၊ (၈)ရပ်ကွက်၊ ဒေါ်သန်းညွှန့်[၁၂/ဥကမ(နိုင်)၀၃၆၃၅၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (မိခင်)ဒေါ်သန်းညွှန့်နှင့် (ဖခင်)ဦးမင်းအောင်(ခ)ဦးအောင်ရွှေ၊ သမီး ဒေါ်ခင်ဝါရွှေတို့ကွယ်လွန်သဖြင့် ဒေါ်ကြူကြူအောင်[၁၂/ဥကမ(နိုင်)၂၄၁၃၉၆]၊ ဦးမျိုးမင်းအောင်[၁၂/ဥကမ(နိုင်)၁၅၆၈၃၄]၊ ဦးနေလင်းအောင်[၁၂/ဥကမ(နိုင်)၂၄၁၃၉၇]၊ ဦးမျိုးသိန်း[၁၂/ဥကမ(နိုင်)၀၀၆၃၆၉]တို့က သားသမီးများ/သားမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၂၀/၂၀၁၄)(၃၀၂၁/၂၀၁၄)ဖြင့်ရရှိသူ ဒေါ်သန်းသန်းဦး[၇/မလန(နိုင်)၀၆၄၅၈၂]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၀

(ကွယ်လွန်သူ ဦးညွှန့်တင်[၆/မအရ(နိုင်)၀၉၂၆၃၅]၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း)

ဒေါ်ဆန်းညွှန့် -------- **လျှောက်ထားသူ**

အခန်း(၀၀၆)၊ တိုက်(၁၉)၊ အေးရိပ်မွန်(၁)လမ်း၊
အေးရိပ်မွန်အိမ်ရာ၊ အမှတ်(၄)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အမှတ်(၀၀၆)၊ တိုက်(၁၉)၊ အေးရိပ်မွန်(၁)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ်(၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ ဒေါ်ဆန်းညွှန့်က ကွယ်လွန်သူ ဦးညွှန့်တင်၏ အစ်မရင်းဖြစ်သည်ဟူ၍ ကွယ်လွန်သူဦးညွှန့်တင်၏ မြိတ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၌ စုဆောင်းကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးညွှန့်တင်မှာကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသော လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်(၁၃၇၆ ခုနှစ်၊ တန်ခူးလကွယ်နေ့)နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ဆန်းညွှန့်၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်စာ ရသင့်/မရသင့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော သတ္တုများပါဝင်သည့် အခြားရောရာသတ္တုပစ္စည်းများအား ဘားအံမြို့၊ နေပြည်တော်ရုံးခွဲ၊ ရန်ကုန်ရုံးခွဲ၊ နမ္မတူရုံးခွဲ၊ လားရှိုးရုံးခွဲနှင့် မန္တလေးရုံးခွဲများတွင်ထားရှိသည့် နေရာအလိုက် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ်၊ မေလ ၆ ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၈၃၊ ၀၆၇-၄၀၉၀၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) ဥသျှစ်ပင်-ကမ္မ ၆၆ကေဗွီ ဓာတ်အားလိုင်း (၃၀)မိုင်
(၂) မိုးကောင်း-ဖားကန့် ၆၆ကေဗွီဓာတ်အားလိုင်း (၅၅)မိုင်
(၃) အသုတ်-ဂွ ၆၆ကေဗွီဓာတ်အားလိုင်း (၆၂)မိုင်
(၄) ထီးလင်း-ဆော ၆၆ကေဗွီဓာတ်အားလိုင်း (၄၃)မိုင်
(၅) မိုင်းနောင်-ကျေးသီး ၆၆ကေဗွီဓာတ်အားလိုင်း (၃၀)မိုင်
(၆) မြောက်ဦး-မင်းပြား ၆၆ကေဗွီဓာတ်အားလိုင်း (၂၀)မိုင်
(၇) ဥသျှစ်ပင်-မင်းတုန်း ၆၆ကေဗွီ ဓာတ်အားလိုင်း (၅၈)မိုင်
(၈) ချောင်းကူး-ပေါက် ၆၆ကေဗွီဓာတ်အားလိုင်း (၄)မိုင်
(၉) ရေဘုတလင်-ကနီ-မင်းကင်း ၆၆ကေဗွီဓာတ်အားလိုင်း (၅၅)မိုင်
(၁၀) ဘော်လခဲ-ဖားဆောင်း ၆၆ကေဗွီဓာတ်အားလိုင်း (၄၀)မိုင်
(၁၁) ကျောက်ဖြူ GT-ကျောက်ဖြူ(SEZ) ၆၆ကေဗွီနှစ်ထပ်ဓာတ်အားလိုင်း (၅)မိုင်
(၁၂) တောင်ကုတ်-မအီ ၆၆ကေဗွီဓာတ်အားလိုင်း (၄၆ . ၇၈)မိုင်
(၁၃) သိန္နီ-ကွတ်ခိုင် ၆၆ကေဗွီဓာတ်အားလိုင်း (၁၃)မိုင်
(၁၄) ဟားခါး-ဖလမ်း-သိုင်းငင် ၆၆ကေဗွီဓာတ်အားလိုင်း (၅၀)မိုင်

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၆-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၄၉)၊ အမည်ပေါက် ဒေါ်သီတာဝင်း[၁၂/သလက(နိုင်)၁၀၂၅၆၁]၊ ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင် အကျိုးခံစားလျက် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုဆိုသူ ဦးလှကြိုင်[၁၂/ဗဟန(နိုင်)၀၆၄၁၁၅]ထံမှ ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညိုမင်းသက်[၆/မအရ(နိုင်)၀၀၀၃၃၂] ဖုန်း-၀၉-၄၂၁၀၆၆၆၀၃

စေ့စပ်ကြောင်းလမ်းခြင်းအားဖျက်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ မောင်ဖြိုးကျော်ကျော်(ဘ)ဦးသန်းဟုတ် B.E(E.P)၊ အမှတ်(C/46)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် မအိသူသူလွင် (ဘ)ဦးစိုးလွင် (B.A, Eng)၊ တိုက်(၁၈)၊ အခန်း(၀၁)၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူတို့သည် ၂၄-၁၁-၂၀၁၃ ရက်တွင် လူကြီးမိဘများဆုံရာရှေ့တွင် စေ့စပ်ကြောင်းလမ်းခဲ့ကြပါသည်။ သို့သော် ယခုအခါ မောင်ဖြိုးကျော်ကျော်နှင့် မအိသူသူလွင်တို့သည် စိတ်သဘောထား တိုက်ဆိုင်မှုမရှိသည့်အတွက် အထက်ပါစေ့စပ်ကြောင်းလမ်းခြင်းအား ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ဖြိုးကျော်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်းစိုး (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၃၂၅၇)
၁၃/၉၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့။ ဖုန်း-၀၉-၇၃၂၂၂၈၈၈၄

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဆောက်လုပ်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ဆောင်ရွက်မည့် အောက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဝန်ထမ်းအိမ်ရာ၊ စက်မှုအလုပ်ရုံနှင့် လူနေရပ်ကွက်အကြား အရှည်(၁၉၂၃)ပေ၊ အမြင့် (၆. ၆)ပေရှိ (၉"× ၉")သံကူကွန်ကရစ်တိုင်ပါ အုတ်ခြံစည်းရိုး ပြုလုပ်ခြင်း၊

(ခ) ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
(၁) စက်ရုံဝင်းအတွင်း ၆"ထု Concrete Car Parking ပြုလုပ်ခြင်း
(၂) စက်ရုံအဝင်ဂိတ်တံခါးအတွက် ၁၄"×၁၄"ကွန်ကရစ်တိုင်ပြုလုပ်ခြင်းနှင့် (၃၀'×၈')သံပန်းတံခါး(Slide door)တပ်ဆင်ခြင်း
(၃) (၃၅'×၂'×၄ $\frac{၁}{၂}$')ရှိ အုတ်ရေမြောင်းပြုလုပ်ခြင်း
(၄) (၂၀'×၁၅')ရှိ Forklift မောင်းရန် လမ်းခင်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ ဗိသုကာပုံစံများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်အလက်များကို ၄-၄-၂၀၁၄ရက်မှ ၁၁-၄-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၅-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါလုပ်ငန်းများအတွက် တည်ဆောက်ရမည့် မြေပြင်အခြေအနေနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောင်ဆန်းပုံနှိပ်စက်ရုံနှင့်ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၁-၆၄၅၇၃၁၊ ၀၁-၅၄၂၆၉၅တို့ထံ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၂၀၃
တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန။ ဖုန်း-၀၆၇-၄၁၂၃၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) 66/11KV, (5)MVA
ကမ္မ၊ ဂွ၊ ဆော၊ ကျေးသီး၊ မင်းပြား၊ မင်းတုန်း၊ ပေါက်၊ မင်းကင်း၊ ဖလမ်း၊ သိုင်းငင်၊ မအီ၊ ကွတ်ခိုင် ဓာတ်အားခွဲရုံပစ္စည်းများ
(၂) 66/11KV, (2×15)MVA ချောင်းဆုံဓာတ်အားခွဲရုံပစ္စည်းများ
(၃) 66/11KV, (10)MVA ဖားကန့်ဓာတ်အားခွဲရုံပစ္စည်းများ
(၄) 66/33KV, (30)MVA ဖားဆောင်းဓာတ်အားခွဲရုံပစ္စည်းများ
(၅) 66/11KV, (2×10)MVA ကျောက်ဖြူ(SEZ)ဓာတ်အားခွဲရုံပစ္စည်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၄-၂၀၁၄
တင်ဒါပိတ်မည့်ရက် - ၆-၅-၂၀၁၄
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄/စက်မှုဇုန်၊ မြေကွက်အမှတ်-၄၅၆၊ ၄၅၇၊ မြေကွက်တည်နေရာအမှတ်(၄၅၆)၊ (၄၅၇)၊ သံလွင်လမ်း၊ ၆၄ ရပ်ကွက်၊ ဒဂုံတောင်။ (ဦးညွှန့်လွင်)[၁၂/ဗဟန(နိုင်)၀၆၀၈၇၆]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးညွှန့်လွင်မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ မြေကွက်အမှတ်(၅၀၂-က)(၅၀၂-ခ)၊ မြေကွက်တည်နေရာ-(၅၀၂-က) (၅၀၂-ခ)၊ အနော်ရထာလမ်းမကြီး၊ (၂၀)ရပ်ကွက်၊ (ဦးကျော်ကျော်မိုး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးကျော်ကျော်မိုး ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမော်[၁၂/ထတပ (နိုင်)၀၀၄၄၈၈]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၈-D၊ မြေကွက်အမှတ်(၂၀၅)၊ မြေကွက်တည်နေရာအမှတ်(၁၇)၊ စစ်ကိုင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ (မောင်ကျော်လှ)အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်မြေအား စမ်းချောင်းမြို့နယ်တရားရုံး ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၉/၂၀၁၃ တရားမဇာရီမှုအမှတ်၁၆/၂၀၁၃အရ တရားလို ဦးလှထူးအောင်က တရားပြိုင် ဦးကျော်လှအပေါ် စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၇)၏ အိမ်နှင့်မြေကို ကတိပဋိညဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီတင်ပြ၍ တရားရုံး(ဘီလစ်) ဒေါ်ဆောင်းစန္ဒာဦး[၁၂/ကတတ(နိုင်)၀၂၄၅၂၈]မှ အရောင်းမြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်-၉တွင် ဖွင့်လှစ်ထားသည့် TOP THREE STAR CO.,Ltd နှင့်ပတ်သက်၍ ဦးထင်နိုင်(ခ)ဦးတင့်နိုင်[၁၂/ဥကတ(နိုင်)၀၈၅၅၇၀]နှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ Mr.Kim Dong Hwan ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်သည်မှာ-

အထက်ဖော်ပြပါလိပ်စာတွင် ဖွင့်လှစ်ထားသည့် TOP THREE STAR CO.,Ltd.သည်လည်းကောင်း၊ ယင်းရုံးခန်းတွင် ပြသထားသည့် မော်တော်ယာဉ်များအပါအဝင် ကုမ္ပဏီရုံးခန်းတည်ထောင်ဖွင့်လှစ်သည့် ကုန်ကျစရိတ်အဝဝသည်လည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ Mr.Kim Dong Hwan နှင့် ယင်းမှအစစတာဝန်ယူဆောင်ရွက်လုပ်ကိုင်ပေးရသည့် အစ်ကိုရင်းဖြစ်သူ Mr.Kin Young Bim တို့ပိုင်ပစ္စည်းအရပ်ရပ်ဖြစ်ပါသည်။

ယင်းပစ္စည်းအရပ်ရပ်ပေါ်တွင် Mr.Kim Dong Hwanမှ ဦးထင်နိုင်(ခ)ဦးတင့်နိုင်၊ အမှတ်(၇၉)၊စံပယ်ခြံ(၂)လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူအား အမည်ခံ၍ ကုမ္ပဏီတည်ထောင်စေခြင်းနှင့် Car Show Room ဖွင့်လှစ်ရောင်းချစေခြင်းတို့ကို ယုံကြည်စွာဖြင့် တည်ထောင်လွှဲအပ်လုပ်ကိုင်စေခဲ့ရာမှ ဦးထင်နိုင်(ခ)ဦးတင့်နိုင်သည် ပိုင်ရှင်အစစ်အမှန်ဖြစ်သူ ကျွန်ုပ်တို့မိတ်ဆွေ၏ယုံကြည်အပ်နှံမှုကို အလွဲအသုံးပြုကာ ဆောင်ရွက်လာခြင်း၊ ဆက်ဆံလုပ်ကိုင်လာခြင်း၊ ခြိမ်းခြောက်လုပ်ကိုင်မှုများ ပြုလုပ်လာခြင်းတို့အပြင် ကုမ္ပဏီ၏ Car Show Roomအတွင်း ကျွန်ုပ်တို့၏မိတ်ဆွေပိုင် မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများအပြင် အခြားကုမ္ပဏီ၏မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများကိုလည်း တင်သွင်းပြသရောင်းချမှုများ ပြုလုပ်လာရာ ယင်းတို့အပေါ် ဦးထင်နိုင်(ခ)ဦးတင့်နိုင်သည် ပိုင်ရှင်အစစ်အမှန်ဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေအား အသိပေးပြောကြားခဲ့ခြင်းမရှိဟု ညွှန်ကြားချက်အရ သိရှိရပါသည်။

ယင်းသို့သော အခြေအနေများကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် ဦးထင်နိုင်(ခ)ဦးတင့်နိုင်အား ဖော်ပြပါလုပ်ငန်းကို လုပ်ကိုင်ရန်အတွက် ဆက်လက်တာဝန်ပေးလိုသော စိတ်ဆန္ဒလုံးဝမရှိတော့သဖြင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ညှိနှိုင်းသည့်အခါတွင်လည်း ဦးထင်နိုင်(ခ)ဦးတင့်နိုင်သည် ကုမ္ပဏီ၏အကျိုးခံစားခွင့်အရပ်ရပ်နှင့် Car Show Roomတို့၏ ရင်းနှီးငွေအရပ်ရပ်ကို (၃)ပုံ (၁)ပုံ တောင်းဆိုခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် မတည်ရင်းနှီးငွေ၏ (၃)ပုံ(၁)ပုံကို မပေးလိုဘဲ အကျိုးအမြတ်အပေါ်တွင်သာ (၃)ပုံ(၁)ပုံခံစားခွင့် ပေးမည်ဖြစ်ကြောင်း တင်ပြပြောဆိုရာမှ ညှိနှိုင်းဆွေးနွေးမှု အဆင်မပြေခဲ့ကြောင်း ကျွန်ုပ်တို့အား အသိပေးညွှန်ကြားချက်အရ ကျွန်ုပ်တို့မှ ဦးထင်နိုင်(ခ)ဦးတင့်နိုင်ထံ(Notice) စာပေးပို့၍ Car Show Roomအတွင်းရှိ ကျန်ရှိနေသော မော်တော်ယာဉ်(၁၄)စီးနှင့် ကုမ္ပဏီရှိငွေသားများ၊ ဘဏ်ရှိကုမ္ပဏီပိုင်ငွေသားများ၊ အကျိုးအမြတ်ငွေများကို (၇)ရက်အတွင်း ကျွန်ုပ်တို့မိတ်ဆွေအား ရှင်းလင်းအပ်နှံပါရန် တောင်းဆိုထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ TOP THREE STAR CO.,Ltd. Car Show Roomအတွင်း ပြသထားသည့် မော်တော်ယာဉ် (၁၄)စီးဖြစ်သော-

(၁)Tucson (2006),Chessi No(416894)
(၂)Santafe(2003),Chessi No(400727)
(၃)Santafe(2004),Chessi No(729949)
(၄)Tarracan(2004),Chessi No(156374)
(၅)Pride(2007),Chessi No(194346)
(၆)Sorento (2009),Chessi No(875602)
(၇)Daewoo (Taxi)(2003),Chessi No (382848)
(၈)Samsung (1998),Chessi No(000408)
(၉)KIA (Bongo3),(2007),Chessi No(202822)
(၁၀)KIA(Bongo3),(2004),Chessi No(001037)
(၁၁)KIA(Bongo3),(2009),Chessi No(363519)
(၁၂)Hyundai(Porter 2),(2005),Chessi No(112795)
(၁၃)Hyundai(Porter 2),(2005),Chessi No(065993)
(၁၄)Hyundai(Porter 2),(2005),Chessi No(059215)

နှင့် မော်တော်ယာဉ်အပိုပစ္စည်းများကို လက်ရောက်ရရှိရေးအတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ပေးပါရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် ပိုင်ရှင်အစစ်အမှန်ဖြစ်သူ ကျွန်ုပ်တို့မိတ်ဆွေ၏ အတိအလင်းခွင့်ပြုချက်မရှိဘဲ ဖော်ပြပါ မော်တော်ယာဉ်များအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ နေရာရွှေ့ပြောင်းခြင်း စသည်တို့ကို လုံးဝမပြုလုပ်ရန်နှင့် တားမြစ်ချက်အား လိုက်နာပေးခြင်းမရှိပါက ဦးထင်နိုင်(ခ)ဦးတင့်နိုင်နှင့်မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ်တို့၏မိတ်ဆွေက အရေးယူလုပ်ဆောင်တော့မည်ကိုလည်း တစ်ပါတည်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးထွန်းအေး(B.A.,R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)
ဒေါ်ဆွေဆွေညွန့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)
ဒေါ်ဆုမြတ်မွန်(စဉ်-၂၅၇၇၆) **ဒေါ်ခင်ကြည်မွန်(စဉ်-၂၇၃၈၆)** **ဒေါ်အေးခိုင်ဇင်(စဉ်-၃၀၈၁၁)**

အထက်တန်းရှေ့နေများ

အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၃၃၂၀၉၉၉၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် (၃၂၄ ၁/၂)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ က-ရပ်ကွက်၊ မေယုလမ်းမ၊ အမှတ်(၃၂၄ ၁/၂)ဟုခေါ်တွင်သော နေအိမ်ကို လက်ရှိပိုင်ဆိုင်နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသက်နှင်း[၉/မခန(နိုင်)၁၄၆၄၂၉]က ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုလျှင် ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလ ကျော်လွန်ပါက တရားဝင်အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

ဦးသန်းညွန့်(စဉ်-၃၄၁၉/၈၅)
တရားလွှတ်တော်ရှေ့နေ
ဒေါ်အေးမြတ်သူ(စဉ်-၄၂၁၂၃)
အထက်တန်းရှေ့နေ
အမှတ်(၈၅)၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၇၃၀၃၅၄၂၂၊
၀၉-၄၂၁၁၃၀၅၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-B၊ မြေကွက်အမှတ်(၃၅-ဂျေ)၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊ Mr. Kwai Ba Gy အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်၂၈/ ၂၀၁၃အရ တရားလို ဦးဇော်ရဲနိုင်က တရားပြိုင် ဒေါ်မြင့်မြင့်စန်း+၄ အပေါ်စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ်-၂၂/A၏ အရှေ့ဘက်ခြမ်း ပေ(၁၁၀×၃၃)ရှိ မြေကွက်နှင့် တစ်ထပ်တိုက်ကို ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီတင်ပြ၍ တရားရုံး(ဘီလစ်) ဒေါ်စောယုမွန်[၁၂/သကတ(နိုင်)၁၄၅၃၁၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၆၈၉)၊ မြေကွက်တည်နေရာအမှတ်(၆၈၉)၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက်၊ (၁)ဒေါ်ကြည်ကြည်လွင်[၁၂/ဒဂန(နိုင်)၀၂၅၄၈၁]၊ (၂)ဒေါ်တင်ရီ[၁၂/ဒဂန(နိုင်)၀၂၅၅၉၅]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်လွင် ကွယ်လွန်သဖြင့် ဦးဝင်းနိုင်လွင် (DGN-001506) တစ်ဦးတည်းသောမောင် တော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် မူလအမည်ပေါက် ဒေါ်တင်ရီ [၁၂/ဒဂန(နိုင်)၀၂၅၅၉၅]နှင့် ပူးတွဲ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၃၂)၊ အမည်ပေါက် ဒေါ်မြတင်စိန် ဂရန်မြေအမျိုးအစား အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင် အကျိုးခံစားလျက် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုဆိုသူ ဦးစောထို[၂/ လကန(နိုင်)၀၆၁၅၃၅]ထံမှ ကျွန်ုပ်ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာအေး[၁/မကတ(နိုင်)၀၅၄၆၅၂]
ဖုန်း-၀၉-၄၂၁၀၆၆၆၀၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ် တရားရုံး ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်သန်းသန်းအေး		ဒေါ်သင်းသင်း
အမှတ်(၁၄)၊ ဦးလှထွန်းလွင်လမ်း	နှင့်	အမှတ်(၁၂)၊ ဦးလှထွန်းလွင်လမ်း၊
သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။		သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။
(တရားလို)		**(တရားပြိုင်)**

အထက်ပါ တရားပြိုင် ဒေါ်သင်းသင်း အိမ်အမှတ်(၁၂)၊ ဦးလှထွန်းလွင်လမ်း၊ သောက်တော်တွင်းရပ်ကွက်နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်သန်းသန်းအေးက ငွေကျပ် (၂၁)သိန်းရလိုကြောင်း လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် (၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ရက်) နံနက် ၁၀း၀၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ မတ်လ (၂၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မင်းမင်းကြိုင်
ဒုတိယမြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ်(၅၁၇/ခ)၊ အကျယ်အဝန်း(အလျားပေ ၂၀× အနံ ပေ၆၀)ရှိ ဦးချစ်စိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ ၄/တောင် ရပ်ကွက်၊ မြို့မ(၅)လမ်း၊ အမှတ်(၅၁၇/ခ)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်သော ဦးကျော်ဦး [၁၂/သကတ(နိုင်)၀၇၉၀၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်စိုးထွန်း(ထီးချိုင့်) (စဉ်-၈၂၂၅) (LL.B(Q),D.B.L)
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေရေးရာအတိုင်ပင်ခံ
LINO MASTER LAW FIRM
အမှတ်(၂၂၉)၊ ပထပ်(ယာ)၊ ၃၈လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ www.linomasterlawfirm.com.Ph: 01-372203,09-73097203

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ်၊ ဇွန်လ ၉ ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
(၁)	မြို့ပြအင်ဂျင်နီယာ	(က) Diploma in Structural Engineering	B.E.(Civil)
		(ခ) Diploma in Water Resources Engineering	B.E.(Civil)
		(ဂ) Diploma in Environmental Engineering	B.E(Civil/Chemical)
		(ဃ) Diploma in Environmental Planning and Management	All B.E/B.Arch./M.B.,B.S./ B.D.S/M.Sc(Chemistry)/ M.Sc(IC)/ M.Sc(Zoology)/M.Sc.(Marine Biology)/B.Sc (Forestry/B.Ag)
		(င) Diploma in Geotechnical Engineering	B.E(Civil)
		(စ) Diploma in Transportation Engineering	B.E(Civil)
		(ဆ) Diploma in Construction Management	B.E(Civil)
(၂)	စက်မှုအင်ဂျင်နီယာ	(က) Diploma in Renewable Energy Engineering	All B.E
		(ခ) Diploma in Industrial Engineering	All B.E
(၃)	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ	Diploma in Renewable Energy Systems	B.E(EP,EC)
(၄)	အီလက်ထရွန်နစ် အင်ဂျင်နီယာ	Diploma in Electronic and Communication Engineering	B.E(Electronic)
(၅)	သုတနည်းပညာ အင်ဂျင်နီယာ	Diploma in Information & Communication Technology	B.E(IT)
(၆)	မက္ကာထရွန်နစ် အင်ဂျင်နီယာ	Diploma in Biomedical Engineering Technology	B.E(IT,EC,Mech., McE.,EP) M.S(Engg:Physics), M.Sc.(Physics, Specialization in Electronics)
(၇)	ဓာတုအင်ဂျင်နီယာ	(က) Diploma in Food Technology	B.E(Chemical)/M.B.,B.S/ B.V.S/B.Pharm/B.Med. Tech/B.Sc (IC) ဘွဲ့ရရှိသူများ၊ အစိုးရဌာနမှ အစာအာဟာရဆိုင်ရာ လုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၃) နှစ်ရှိပြီးသော B.Sc(Chemistry) / B.Sc(Zoology)/ B.Sc (Botany)/B.Ag/B.S (Biotechnology) ဘွဲ့ရရှိသူများနှင့် အလားတူဘွဲ့များနှင့် ညီသော ဘွဲ့ရရှိသူများ
		(ခ) Diploma in Biomass Energy	B.E(Chemical)
(၈)	ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ	Diploma in Textile Finishing Technology	B.E.(Textile)
(၉)	သတ္တုတူးဖော်ရေး အင်ဂျင်နီယာ	(က) Diploma in Mine Project Management	B.E(Mining)
		(ခ) Diploma in Environmental Impact Assessment and Environmental Management System	All B.E/B.Arch/M.B.,B.S/ M.Sc/B.Sc(Forestry, Physics, Chemistry, Botany, Zoology)/ B.Ag
		(ဂ) Diploma in Geotechnical Engineering for Tunnel Construction	B.E(Mining,Civil)/M.Sc (Geology)
(၁၀)	ရေနံအင်ဂျင်နီယာ	Diploma in Drilling Engineering	B.E(Petroleum)
(၁၁)	သတ္တုဗေဒအင်ဂျင်နီယာ	(က) Diploma in Extractive Metallurgy	B.E(Met.,Min)B.Sc.(Geol)
		(ခ) Diploma in Adaptive Metallurgy	B.E(Met.,Mech.)
		(ဂ) Diploma in Experimental Archaeometallurgy	B.E(Met.)/B.Sc(Che.)/B.A (Archaeology)
(၁၂)	ဗိသုကာ	Diploma in Settlement Planning and Design	B.Arch/B.E(Civil)
(၁၃)	အင်ဂျင်နီယာဘူမိဗေဒ	Diploma in Engineering Geology	B.Sc(Geology)(Hons.)/B.Tech (Civil/Min./Pet.)

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်။
- (က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါး(၃ဦးစလုံး)သည် ပြည်ထောင်စုသမ္မမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူတင်ပြနိုင်ရမည်။)
- (ခ) အခြေခံဘွဲ့လိုအပ်ချက်ပါ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။
- (ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

၃။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂-၅-၂၀၁၄ ရက်(သောကြာနေ့)တွင် ထုတ်ပေးမည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၅-၂၀၁၄(တနင်္လာနေ့)	အင်္ဂလိပ်စာ	၉နာရီမှ ၁၂နာရီ
၆-၅-၂၀၁၄(အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉နာရီမှ ၁၂နာရီ

၅။ သင်တန်းအတွက်လူတွေ့စစ်ဆေးခံရန်အမည်စာရင်း(Short List)ကို ၂၂-၅-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၄-၅-၂၀၁၄ ရက်(စနေနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၀၁၄ခုနှစ်၊ ဇွန်လဆန်းတွင် ထုတ်ပြန်ကြေညာမည်။

၆။ ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန် ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ခု၊ ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ်၊ ဇွန်လ ၉ ရက်မှစတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းများ

- (က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg:/Geotechnical Engg:/ Transportation Engg:/Construction Management)
- (ခ) စက်မှုအင်ဂျင်နီယာ
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဃ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
- (င) သုတနည်းပညာအင်ဂျင်နီယာ
- (စ) မက္ကာထရွန်နစ်အင်ဂျင်နီယာ
- (ဆ) ဓာတုအင်ဂျင်နီယာ
- (ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
- (ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
- (ည) ရေနံအင်ဂျင်နီယာ
- (ဋ) သတ္တုဗေဒအင်ဂျင်နီယာ (Adaptive Metallurgy / Extractive Mestallurgy)
- (ဌ) ဗိသုကာ

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့် သင်တန်းများဖြစ်ပြီး မဟာဘွဲ့ အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁) နှစ်၊ စုစုပေါင်း (၂) နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-
- (က) လျှောက်ထားသူနှင့် ၎င်း၏ မိဘနှစ်ပါး(၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူတင်ပြနိုင်ရမည်။)
- (ခ) နည်းပညာတက္ကသိုလ်များမှ သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
- (ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂-၅-၂၀၁၄ရက် (သောကြာနေ့) တွင် ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၅-၂၀၁၄ (တနင်္လာနေ့)	အင်္ဂလိပ်စာ	(၉း၀၀)နာရီမှ (၁၂း၀၀) နာရီ
၆-၅-၂၀၁၄ (အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	(၉း၀၀) နာရီမှ (၁၂း၀၀) နာရီ

၇။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း (Short List) ကို ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၄-၅-၂၀၁၄ရက် (စနေနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၀၁၄ခုနှစ်၊ ဇွန်လဆန်းတွင် ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၅၈)၊ (၈)လွှာ အလျား ၁၂½ ပေ အနံ ပေ ၅၀ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးတင်စိုး [၁၂/လမတ(နိုင်)၀၃၂၀၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေပြီးဖြစ်သဖြင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေမီလှိုင်(စဉ်-၉၆၉၁) LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၄၆၆)၊ ယုဝတီ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊
ဖုန်း- ၀၉၄၂၁၀၀၉၄၆၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၉၉)၊ အမည်ပေါက် ဦးဇာနည်ထွန်း[၁၂/သဃက(နိုင်)၁၄၃၂၁၃]ဂရန်မြေအမျိုးအစား အကျယ်အဝန်း ပေ(၄၀×၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်အကျိုးခံစားလျက် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုဆိုသူ ဒေါ်အေးမေ[၁၃/ကခန(နိုင်)၀၁၃၇၀၀]ထံမှ ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှကြိုင်[၁၂/ဗဟန(နိုင်)၀၆၄၁၁၅]
ဖုန်း-၀၉-၄၂၁၀၆၆၆၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ သစ္စာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-အိပ်ချ်)၊ မြေကွက်အမှတ်(၁၀)၊ အဆောက်အအုံအမှတ် (၄၅)၊ (၃) လွှာ (ခေါင်းရင်းခန်း) တိုက်ခန်းကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာထွေး [၁၂/တမန(နိုင်) ၁၀၄၆၃၀]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေအဖြစ် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ တရားဝင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လဲ့လဲ့ဝါ[၁၂/မဂတ(နိုင်)၀၀၉၀၅၃]
ဖုန်း-၀၉-၄၂၀၁၄၂၉၀၄၊ ၀၁-၂၉၉၂၀၇

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့နေ ဒေါ်ဌေးဌေးစု၏ သားမောင်အောင်ကိုကို(ခ)အငယ်လေး[၇/ပခန(နိုင်)၂၆၆၅၅၁]ကိုင်ဆောင်သူသည် မိခင်၊ မောင်နှမ၊ ဆွေမျိုးများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါ။

မိခင်-ဒေါ်ဌေးဌေးစု
[၇/ပခန(နိုင်) ၀၅၃၀၄၀]

လင်မယားကွာရှင်းပြတ်စဲ-ပစ္စည်းခွဲဝေပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၀ လမ်း(စီ)၊ တိုက်(၃၀)၊ အခန်း(၁၀၂)နေ ကျွန်မ ဒေါ်စန္ဒာဝင်း[၁၂/သကတ(နိုင်)၁၂၀၁၁၆]နှင့် ဦးအောင်ဇင်ဦး[၁၂/သကတ(နိုင်) ၁၇၆၇၆၈]တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၌ ၃၁-၃-၂၀၁၄ ရက်တွင် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ကျွန်မတို့ပေါင်းသင်းစဉ်က ရှာဖွေသည့် လက်ထပ်ပွား ဥစ္စာပစ္စည်းများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ ထိုနေ့တွင်ပင် ခွဲဝေရယူကြပြီး ဖြစ်ပါသည်။ သို့ပါ၍ ကျွန်မနှင့် ဦးအောင်ဇင်ဦးတို့သည် ၃၁-၃-၂၀၁၄ ရက်တွင် လင်ခန်း၊ မယားခန်း တရားဝင်ကွာရှင်းပြီးစီးသည့်အပြင် ပစ္စည်းခန်းများခွဲဝေပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး လုံးဝမသက်ဆိုင်ပါကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မစန္ဒာဝင်း[၁၂/သကတ(နိုင်)၁၂၀၁၁၆]
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

"ဘုရားအဆူဆူ စံပွင့်ယှဉ်သည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနီယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝေန ဦးစီး၍ "မလ္လာရာမဝိဟာရမြန်မာကျောင်း" ဆောက်လုပ်မည်ဖြစ်ပါသည်။

စေတနာရှင်များအနေဖြြင့် ကျောင်းဒါယကာ ၊ ဒါယိကာမအဖြစ် ခံယူနိုင်ရေးအတွက် မြေကွက်(၁)စတုရန်းပေလျှင် (၁၀,၀၀၀)ကျပ်၊ ကျောင်းဆောင် (၁)စတုရန်းပေလျှင် (၂၀,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

ဘဒ္ဒန္တ ဒေါက်တာဝေန	(မဟာအောင်မြေကျောင်း)				ဒေါ်မေသူအောင်	(မေသုမောင် ၊ ကမာရွတ်)	၀၉-၇၃၂၅၁၈၇
ဖုန်း +၈၅ ၉၁၀၅ ၂၉ ၂၄	(ဗုဒ္ဓဂယာ / စင်္ကာပူ)	ဒေါ်တင်တင်ကြည်	(ခင်နုစွာ ၊ မရမ်းကုန်း)	၀၁-၆၅၅၅၂၀	ဒေါ်ခင်ခင်ညွန့်	(မေသဝတီ ၊ ကမာရွတ်)	၀၉၅၀၆၅၁၀
ဘဒ္ဒန္တ ဒေါက်တာသုမိတ	(မဟာအောင်မြေကျောင်း)	ဒေါ်ပုအောင်	(ဟံသာဝတီ ၊ ဗဟန်း)	၀၁-၃၇၇၅၈၂	ဦးစိုင်းဝင်းမြင့်ဝင့်	(မြင့်မြတ်သချို ၊ ကမာရွတ်)	၀၉၅၀၇၄၁၁၁
ဖုန်း + ၉၁ ၉၉၇၁၄၇၅၇၁၀	(ဗုဒ္ဓဂယာ / အိန္ဒိယ)	ဒေါ်စိုးသီတာဆွေ	(မဟာအောင်ပန်း ၊ ဗဟန်း)	၀၉၅၁၇၅၇၇	ဒေါ်မေသူထက်	(တိုးတိုးရတနာ ၊ ကမာရွတ်)	၀၁-၅၁၀၉၂၅
ဘဒ္ဒန္တ ဒေါက်တာသီလဝံသ	(အလောကာရာမကျောင်း)	ဒေါ်ရီရီသင်း	(ရွှေမြေ ၊ ဗဟန်း)	၀၉၇၃၂၇၇၇	ဒေါ်နီနီဝင်း	(ရွှေမိ ၊ တာမွေ)	၀၁-၅၄၆၀၂၀
ဖုန်း +၆၀ ၃၆၁၅၆၆ ၂၇၃	(မလေးရှား)	ဦးရည်လွင်မင်း	(အောင်မြင်မိုရိ ၊ ဗဟန်း)	၀၉၄ ၂၁၀၆၉၀၈၇	ဦးအောင်ကြီး	(ရွှေလှည်းယဉ် ၊ တာမွေ)	၀၉၅၀၁၀၅၈
ဘဒ္ဒန္တ နာရဒ	(အောင်ချမ်းသာကျောင်းတိုက်)	ဒေါ်ချယ်ရီ	(ချယ်ရီတိုး ၊ ရန်ကင်း)	၀၉၅၁၂၀၀၉	ဒေါ်ခိုင်ဝင်းသူ	(မာတင် ၊ တာမွေ)	၀၉၅၀၆၁၄၉
ဖုန်း ၀၉၇၃၁၀၅၂၇	(ကမာရွတ် ၊ လှိုင်)	ဒေါ်ကြည်ကြည်မြင့်	(ရွှေမဟာ ၊ စမ်းချောင်း)	၀၁-၅၃၂၀၈	ဒေါ်မြ	(ဓနီလွင်ကုန်း ၊ ရန်ကင်း)	၀၉၅၁၀၅၂၉
ဘဒ္ဒန္တ ဝဏ္ဏသာရ	(ဗြဟ္မဝိဟာရကျောင်း)	ဒေါ်မြင့်မြင့်အေး	(မွေးမိ ၊ စမ်းချောင်း)	၀၉၂၀၄၉၁၉	ဒေါ်မြင့်မြင့်နှယ်	(မေတ္တာသုန် ၊ ဗိုလ်တထောင်)	၀၉၆၀၉၀၁၁
ဖုန်း ၀၉၄၃၀ ၂၀၆၂	(မြောက်ဥက္ကလာပ)	ဦးသန်းဆွေ	(ရွှေသမိုင်လှောင် ၊ စမ်းချောင်း)	၀၁-၅၁၀၀၅	ဒေါ်ပွင့်ပွင့်ဆွေ	(မြတ်မေ ၊ လှိုင်)	၀၉၅၁၀၅၁၀
ဦးမျိုးမင်းတင်ထွန်း+ဒေါ်တင်တင်မိုး (ရန်ကုန်)		ဒေါ်အေးအေးမြင့်	(ရတနာမိုး ၊ သာကေတ)	၀၉၇၃၀၂၃၇	ဦးမောင်မောင်အေး	(မဟာတိုး ၊ သင်္ဃန်းကျွန်း)	၀၉၄၃၀၆၃၃
Moe & More Co., Ltd.		ဦးဇော်ဝင်း	(လယ်ကီးဆိုင်းဝင် ၊ သာကေတ)	၀၉၇၃၀၄၇၁	ဒေါ်မို့မို့ဝင်း	(မိုင်းဆုံလှုံဝ ၊ သာကေတ)	၀၉၅၁၀၆၀၅
ဖုန်း- ၀၉၅၁၁၇၅၂၅ ၊ ၀၉-၅၁၉၈၉၃၁							

မှုးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ ဗြဟ္မဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၃၃၂၀၄၁၇၂

အမြန် ရောင်းမည်

[illegible]	(2800sqft)	2RC	5700L
[illegible]	(80x55)	မြေ	3600L
[illegible]	(60x55)	မြေ	3500L
[illegible]	(60x80)	မြေ	3350L
[illegible]	(50x50)	2RC	2600L
[illegible]	(40x60)	1RN	1750L
[illegible]	(52x40)	မြေ	1500L
[illegible] Condo	(1900sqft)	Lift	1700L
[illegible]	(12'x50')	(G+1)	900L

☎ : 582742, 559320, 📱 : 09 5060940, 09 50609538

အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅၁၄/၅၁၈)၊ Penthouse၊ ကုန်သည်လမ်း၊ (၆)ရပ်ကွက်တွင် တည်ရှိသော တိုင်းရင်းမေဆောက်လုပ်ရေးအဖွဲ့- ဦးသိန်းထိုက်ဦး (ကန်ထရိုက်တာ အကြီးတန်းလိုင်စင်အမှတ်(LC-312) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ ဒေါင်းမင်းလမ်း၊ အမှတ်(၂၂၅/၁) နှင့် (၂၂၅/၂)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၂၂၅/၁)နှင့် (၂၂၅/၂) နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်ပေါ်၌ ဓာတ်လှေကား(၁)စင်းပါဝင်မည့် အထပ်မြင့် အဆောက်အအုံ(၁)လုံး ဆောက်လုပ်ရန်အတွက် ပိုင်ရှင်များဖြစ်ကြသော ဒေါ်ခင်မူ၊ ဦးဝေဖြိုးဟန်နှင့် တိုင်းရင်းမေ ဆောက်လုပ်ရေးအဖွဲ့-ဦးသိန်းထိုက်ဦးတို့သည် ၂၀-၂-၂၀၁၄ ရက်၌ အခန်းပေး/ယူစနစ်ဖြင့် အဆောက်အအုံအသစ် ဆောက်လုပ်မည့် သဘောတူညီမှု ကတိစာချုပ်တစ်ရပ်ကို တရားဝင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါသောကြောင့် ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မူ၊ ဦးဝေဖြိုးဟန်တို့သည်လည်းကောင်း၊ လုပ်ငန်းလက်ခံသူ (ကန်ထရိုက်တာ)သည်လည်းကောင်း မိမိတို့ချုပ်ဆိုခဲ့သော စာချုပ်ပါစည်းကမ်းချက်များအတိုင်း အဆင့်အလိုက် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေဝင်း
(တရားလွှတ်တော်ရှေ့နေ) ၄၉၄၃
တိုက်(၅)၊ အခန်း(၆)၊ ဘုရင့်နောင်အိမ်ရာ၊ (၁၁)လမ်း၊ ၃ရပ်ကွက်၊ လှိုင်မြို့နယ်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇/၃၀၀၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

၂၆-၃-၂၀၁၄ရက် ကြေးမုံသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၂၂)တွင် လွှဲအပ်ညွှန်ကြားချက်အရဟု ဦးမျိုးမြင့်(စဉ်-၅၇၀၃) ဒေါ်သီတာအောင် (စဉ်-၉၀၈၅) တရားလွှတ်တော်ရှေ့နေတို့၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၈/ကရပ်ကွက်၊ မာဃလမ်း၊ အမှတ်-၉/၁၅၃/၉/၁၃၃ နေ ဦးခိုင်ဇော်လင်း[၁၂/တမန(နိုင်)၁၁၉၅၄၃]နှင့် ဦးဝင်းသိန်း[၈/မကန(နိုင်)၁၀၃၃၆၄] (New Generation Construction)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

ကန်ထရိုက်တာ ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် အင်ဂျင်နီယာဌာနတွင် ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့ မြေကိုတိုက်သစ်ဆောက်လုပ်ရန် အိမ်ဟောင်းဖျက်ခွင့်ပြုအမိန့်နှင့် ဆောက်လုပ်ခွင့်အမိန့်များ လျှောက်ထားဆဲ ကာလဖြစ်ပါသည်။ ယခုအချိန်တွင် ၈/က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြော်ငြာဆိုင်းဘုတ်ဖြင့် စည်းကမ်းချက်များ ဖော်ပြကြော်ငြာထားချက်အရ ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့မြေပိုင်ဆိုင်မှုမှာ အရပ်စာချုပ်ဖြင့်သာရှိနေသဖြင့် (၅)ထပ်ဆောက်လုပ်ခွင့်မရနိုင်ပါ။ (၃)ထပ်သာခွင့်ပြုမည်ဖြစ်၍ မြေရှင်နှင့်ကန်ထရိုက်တာတို့ ထပ်မံညှိနှိုင်းရမည့်အခြေအနေတွင် ညှိနှိုင်းပြောဆိုမှုမရှိသည့်အပြင် နှစ်ဦးသဘောတူချုပ်ဆိုထားသော ၅-၂-၂၀၁၄ ရက်စွဲပါ စာချုပ်၏ အပိုဒ်(၇)တွင် ဖော်ပြထားသောမြေရှင်အိမ်ရှင်သည် အဆောက်အအုံဟောင်းမှ ဖယ်ရှားပေးရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အင်ဂျင်နီယာဌာန)ခွင့်ပြုမိန့်ကျမှသာ ဖယ်ရှားပေးရန်ဖြစ်ပါသည်ဟု အိမ်ရှင်နှင့် ကန်ထရိုက်တာနှစ်ဦးနှစ်ဖက်အား အခက်အခဲမဖြစ်စေရန် ချုပ်ဆိုပေးခဲ့သည်ကိုပင်လျှင် မျက်ကွယ်ပြုလျက် ဓမ္မဝိဟာရ ကျောင်းရှေ့ကန်ထရိုက်တာများ၏ လုပ်ငန်းခွင်သို့ ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့ ရောက်ရှိလာပြီး ငွေကျပ်(၃၂)သိန်း ပြန်ပေးမည်။ ဆောက်လုပ်ခွင့်မပြုနိုင်တော့ပါ။ စာချုပ်ကို ဖျက်သိမ်းမည်ဟုပြောဆို၍ တစ်ဖက်သတ် ပြောဆိုဖျက်သိမ်းခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိပါသဖြင့် လက်ခံခွင့်မပြုကြောင်း သိစေလိုပါသည်။ အကယ်၍ အခြားသောကန်ထရိုက်တာတစ်ဦးနှင့် ဆက်လက်ဆောက်လုပ်ရန် စီစဉ်ပါက ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့က ကန့်ကွက်မည်ဖြစ်ပြီး လိုအပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်တင် (LL.B)	**ဒေါ်ဖြူပွင့်နိုင်(LL.B)**	**ဒေါ်စုဝေဖြိုး(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၃၂)	**(စဉ်-၂၉၃၉၇)**	**(စဉ်-၄၁၃၈၆)**

ဖုန်း-၀၉-၇၃၁၄၇၅၂၉ အထက်တန်းရှေ့နေများ
အမှတ်(၅)၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇-B၊ မြေကွက်အမှတ်၁/ခ၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ဒေါ်မေလီယာဆင်၊ ဒေါ်မြမြဆင်)အမည်ပေါက်မြေပိုင်မြေအားအမည်ပေါက် ဒေါ်မေလီယာဆင်၊ဒေါ်မြမြဆင်တို့အနက် ဒေါ်မြမြဆင် ကွယ်လွန်ထံမှ အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၈၉၊ရန်ကုန်တိုင်းတရားရုံးတရားမ အထွေထွေမှုအမှတ်-၃၄၉/၂၀၀၅ အရ သေတမ်းစာအတည်ပြုချက်လက်မှတ်ဖြင့် ဧရိယာ(၀.၆၁)ဧကရှိ မြေကွက်နှင့်အကျိုးခံစားခွင့်တစ်ဝက်ကို ပိုင်ဆိုင်လာသူ ဒေါ်နီနီသောင်း[၁၂/အစန(နိုင်)၀၂၈၇၃၄]ကကွယ်လွန်သူ အမည်ပေါက် ဒေါ်မြမြဆင်ကိုယ်စား အမည်ပြောင်းလဲထည့်သွင်းပေးပါရန် အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-သကမ ၁၄၊ မြေကွက်အမှတ်(၇၆၄)၊ မြေကွက်တည်နေရာအမှတ်(၇၆၄)၊ ဦးလှမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမြင့်ထံမှ အရပ်ကတိအရောင်းစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်အုန်းမြင့်[၁၂/ကမတ(နိုင်)၀၃၅၈၈၉]က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါသည်

LEONG LAI GIN [၁၂/ကမရ(ပြ)၀၀၀၀၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ ၁၁ (ကမာရွတ်)၊ လူနေရပ်ကွက်၊ မြကန်သာအိမ်ရာ၊ မြေကွက်အမှတ်-၂၇၅/ခ၊ ဧရိယာ(၀.၀၅၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် တည်ရှိသောအမှတ်(၂၇၅/ခ)၊ ယုဇနလမ်း၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သောနေအိမ်၊ ကြိုးဖုန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိပိုင်ဆိုင်ထားရှိသူ ဦးဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၇၆၁၁၇]ထံမှ LEONG LAI GIN [၁၂/ကမရ(ပြ)၀၀၀၀၀၄]ကဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါအိမ်အပါအဝင် မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ(၁)လအတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

၂၀-၃-၂၀၁၄ရက်စွဲဖြင့် ကြေးမုံသတင်းစာပါ ဉးဇောတိပါလ [၇/ပခန(သ)၀၁၁၂၀၉]၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၉ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမပေါ်တွင် မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ကမာရွတ်၊ ဦးပိုင်အမှတ်(၇၃/စီ)၊ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၀/၄၃)ဟုခေါ်တွင်သော အဆောက်အအုံများမှာ ကွယ်လွန်သူ အမွေရှင်(ဒေါ်လက်ချ်မီးအမားလ်)ကျန်ရစ်သောအမွေဆိုင်ပစ္စည်းဖြစ်ပြီး အမွေရှင်(ဦးနာရာယနာဆမိပိလေး၊ ဒေါ်လက်ချ်မီးအမားလ်၊ ဒေါ်နာရပ်စ်အမား)တို့တွင် သားသမီးများအဖြစ် (၁) RN စူပရာမန်းနီးပီးလေး၊ (၂) ဒေါ်နီလာချီအမား၊ (၃) ဒေါ်ကွန်ဂျမားတို့ ထွန်းကားခဲ့ပြီး ယခုအခါ ၎င်းတို့မောင်နှမ(၃)ဦးလုံး ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့(၃)ဦးမှ မွေးဖွားသော သားသမီးမြေးမြစ်များမှာ အမွေဆိုင်များ ဖြစ်ကြသဖြင့် (RN စူပရာမန်းနီးပီးလေး)၏ သားသမီးမြေးများမှ အခြားအမွေဆိုင်များ၏ ခွင့်ပြုချက်၊ သဘောတူညီချက်မရဘဲ အမွေဆိုင်ပစ္စည်းအား မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးမျိုးအောင် (ခ) ဦးသီကဝလီ (ဒေါ်နီလာချီအမား၊ ဒေါ်ကွန်ဂျမား)တို့၏
သား၊ သမီး၊ မြေးမြစ်များ
(အမှတ်-၄/၂/၁၉)၊ ကံဘဲ့ဘူတာရုံလမ်း၊ ၁၁ရပ်ကွက်၊ ရန်ကင်းမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်အမှတ်-အောင်မေတ္တာလမ်းသွယ်(၄)၊ အမှတ်(၂၁၁)၊ ပေ(၂၃×၄၀) အကျယ်အဝန်းရှိမြေကွက်သည် လှိုင်မြို့နယ်၊ (၁/၆/၉)ရပ်ကွက်များ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးခြင်းခံရသော မြေကွက်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်ကြွယ်(ISN-၄၉၆၀၁၅)ဖြစ်ပါသည်။ ဒေါ်ကြွယ်ထံမှ အဆင့်ဆင့်တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူ ဦးအောင်ကျော်မျိုး[၁၃/ရစန(နိုင်)၀၀၀၁၅၇]ထံမှ ဒေါ်စိုးစိုးသီ[၇/ကဝန(နိုင်)၀၉၃၃၇၁]၊ ကဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်
ဖုန်း-၀၉-၅၁၈၁၈၂၀

[illegible]

ရန်ကုန်စီးပွားရေးတက္ကသိုလ်
မဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၄-၂၀၁၅)ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)

(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)

(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS)

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူ မဖြစ်စေရ။

(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၇-၄-၂၀၁၄ ရက်မှ ၇-၅-၂၀၁၄ ရက်အထိ ရယူပြီး ၇-၅-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) MBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

(ခ) MPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန(အခန်း-၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း

(ဂ) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန(အခန်း- ၁၀၆)၊ ရန်ကုန်စီပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၄ ခုနှစ်၊ မေလ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်-

(က) MBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

(ခ) MPA နှင့် MDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းအမှတ်-(MBA- ၆၆၀၇၃၆၊ ၆၆၄၆၈၄)၊ (MPA-၅၁၂၆၃၃)၊ (MDevS- ၅၁၀၂၁၃)(ရုံး-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆) တို့တွင် အသေးစိတ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်- ၁
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၄-၂၀၁၅)ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးပညာဒီပလိုမာ (DES)

(ခ) စာရင်းအင်းပညာဒီပလိုမာ (DS)

(ဂ) စီမံအုပ်ချုပ်မှုပညာဒီပလိုမာ (DMA)

၂။ အဆိုပါဘွဲ့လွန်ဒီပလိုမာ သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူ မဖြစ်စေရ။

(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) သင်တန်းများသို့ အစိုးရဌာနများမှ ဘွဲ့ရအရာထမ်းများအပြင် ပြင်ပ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်သည်။

(င) ၁-၆-၂၀၁၄ ရက်တွင် အသက်(၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) ကျောင်းသားရေးရာဌာနတွင် ၇-၄-၂၀၁၄ ရက်မှ ၇-၅-၂၀၁၄ ရက်အထိ ရယူပြီး ၇-၅-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၄ ခုနှစ်၊ မေလ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)၌ ကျင်းပပါမည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းအမှတ်-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆၊ ၆၆၀၇၃၆၊ ၆၆၄၆၈၄ တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်- ၁
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(Open Tender) ခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) ၂၃၀/၆၆/၁၁ ကေဗွီ၊ (၂×၅၀)အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံပစ္စည်းများ

(၂) ၂၃၀/၆၆/၁၁ ကေဗွီ၊ (၂×၅၀)အမ်ဗွီအေ ကလေးဓာတ်အားခွဲရုံပစ္စည်းများ

(၃) ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေ ကော့ကရိတ်ဓာတ်အားခွဲရုံပစ္စည်းများ

(၄) မော်လမြိုင်ဓာတ်အားခွဲရုံတွင် 230 KV Switch Bay(2) Nos တိုးချဲ့ရန်

တင်ဒါပုံစံရောင်းချမည့်ရက်	-	၇-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်	-	၆-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် တရုတ်ကုန်သည်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် "တရုတ်ကုန်သည်များဖလား"စားပွဲတင်တင်းနစ်ပြိုင်ပွဲ ၂၀၁၄ အတွက် ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်ခြင်း

ပြိုင်ပွဲအမျိုးအစား	-	အလွတ်တန်းပြိုင်ပွဲ
	၁။	အမျိုးသားအသင်းလိုက်ပြိုင်ပွဲ
	၂။	အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ
	၃။	အမျိုးသား(၂)ယောက်တွဲပြိုင်ပွဲ
	၄။	အမျိုးသမီး(၂)ယောက်တွဲပြိုင်ပွဲ
	၅။	အမျိုးသား၊ အမျိုးသမီး(၂)ယောက်တွဲပြိုင်ပွဲ
	၆။	အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ
	၇။	အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ
ကျင်းပမည့်ရက်စွဲ	-	၁-၅-၂၀၁၄ ရက်(ကြာသပတေးနေ့)
ကျင်းပမည့်နေရာ	-	တရုတ်ကုန်သည်များအသင်း (၃)ထပ်မင်္ဂလာခန်းမ
စာရင်းပေးသွင်းရမည့်နေရာ	-	မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် (အမျိုးသားရေကူးကန်)
	-	တရုတ်ကုန်သည်များအသင်း(အမှတ်-၁/၅)၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
နောက်ဆုံးစာရင်းပေးသွင်းရမည့်ရက်	-	၂၆-၄-၂၀၁၄ ရက်(စနေနေ့)

အသေးစိတ်သိရှိလိုပါက ဦးဝိစာရလမ်း၊ အမျိုးသားရေကူးကန်ဝင်း၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၈၇၉၉၅၊ ၃၈၇၉၉၄(သို့မဟုတ်)တရုတ်ကုန်သည်များအသင်း ဖုန်း-၂၄၆၀၇၆၊ ၃၇၁၅၄၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

POSITIVE TRAVEL & TOURS CO., LTD

(5 stars Hotel) (50 tickets)

09-31341196

E-mail : contacts@positivetravelmyanmar.com

http://www.positivetravels.com

ဝယ်လိုသည်

မှဒိတာ(၁) (၂) သမိုင်း-အင်းစိန် တိုက်ခန်း ရောင်း၊ ဝယ်၊ ငှား

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၁၀၂၁၃၈
မသင်း-၀၉-၃၀၂၈၄၆၆၁

ဝယ်လိုသည်

- ကားအပ်ပြီး စလစ်၊
- စ၊ ဆ၊ မှ၊ အ၊ ၁က၊ အထိ အပ်ကား၊

Ph:09-448007377

အမြန်ရောင်းမည်

မြောက်ဒဂုံ၊ (၃၅)ရပ်ကွက်၊ စောလှဘော်လမ်း၊ ပေ(၂၀ × ၆၀) ကိုယ်ပိုင်ဂရန်၊ ရေ၊ မီး၊ မော်တာ၊ အိပ်ခန်း(၂)ခန်း၊ ဧည့်ခန်း၊ ဘုရားခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ အိမ်အကျယ်ပေ(၁၈ × ၅၀) သစ်၊ အုတ်ညှပ်ရောင်းမည်။

Ph:09-5080336

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍(နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မိဘအမည်မှန်

မော်လမြိုင်မြို့၊ အလက(၇)၊ သတ္တမတန်း(B)မှ မောင်ဝိုင်းချစ်ဦး၏ မိဘအမည်မှန်မှာ ဦးတင်အေး[၁၀/မလမ(နိုင်)၁၅၆၈၈၃] နှင့် ဒေါ်သန္တာမိုး[၁၂/လမန(နိုင်)၁၂၅၁၃၀] ဖြစ်ပါကြောင်း။ **ဦးတင်အေး၊ ဒေါ်သန္တာမိုး**

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၃-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးအေးမင်းသိန်း မှတ်ပုံတင်အမှတ်[၉/မနတ(နိုင်)၀၄၂၆၆၅]အစား [၅/ယမပ(နိုင်)၀၆၁၂၈၅]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မိုး

Myanmar Book Centre

(Supplying the World's Knowledge)

New Year Sales & Book Club

Amazing Price Upto 70% Discount

Myanmar Book Centre

Book Club

New Year Sales

Member – 15% Non-Member – 10 % discount

Book Club

(Up to 70% discount)

Catalogue

Catalogue Order

(၇၀% ...)

Contact:

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-(၇၀၁)၊ မြေကွက်တည်နေရာအမှတ်(၂၀)၊ ဘုရင့်နောင်(၉)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ဦးပေါ်ကြွယ်-ဒေါ်တင်နု အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးပေါ်ကြွယ်(ဖခင်)-ဒေါ်တင်နု(မိခင်)တို့ကွယ်လွန်သဖြင့် ၁။ဦးထွန်းရီ[၁၂/သကတ(နိုင်)၁၁၆၁၉၁]၊ ၂။ဒေါ်နှင်းရီ[၁၂/သဃက(နိုင်)၀၈၉၂၃၉]၊ ၃။ဒေါ်နွဲ့ရီ[၁၂/သဃက(နိုင်)၀၈၉၂၄၀]၊ ၄။ဒေါ်ခင်ဝင်း[၁၂/သဃက(နိုင်)၀၈၈၀၀၁]၊ ၅။ဦးစန်းလွင်[၁၂/သဃက(နိုင်)၀၈၈၉၂၅]၊ ၆။ဦးခင်သိန်း[၁၂/သဃက(နိုင်)၀၈၈၃၂၆]၊ ၇။မသန်းသန်းထွေး[၁၂/သဃက(နိုင်)၀၈၅၇၅၃] တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ကြေညာချက်

စင်တင်တေးဂီတ ဖျော်ဖြေပွဲများတွင် အသုံးပြုသောတေးသီချင်းအား (Songs)နှင့် တေးဂီတသံများ(Recordings)အတွက် ကောက်ခံမည့်စနစ်အား အသိပေးကြေညာခြင်း။

မြန်မာနိုင်ငံအတွင်း ပြုလုပ်ကျင်းပလျက်ရှိသော စီးပွားဖြစ် တေးဂီတဖျော်ဖြေပွဲများတွင် တေးသီချင်းများနှင့် တေးဂီတသံများအား စနစ်တကျ အသုံးပြုနိုင်ရန်နှင့် သက်ဆိုင်ရာအနုပညာရှင်၊ အတတ်ပညာရှင်ထုတ်လုပ်သူများ၏ မူပိုင်ခွင့်နှင့်ဆက်စပ်အခွင့်အရေးများအတွက် ထိုက်သင့်သည့် အနုပညာကြေးများအား ကောက်ခံကာ သက်ဆိုင်ရာအနုပညာရှင်၊ အတတ်ပညာရှင်များအား ကောက်ခံကာ သက်ဆိုင်ရာအနုပညာရှင်၊ အတတ်ပညာရှင်များအား ပြန်လည်ခွဲဝေပေးမည့် အောက်ပါလုပ်ငန်းစဉ်များအား အသိပေး ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ဤထုတ်ပြန်ကြေညာချက်ပါ စီးပွားဖြစ် ဖျော်ဖြေပွဲများဆိုသည်မှာ
- (က) လက်မှတ်ရောင်းချသောစင်တင်ဖျော်ဖြေပွဲများ
- (ခ) လက်မှတ်ရောင်းချသော တေးသီချင်းဖျော်ဖြေမှု ပြုလုပ်သည့် ဇာတ်သဘင်ပွဲများ
- (ဂ) လက်မှတ်မရောင်းချသော်လည်း စီးပွားရေးလုပ်ငန်းများ အကျိုးအလို့ငှာ ဖော်ဆောင်သောဖျော်ဖြေပွဲများ၊ သီချင်းဆိုပြိုင်ပွဲများ ပါဝင်ပါသည်။

၂။ အလှူ မင်္ဂလာဆောင်၊ လူမှုရေး၊ ဘာသာရေးပွဲများ၊ ကုမ္ပဏီ/အဖွဲ့အစည်း ညစာစားပွဲများ စသည့်အခမဲ့ဖျော်ဖြေပွဲများသည် ယခုကြေညာချက်နှင့် မသက်ဆိုင်ပါ။

၃။ ယခုသတ်မှတ်သည့် မူပိုင်ခွင့်နှင့် ဆက်စပ်အခွင့်အရေးများအတွက် အသုံးပြုခများ ပေးချေရမည့်သူမှာ စီးပွားဖြစ် စီစဉ်တင်ဆက်သည့် အဓိကပွဲစီစဉ်သူ ကန်ထရိုက်မှသာ ပေးချေရမည်ဖြစ်ပြီး သီဆိုသူ၊ တီးခတ်သူ စသည့်အနုပညာရှင်များမှ တစ်ဆင့်ပေးချေခြင်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွားပါမည်။

၄။ ပေးချေရမည့်နည်းလမ်းမှာ ပွဲစီစဉ်နေစဉ်ကာလအတွင်း မြန်မာနိုင်ငံဂီတအစည်းအရုံး၌ ပွဲပါမစ်ထောက်ခံချက် လာရောက်တောင်းခံချိန်တွင် ခန့်မှန်းတေးသီချင်း အပုဒ်ရေ(၂၀)အတွက် စပေါ်ငွေကြိုတင်ပေးသွင်းထားရမည်ဖြစ်ပါသည်။ ဖြစ်နိုင်ပါက သီဆိုမည့် လျာထားသီချင်းစာရင်းကိုပါ တစ်ပါတည်းထည့်သွင်းပေးရပါမည်။

၅။ ပွဲကျင်းပပြီး တစ်ပတ်အတွင်း သီဆိုသူအမည်များနှင့် သီဆိုခဲ့သည့် သီချင်းစာရင်းများအား အတိအကျတင်ပြ၍ ငွေကြေးကျသင့်မှုများအား မြန်မာနိုင်ငံဂီတအစည်းအရုံးတွင် ဆက်လက်ရှင်းလင်းသွားရပါမည်။ (မူပိုင်ခွင့်နှင့် ဆက်စပ်အခွင့်အရေးများအတွက် ကြိုတင်ပေးချေပြီးပါကလည်း သက်ဆိုင်အနုပညာရှင် အတတ်ပညာရှင်တို့၏ လက်မှတ်များပါ တစ်ပါတည်း တင်ပြရှင်းလင်းသွားရန် ဖြစ်ပါသည်။)

၆။ သီချင်းစာရင်းများတင်ပြရာတွင် မရိုးဖြောင့်သော သဘောဖြင့် ထိမ်ချန်သည်ကို တွေ့ရှိပေါ်ပေါက်ပါက ဂီတအစည်းအရုံးအနေဖြင့် ၎င်းပွဲစီစဉ်သူ ကန်ထရိုက်အား နောက်နောင်ထောက်ခံချက်များထုတ်ပေးသွားမည်မဟုတ်ဘဲ သက်ဆိုင်ရာ အနုပညာရှင် အတတ်ပညာရှင်များ ကျေနပ်သည်အထိ ပွဲစီစဉ်သူ ကန်ထရိုက်မှ ဖြေရှင်းပေးရမည်ဖြစ်ပါသည်။

၇။ ယခုလျာထားသတ်မှတ်သော နှုန်းထားများအား မလိုက်နာလိုပါက မိမိတို့သက်ဆိုင်ရာ အနုပညာရှင်၊ မူပိုင်ခွင့်ပိုင်ရှင်၊ ဆက်စပ်အခွင့်အရေးပိုင်ရှင်များနှင့် ကြိုတင်၍ တိုက်ရိုက်ညှိနှိုင်းဆွေးနွေးပေးချေနိုင်ပါသည်။ ၎င်းသဘောတူညီချက်များအား မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ပွဲပါမစ်ထောက်ခံချက်ယူသည့်အခါတွင် တစ်ပါတည်းတင်ပြရပါမည်။ (သက်ဆိုင်ရာ ရေး၊ ဆို၊ တီး၊ ဖမ်း၊ ထုတ် စသည့်မူပိုင်ခွင့် ဆက်စပ်အခွင့်ရေးပိုင်ရှင်များ၏ မူရင်းလက်မှတ်များကို ဆိုလိုပါသည်။

၈။ အနုပညာရှင်များအနေဖြင့်လည်း ယခုကြေညာချက်တွင်ပါဝင်သော လုပ်ငန်းစဉ်များနှင့် နှုန်းထားများကို သဘောတူညီမှုမရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် ဆောင်ရွက်လိုပါက မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ကြိုတင်အကြောင်းကြားရန် လိုအပ်ပါသည်။

မဟာအတာသင်္ကြန်အတွင်း စင်မြင့်ဖျော်ဖြေပွဲများတွင် မူပိုင်ခွင့်နှင့်ဆက်စပ်အခွင့်အရေးများအတွက် အနုပညာကြေးများ ကောက်ခံမည့် အစီအစဉ်အား အသိပေးကြေညာခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မဟာအတာသင်္ကြန်ကာလအတွင်း ကျင်းပမည့်စင်မြင့်ဖျော်ဖြေပွဲများတွင် သီဆိုဖျော်ဖြေရာတွင် အသုံးပြုမည့် တေးသီချင်းများအတွက်လည်းကောင်း၊ တေးဂီတသံများအတွက်လည်းကောင်း မူပိုင်ခွင့်နှင့် ဆက်စပ်အခွင့်ရေးများအား မြန်မာနိုင်ငံဂီတအစည်းအရုံးမှ စနစ်တကျကောက်ခံ၍ သက်ဆိုင်ရာအနုပညာရှင်၊ အတတ်ပညာရှင်များ၊ မူပိုင်ခွင့်ပိုင်ရှင်များအား ခွဲဝေပေးသွားမည်ဖြစ်ပါသည်။ သို့ပါသောကြောင့် ၎င်းဖျော်ဖြေပွဲများအား စီစဉ်မည့်သူများ ရုပ်သံလိုင်းများမှ ရိုက်ကူးထုတ်လုပ်မည့် တာဝန်ရှိသူများနှင့် ဖျော်ဖြေရေးမဏ္ဍပ်ပြုလုပ်မည့်သူများအနေဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ကြိုတင်ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အကြောင်းကြားကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

မူးယစ် ကင်းစင် အလှဆင်

ဂုဏ်ယူဝမ်းမြောက်ခြင်း

သားလေး **အောင်ဇင်ဖြိုးသိန်း**သည် ၈-၃-၂၀၁၄ ရက်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ University of Westminster ၌ IELTS (Academic)Test အား ဝင်ရောက်ဖြေဆိုရာ Listening 9/Reading 9/Writing 8/Speaking 8.5 (Overall Band 8.5)ဖြင့် နိုင်ငံတကာ ကျောင်းသားများထဲ၌ မြန်မာ့ဂုဏ်ဆောင်နိုင်ခဲ့သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

အဘိုးအဘွားများ
(ဒု-ဗိုလ်မှူးကြီးလှမောင်)-ဒေါ်ဥဥခင်
ဦးခင်မောင်သိန်း-ဒေါ်စုစုသိန်း

မိဘများ
ဦးထွန်းထွန်း-ဒေါ်မာလာသိန်း
သုဝဏ္ဏ

ဒေါက်တာရာဂျာ၊ အက်(စ်)ရာမာနာသာ၊ ရက်ဒီးယားဘုရားကျောင်းဂေါပကအဖွဲ့၏ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလှထွန်း(B.A.,R.L)၏ ၂၃-၃-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၂)ပါ ကြေညာ ကန့်ကွက်ခြင်းအပေါ် ရှင်းလင်းချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားသော သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ ဥက္ကဋ္ဌ၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းပါသည်။

အထက်ရည်ညွှန်းပါ တရားလွှတ်တော်ရှေ့နေ ဦးလှထွန်း(B.A.,R.L)၏ကြော်ငြာတွင် ဖော်ပြထားသော ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဈ)၊ (ဒုတိယတန်းစားမြေ)၊ဧရိယာ(၉၄ပေ ၆လက်မ ×ပေ ၁၀၀)ရှိ အမှတ်(၅၈/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်းမြေသည် ပြည်ထဲရေးဝန်ကြီးဌာနက ဥပဒေနှင့်အညီ အရှေ့ပိုင်းခရိုင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးပြီး ပြည်သူ့ပိုင်သိမ်းပြီးသောမြေဖြစ်ကြောင်း ၁၂-၆-၂၀၁၃ရက်စွဲပါ စာအမှတ် ၂၀၀/၂-၁၆၅(ဝ၅)/ရေး ၃(၃၀၈)အရ ပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေသည် ယခင်ကစွမ်းအင်ဝန်ကြီးဌာန၏ ဓာတ်ဆီဆိုင်အမှတ်(၀၂၁၇)နေရာဖြစ်ပါသည်။ ယင်းဓာတ်ဆီဆိုင်သည် ၁၉၆၃ခုနှစ်၊ အောက်တိုဘာလ ၆ ရက်တွင် တော်လှန်ရေးကောင်စီအစိုးရက Burmah Oil Company Ltd.(UK)(BOC)အား ပြည်သူပိုင်သိမ်းခဲ့ရာ ယင်းနေရာတွင် ယင်းဓာတ်ဆီဆိုင်သည် ထိုစဉ်ကတည်းက ယနေ့အထိ လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော် ယခင်အစိုးရဌာနအဆက်ဆက်တို့သည် မိမိတို့၏ကိုယ်ပိုင်အဖြစ် မိမိတို့၏စိတ်တိုင်းကျ စီမံခန့်ခွဲသုံးစွဲခဲ့သဖြင့် တရားလွှတ်တော်ရှေ့နေ ဦးလှထွန်း၏အဆိုမှန်ကန်သည်ဖြစ်စေဦး၊ သို့သော်လည်း ကာလစည်း သတ်မှတ်ကျော်လွန်နေပြီး ဂေါပကအဖွဲ့၏အခွင့်အရေးဆိတ်သုဉ်းသွားပြီဖြစ်ပါသည်။

ယင်းနေရာကို ကျွန်ုပ်၏အမှုသည်တို့က တရားဥပဒေနှင့်အညီ စွမ်းအင်ဝန်ကြီးဌာနအား မြေအစားပေးပြီး နှစ်ပေါင်းများစွာကတည်းက လက်ရောက်ရယူသုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်အတွင်း ဒေါက်တာရာဂျာ၊ အက်(စ်)ရာမာနာသာ၊ ရက်ဒီးယားဘုရားကျောင်းဂေါပကအဖွဲ့သည် မည်သည့်အခါကမျှ မိမိတို့တွင် အခွင့်အရေးရှိကြောင်း၊ နိုင်ငံတော်အစိုးရထံ တင်ပြပြီး မြေကို မိမိတို့အား လက်ရောက်ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ဖူးကြောင်း ကျွန်ုပ်၏အမှုသည်က မကြားမိပါ။

ထို့အပြင် အချင်းဖြစ်မြေသည် ယခင်အစိုးရဌာနအသီးသီးက လက်ရောက်ရယူသုံးစွဲခဲ့ပြီး၊ ယခုကျွန်ုပ်၏အမှုသည် သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ လက်ဝယ်ရှိမြေဖြစ်သဖြင့် ကျူးကျော်သည်ဟူသော အသုံးအနှုန်းမှာလည်း မှန်ကန်မှုမရှိပါ။

ယင်းမြေကို ကျွန်ုပ်၏အမှုသည်ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့်သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း အဆောက်အအုံဆောက်လုပ်ခွင့်ချထားပေးခြင်းဖြစ်ပါသည်။

ထို့ကြောင့်ဒေါက်တာရာဂျာ၊ အက်(စ်)ရာမာနာသာ၊ ရက်ဒီးယားဘုရားကျောင်းဂေါပကအဖွဲ့ပိုင်မြေဖြစ်သည်ဆိုခြင်းမှာ မှန်ကန်မှုမရှိပါ။ မြေပုံတွင် အမည်ပေါက်ရုံဖြင့်ပိုင်ရေးဆိုင်ခွင့်အလိုအလျောက်ရှိမလာပါ။ အကယ်၍ဂေါပကအဖွဲ့က မိမိတို့တွင် အခွင့်အရေးတစ်စုံတစ်ရာရှိသည်ဟုယူဆပါက သက်ဆိုင်ရာဌာနတွင် မိမိတို့၏အခွင့်အရေးကို အရေးဆိုရန်ရှိပါသည်။

ဒေါက်တာရာဂျာ၊ အက်(စ်)ရာမာနာသာ၊ ရက်ဒီးယားဘုရားကျောင်းဂေါပက၏ ဆောင်ရွက်ချက်ကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော အများပိုင်ကုမ္ပဏီဖြစ်သည့် ကျွန်ုပ်၏အမှုသည်အပေါ် အများပြည်သူအထင်အမြင်လွဲမှားစေနိုင်သည့်အပြင် လုပ်ငန်းကို ဟန့်တားနှောင့်ယှက်ရာရောက်သဖြင့် နောင်တွင် ယခုကဲ့သို့ ဆောင်ရွက်လာပါက ဥပဒေကြောင်းအရ အရေးယူနိုင်ရေးဆောင်ရွက်ရလိမ့်မည်ဟု သတိပေးလိုက်သည်။

ဦးမင်းစိန်
တရားလွှတ်တော်ရှေ့နေ(၁၆၉၉)
(၇)ထပ်၊ ပန်းဆိုးတန်းအော့(ဖ်)တာဝါ၊ (၁၈၉-၁၉၅)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံပြ၊ မြေကွက်အမှတ်(၂၅၉)၊ မြေကွက်တည်နေရာအမှတ်(၂၅၉)၊ စံပြ(၃)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်း၊ ဦးအေးငွေ [၁၂/သဃက(နိုင်)၀၅၃၇၇၀] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးအေးငွေ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်အေးမြင့်[၁၂/သဃက(နိုင်)၀၅၃၇၇၁]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၂-၂၀၁၄ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၅)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ တောင်ဥက္ကလာပမြို့နယ်၊ GP ဦးခင်စိန်၏မြေပုံကူးတွင် ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(U-2)၊ (၃)ရပ်ကွက်၊ မြေကွက်အမှတ်(၄၁၈)၊ ဧရိယာ ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၄၁၈)ဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးကျော်မြင့်(AA-013778)အား ချထားပေးခဲ့ပါသည်။ ဦးကျော်မြင့်မှ အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့်ရောင်းချခဲ့ရာ နောက်ဆုံးဝယ်ယူပိုင်ဆိုင်သူ ဦးထင်အောင်[၉/ပမန(နိုင်)၀၅၇၃၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါမြေကွက် ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာလုံလောက်သော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ငြိမ်းငွေ B.A(Law),LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁)
၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၂၃၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

[illegible] LL.B, LL.M
[illegible] LL.B, D.B.L
B.A (Econ), H.G.P, [illegible] LL.B
Diploma in Business Law [illegible] LL.B, D.B.L
WIPO, D.L.P (Switzerland) [illegible] LL.B
[illegible] LL.B

Golden Family [illegible]

[illegible]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီးကျေးရွာ၊ ရွာလေးပိုင်းနေ မောင်အောင်မျိုးထွန်း[၁၀/ပမန(နိုင်)၁၈၇၀၄၅]သည် မိဘများကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့ခြင်း၊ မိဘများပိုင်ငွေကြေးဥစ္စာပစ္စည်းများကိုလည်းအကြိမ်ကြိမ်ဖြုန်းတီးခဲ့ခြင်း၊ မိဘများဆိုဆုံးမသည်ကို လိုက်နာခြင်းမရှိဘဲ မိဘများအား မချေမငံ၊ မထီမဲ့မြင်၊ ပြောဆိုပြုမူခဲ့ခြင်းတို့အပြင် လွန်ခဲ့သော(၄)လခန့်မှစ၍ ၎င်း၏သဘောအတိုင်း မိဘများနေအိမ်မှ အခြားသို့ ထွက်ခွာသွားပြီး မိဘများနှင့်လည်း လုံးဝအဆက်အသွယ်ပြုလုပ်ခြင်းမရှိသောကြောင့် သားဖြစ်သူ မောင်အောင်မျိုးထွန်း[၁၀/ပမန(နိုင်)၁၈၇၀၄၅]ကို ယနေ့ ၁-၄-၂၀၁၄ ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (နောက်နောင်တွင် မောင်အောင်မျိုးထွန်း[၁၀/ပမန(နိုင်)၁၈၇၀၄၅]နှင့်ပတ်သက်၍မိဘများက တစ်စုံတစ်ရာတာဝန်မယူပါ။)

ဦးရွှေရင်-ဒေါ်ကွန်ငယ် (မောင်အောင်မျိုးထွန်း၏မိဘများ)
ထန်းပင်ချောင်ကြီးကျေးရွာ၊ ရွာလေးပိုင်း၊ ပေါင်မြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉သုဝဏ္ဏ(လုံးချင်း)၊ မြေကွက်အမှတ်(၈၀)၊ မြေကွက်တည်နေရာ အမှတ်-၈၀၊ ခွန်နီ (၁)လမ်း၊ (၂၉)ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဒေါ်ပိုပို အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပိုပို (မိခင်၊ အဘွား)၊ ဦးကြည်မောင် (ဖခင်၊ အဘိုး)နှင့်သားများဖြစ်သော ဦးသန့်ဇင် (လူပျိုကြီးဘဝဖြင့်လည်းကောင်း)၊ ဦးစိုးအောင်၊ ဦးဉာဏ်သိန်းတို့ ကွယ်လွန်သဖြင့် (၁)ဒေါ်ကေသီထွေး[၇/ရတန(နိုင်)၀၀၀၈၇၇]၊ (၂)မောင်မိုးအာကာ[၉/မဟမ(နိုင်)၀၂၂၉၂၂]၊ (၃)မခင်ပပအောင် [၉/မဟမ (နိုင်)၀၂၃၀၃၁]၊ (၄) မောင်ထက်လင်းအောင် (အရွယ်မရောက်သေးသူ)၊ (၅) မောင်စွမ်းထက်အောင် (အရွယ်မရောက်သေးသူ)တို့က အမွေမမီမြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၆၊ မြေကွက်အမှတ်(၂၇၄/က)၊ မြေကွက်တည်နေရာအမှတ်(၂၇၄/က)၊ လက်ဝဲသုန္ဒရ(၂)လမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ (ဒေါ်ငွေရင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ငွေရင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဇင်ဇင်မာ[၁၄/ဇလန(နိုင်)၀၈၃၇၇၀)က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈-E[1]၊ မြေကွက်အမှတ်-၈၀-အေ/၈၊ မြေကွက်တည်နေရာအမှတ်-၂၊ မြသီတာလမ်း၊ စမ်းချောင်း၊ (ဒေါ်ခင်အုံး၊ ဒေါ်ခင်ဆွေ)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အား အမည်ပေါက် ဒေါ်ခင်ဆွေ[၁၂/စခန(နိုင်)၀၂၁၈၆၅]အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်ကြည်[၁၂/စခန(နိုင်)၀၂၂၅၃၂]က တစ်ဦးတည်းသော အစ်မတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ ၎င်းထံမှ GP ရရှိသူ ဦးနိုင်ဝင်း[၁၂/စခန(နိုင်)၀၂၁၄၈၉] (GP-၆၃၄၁/၂၀၁၄)က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ခင်ဆွေ၏အစုအားလည်းကောင်း၊ ကျန်အမည်ပေါက်ဖြစ်သူ ဒေါ်ခင်အုံး[၁၂/စခန(နိုင်)၀၂၁၈၆၅]နှင့်အတူ ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးမြလွင်-ဒေါ်ခင်လှတို့၏သမီး၊ မခင်သီတာနိုင် [၁၂/အလန(နိုင်)၀၃၈၂၁၆]သည် မိဘများ၏ဆိုဆုံးမမှုများကို နားမထောင်ဘဲ မိဘများ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအား အမွေပြတ် စွန့်လွှတ်ခြင်း ကြေညာအပ်ပါသည်။ ယနေ့မှစ၍ မခင်သီတာနိုင်နှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမြလွင်
[၁၂/အလန(ဧည့်)၀၀၀၀၈၃]
ဒေါ်ခင်လှ
[၁၂/အလန(နိုင်)၀၁၈၈၅၈]

ကျေးဇူးဆပ်

ကျွန်တော် မောင်ဇော်မိုးလတ်၏ GMDSS စာအုပ်စိမ်း No.5037 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၂၅၉၁၄၇၆၅၈**

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ၊ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားမရုံး၌
၂၀၁၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်(၇၆)
ကွယ်လွန်သူ ဒေါ်သိန်းမြင့်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း
ဒေါ်ခင်စီ လျှောက်သူ

အမှတ်-၇၃၁၊ ဗိုလ်လရောင်လမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်နေ ဒေါ်ခင်စီက ကွယ်လွန်သူ ဒေါ်သိန်းမြင့်၏ညီမအရင်းဖြစ်သည်၍ (အထက်ပါလိပ်စာ)နေ ၎င်းကွယ်လွန်သူ ဒေါ်သိန်းမြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သိန်းမြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ ဧပြီလ(၁၁)ရက် (၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၁၂ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ခင်စီ၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ မတ်လ(၂၈)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒေါ်ခင်သန်းဝင်း[၁၂/လသန(နိုင်)၀၀၆၃၄၈] အမှတ်(Q-21)၊ မြကန်သာ (၃)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူနှင့် အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဈေးလမ်း၊ အမှတ်(၁၄)(A-၆)နေ "ဟိန်းထက်လုပ်ငန်းစု" ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဖြစ်သူ ကိုအေးရန်နိုင်ကျော် [၁/မကတ(နိုင်)၀၇၅၆၂၄]၏ ညွှန်ကြားချက်အရ ၂၉-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာနှင့် ၃၀-၃-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာမှတစ်ဆင့်ဒေါ်ခင်သန်းဝင်း၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးအုန်းလွင်(ကညွတ်ကွင်း)နှင့် ဦးမျိုးအောင်တို့၏ ကြေညာချက်အပေါ် အောက်ပါအတိုင်း ရှင်းလင်းပြန်ကြားသိစေအပ်ပါသည်။

ကိုအေးရန်နိုင်ကျော်၏ ဖခင်ဖြစ်သူ ဦးကျော်မြင့်အောင်နှင့် လူကြီးမင်းတို့သည် ကညွတ်ကွင်းမြို့တစ်မြို့တည်း ကျောင်းနေဖက် ငယ်သူငယ်ချင်းများဖြစ်ကြသဖြင့် မိဘများ၏မိတ်ဆက်ပေးမှုအရ လူကြီးမင်းနှင့် လူကြီးမင်း၏သမီးတို့အား သိကျွမ်းခင်မင်ရင်းနှီးခဲ့ရပါသည်။ ကိုအေးရန်နိုင်ကျော်အနေဖြင့် မိဘများ၏ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ကိုယ်ပိုင်ငွေကြေးဝင်ငွေကောင်းသူတစ်ဦးဖြစ်ပါသည်။ ၂၂-၂-၂၀၁၄ရက်တွင် ကိုအေးရန်နိုင်ကျော်အနေဖြင့် ရန်ကုန်မြို့ ကရဝိက်နန်းတော်တွင် မင်္ဂလာပွဲကျင်းပခဲ့ပါသည်။ ထိုအခါမှစ၍ နှစ်ဖက်မိဘမိသားစုများ ဆက်ဆံရေးအဆင်မပြေဖြစ်လာပြီး မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ နောက်ပိုင်းတွင် လူကြီးမင်းအနေဖြင့် ကိုအေးရန်နိုင်ကျော်နှင့် မိဘများဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ငွေကြေးများတောင်းခံရယူထားသည်ဟုလည်းကောင်း၊ ကိုအေးရန်နိုင်ကျော် ကားဝယ်ရန်အတွက် ငွေကျပ်သိန်း (၂၀၀)တောင်းခံသဖြင့် ပေးအပ်ထားသည်ဟုလည်းကောင်း မမှန်မကန်စွပ်စွဲ ပြောဆိုကြေညာခဲ့ခြင်းသာ ဖြစ်ပါသည်။

ထိုသို့လူကြီးမင်းအနေဖြင့် အခြေအမြစ်မရှိသောစွပ်စွဲကြေညာချက်ကြောင့် ကိုအေးရန်နိုင်ကျော်နှင့် မိသားစုများ၏ငွေကြေးနှင့်အစားထိုးမရသော ဂုဏ်သိက္ခာထိခိုက်ကျဆင်းမှုလုပ်ငန်းနှင့် မိတ်ဆွေအသိုင်းအဝိုင်းပတ်ဝန်းကျင်တွင် အထင်အမြင်လွဲမှားမှုတို့ကြောင့် လူမှုရေး၊ စီးပွားရေးတို့များစွာ နစ်နာစေခဲ့ရပါသည်။ ထို့ကြောင့် လူကြီးမင်း၏ပြုမူဆောင်ရွက်ချက်များအပေါ် ကိုအေးရန်နိုင်ကျော်မှ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာသောအကျိုးဆက်များသည် လူကြီးမင်းအပေါ် တာဝန်ကျရောက်စေလိမ့်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအေးဇော်မင်း LL.B	**ဦးတင်ထွန်း H.G.P,LL.B (Advocate)**
အထက်တန်းရှေ့နေ(စဉ်-၂၈၅၁၄)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၆၀/၉၁)**
ဒေါ်မြတ်သီတာအောင်(LL.B)	**ဒေါ်ကြာညိုနှင်းရည်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၂၄၁၈)	**အထက်တန်းရှေ့နေ(စဉ်-၃၄၄၁၆)**

အမှတ်-(၁၃၂)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၁၉၂၅၆၊ ၀၉-၇၃၁၈၀၈၈၄၊ ၀၉-၇၃၁၃၅၇၄၅၊ ၀၉-၄၃၁၉၈၃၂၀

ဒေါ်ခင်သန်းဝင်း[၁၂/လသန(နိုင်)၀၀၆၃၄၈] အမှတ်(Q-21)၊ မြကန်သာ (၃)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူနှင့် အများသိစေရန်

နေပြည်တော်၊ မြို့မဈေး (ပ-၈၁) တွင် ဖွင့်လှစ်ထားသော Flower Light Mobile Shop၊ နေပြည်တော် မြို့မဈေးတွင် ဖွင့်လှစ်ထားသော 'စည်းစိမ်စံ'အလှပြင်ဆိုင်လုပ်ငန်းနှင့် 'ဟိန်းထက်လုပ်ငန်းစု'ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဖြစ်သူ ဒေါ်မြင့်မြင့်မော်အေး [၁၂/အစန(နိုင်)၀၀၆၆၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၉-၃-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာနှင့် ၃၀-၃-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတို့မှတစ်ဆင့် ဒေါ်ခင်သန်းဝင်း၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးအုန်းလွင် (ကညွတ်ကွင်း)နှင့် ဦးမျိုးအောင်တို့၏ ကြေညာချက်အပေါ် အောက်ပါအတိုင်း ရှင်းလင်းပြန်ကြား သိစေအပ်ပါသည်။

လူကြီးမင်း၏ ကြေညာစာတွင် ဖော်ပြထားသော နေပြည်တော်ရှိ Flower Light Mobile Shop "စည်းစိမ်စံ"၊ အလှပြင်ဆိုင်လုပ်ငန်းတို့မှာ ဒေါ်မြင့်မြင့်မော်အေးနှင့် သားသမီးတို့မှ လူကြီးမင်းနှင့် မတွေ့ဆုံမီကတည်းကပင် ကိုယ်တိုင်ထူထောင်လုပ်ကိုင်လျက်ရှိသောလုပ်ငန်းများဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှာ လူကြီးမင်း၏ ငွေကြေးအကူအညီ လုံးဝပါရှိခြင်းမရှိသည့်အပြင် လူကြီးမင်းနှင့် တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်မှုမရှိသောလုပ်ငန်းများသာ ဖြစ်ပါသည်။

ဒေါ်မြင့်မြင့်မော်အေး၏ သားဖြစ်သူ ကိုအေးရန်နိုင်ကျော် အနေဖြင့် ၂၂-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်ခန်းမတွင် မင်္ဂလာပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့စဉ်ကတည်းမှ လူကြီးမင်းနှင့် သမီးဖြစ်သူတို့နှင့် ပုဂ္ဂိုလ်ရေးမကျေနပ်မှု၊ မပြေလည်မှုများအပေါ် အာဃာတဖြင့် မမှန်မကန် လုပ်ကြံစွပ်စွဲပြောဆို ကြေညာလာခြင်းသာဖြစ်ပါသည်။ လူကြီးမင်း၏ကြော်ငြာစာတွင် ဖော်ပြထားချက်များနှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း ဖြေရှင်းတင်ပြရန် ခိုင်လုံသော အထောက်အထားများ ဒေါ်မြင့်မြင့်မော်အေးထံတွင် ရှိနေပါသည်။ လူကြီးမင်းအနေဖြင့် အခြေအမြစ်မရှိသော စွပ်စွဲကြေညာချက်ကြောင့် ဒေါ်မြင့်မြင့်မော်အေးနှင့် မိသားစုများ၏ ငွေကြေးနှင့် အစားထိုးမရသော ဂုဏ်သိက္ခာထိခိုက်ကျဆင်းမှု လုပ်ငန်းနှင့်မိတ်ဆွေအသိုင်းအဝိုင်းပတ်ဝန်းကျင်တွင် အထင်အမြင် လွဲမှားမှုတို့ကြောင့် လူမှုရေး၊ စီးပွားရေးတို့ များစွာနစ်နာစေခဲ့ရပါသည်။ ထို့ကြောင့် လူကြီးမင်း၏ပြုမူဆောင်ရွက်ချက်များအပေါ် ဒေါ်မြင့်မြင့်မော်အေးမှ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာသော အကျိုးဆက်များသည် လူကြီးမင်းအပေါ် တာဝန်ကျရောက်စေလိမ့်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးဇော်မင်း LL.B	**ဦးတင်ထွန်း H.G.P, LL.B (Advocate)**
အထက်တန်းရှေ့နေ (စဉ်-၂၈၅၁၄)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၆၀/၉၁)**
ဒေါ်မြတ်သီတာအောင် (LL.B)	**ဒေါ်ကြာညိုနှင်းရည် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၃၂၄၁၈)	**အထက်တန်းရှေ့နေ (စဉ်-၃၄၄၁၆)**

အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၁၉၂၅၆၊ ၀၉-၇၃၁၈၀၈၈၄၊ ၀၉-၇၃၁၃၅၇၄၅၊ ၀၉-၄၃၁၉၈၃၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂/သမိုင်း၊ မြေကွက်အမှတ်(၂/အ-၁၈)၊ မြေကွက်တည်နေရာအမှတ်-၂၇/ဘီ၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးတင်ဝင်း) အမည်ပေါက် ဘီ-လ/န-၃၉၊ အိမ်ရာမြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်အုန်းကြင်မှ (တရားလို) ပြုလုပ်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးတင်ဝင်း၊ ဒေါ်မြစိန်တို့အား (တရားပြိုင်)ထား ရှိပြီး မရမ်းကုန်းမြို့နယ်တရားရုံး တရားမမှုအမှတ်-၅၆/၂၀၁၃ဖြင့်တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်(၇/၂၀၁၄)ဖြင့် တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်)[၁၁/ကတန(နိုင်)၀၀၀၆၇၄]မှ တရားရုံးဒီကရီ တရားရုံးမှ တာဝန်ပေးအပ်စာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်-၁၁၇၇/ခ၊ မြေကွက်တည်နေရာအမှတ်(၁၁၇၇/ခ)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဝင်းကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းကြည် ကွယ်လွန်သဖြင့် ဒေါ်သိန်းဝင်း[၁၂/ဥကတ(နိုင်)၁၂၂၅၆၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၆)၊ အနော်ရထာလမ်း၊ အကျယ်အဝန်း အလျား ပေ၄၀×အနံပေ၆၀ဟုခေါ်တွင်သော နှစ်(၆၀)ဂရန် ဦးစိုင်းမင်းဦး (အမည်ပေါက်)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်အရပ်ကတိစာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူခဲ့ပြီး လက်ရှိပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဇေယျ[၁၂/ဥကတ(နိုင်)၁၄၉၉၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးထွန်း[၁၂/လသန(နိုင်)၀၀၀၉၃၆]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုလုပ်သော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြေညာသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်မော် (LL.B ,D.B.L)
အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး(စဉ်-၁၉၂၇၄)
အမှတ်(၅၀)၊ ဇဋိလလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၇၃၀၁၇၆၉၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်သူရိန်ထွန်း[၁၂/သကတ(နိုင်)၁၆၉၅၁၄] သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်မှု ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးတင်မောင်ထွေး
[၁၂/သကတ(နိုင်)၀၂၅၃၈၅]

မွေးသက္ကရာဇ် အမှန်

အဖ ဦးတေဇာစိုးလွင်၏သမီး မထားအိအိလွင်[၁၂/ကမရ(နိုင်)၀၆၇၃၆၂]၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၉-၂၀၀၂ ဖြစ်ပါသည်။

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့